တက္ကသိုလ်သီဟအောင်

# ကြောင်ရဲတိုက်

နှစ်အုပ်တွဲသိုင်းစာစဉ်




ဝမ်အင်း၏ ချစ်ချောက်


1997

သိုင်းစာစဉ်များpage.

14.8.2018

ဇော်ရဲအောင်(TZ)

Alien မှ pdf အဖြစ် စကန်ဖတ်သည်


ဘ ဣ သို လိ
သိဟင်ဒေါင်
ကောရှာင်ရဲတိုက်
မ+စု
နှစ်ခန်းပါတွဲ

| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၄၅၂/၉၇ (၉) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ၄၆၄/၉၇ (၁၀) |
| ထုတ်ဝေကာလ | ၁၉၉၇-ခုနှစ် |
| အုပ်ရေ | ၄၀၀ |
| တန်ဖိုး | ၁၀၀ ကျပ် |
| ထုတ်ဝေသူ | ဦးကျော်ကျော် (မြဲ-၀၃၃၁၁)<br>ဝဏ္ဏထွန်းစာပေ<br>အမှတ်-၉၀(ဘီ)၊ ၅-လမ်း<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ။ |
| ပုံနှိပ်သူ | ဦးလှသိန်း<br>လှသိန်းဦးပုံနှိပ်တိုက်<br>အမှတ် ၁၂ ဒါနလမ်း၊<br>သာယာကုန်းရပ်ကွက်၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ ။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း (မြဲ ၀၂၄၃၁)<br>နေလရောင် အော့ဖ်ဆက်<br>၉၆/၁၊ ၁၁ လမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ။ |



တက္ကသိုလ်သီယာဝေအောင်


# ကောရာဇ်ရဲ့တိုက်

(နှစ်အုပ်တွဲ သိုင်းဆာဇ်ဦးဖိုင်း)

(နှစ်အုပ်တွဲ ဆိုင်းစာစဉ်)

# တက္ကသိုလ် သီဟအောင်

# ကေရာဇ်ရဲတိုက်

(ပထမပိုင်း)

## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | .... | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | .... | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | .... | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

ဦးတက်ရေးစာပေ

နံနက်ခင်း နေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

စီကျူးမြို့နှင့် ဝေမြို့သို့ ဆက်သွယ်ထားသည့် လမ်းမကြီးမှာ ဖြောင့်ဖြူး သာယာလျက်ရှိပြီး လမ်းသွားလမ်းလာများ၊ ခရီးသည်များဖြင့် စည်ကား အသက်ဝင်နေလေသည်။

ထိုခရီးသွား လမ်းမကြီးသည် ရှစ်မိုင်ခန့် ရှည်လျားသည်။

လမ်းတစ်လျှောက်တွင် ရွာကလေးများ၊ ကြားစခန်းများ၊ မြို့ငယ်များ၊ တောအုပ်များ၊ လယ်ကွင်းများနှင့် ချောင်းငယ် မြောင်းငယ်များ ရှိနေသည်။

လုံယီသည် 'ပေကျေး' ရွာမှ ကုန်စုံဆိုင်ပိုင်ရှင်တစ်ဦး ဖြစ်သည်။

သူ၏ကုန်စုံဆိုင်သည် ရွာအရှေ့ဖျား ခရီးသွားလမ်းမကြီး ပေါ်မေးတင်ကာ ဖွင့်လှစ်ထားခြင်း ဖြစ်သည်။

သူ၏ကုန်စုံဆိုင်နှင့် ယှဉ်လျက်တွင် အခြားရွာသားများက ဈေးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်၊ တည်းခိုခန်း စသည့်ဆိုင်များ ဖွင့်လှစ်ထားသည်။

ဖြတ်သန်း သွားလာကြသော ခရီးသည်များ၊ ကုန်များကို အမှီပြု၍ စီးပွားရှာကြခြင်း ဖြစ်လေသည်။

ယနေ့ ...

နံနက်စောစောကပင် လုံယိသည် သူ၏ကုန်စုံဆိုင်ကိုဖွင့်လိုက်ပြီး အလုပ်သမားတစ်ယောက်ကို အစောင့်ထားကာ 'လူဝ' လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့လေသည်။

ဤသည် နံနက်ခင်းတိုင်း နိစ္စဓူဝ ပြုလုပ်နေကျ လုံယိ၏ အကျင့်ဖြစ်သည်။

လူဝလက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည် သောက်မည်။ မုန့်စားမည်။

ထို့နောက်....

မိတ်ဆွေများနှင့် ရောက်တတ်ရာရာ ပြောဆိုမည်။

လုံယိက လက်ဖက်ရည်ဆိုင်သို့ ရောက်လာသောအခါ သူ၏ မိတ်ဆွေနှစ်ယောက် ရောက်နှင့်နေပြီ ဖြစ်သည်ကို တွေ့ရလေသည်။

'လုံယိ....ခင်ဗျား နောက်ကျတယ်'

မိတ်ဆွေတစ်ယောက်က လှမ်းပြီး နှုတ်ဆက်လိုက်လေသည်။

လုံယိက....



'ဒါတိုင်းအချိန်ပါပဲဗျာ၊ ဒီကနေ့မှ ခင်ဗျားတို့က ဝီရိယ ကောင်းနေကြတာကိုး'

ပြောပြောဆိုဆို ထိုင်ခုံတစ်လုံးဆွဲကာ ဝင်ထိုင်လိုက်လေသည်။

ဆိုင်လုလင်တစ်ယောက်က အလိုက်သိစွာပင် လက်ဖက်ရည်နှင့် မုန့်များ လာချပေးသည်။

လုံယိသည် စားသောက်ရင်း မိတ်ဆွေနှစ်ယောက်နှင့်အတူ ရောက်တတ်ရာရာ ပြောဆိုနေလိုက်လေသည်။

ထိုစဉ်....

'ခွပ်ခွပ်... ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အစိမ်းရောင်ဆင်တူ ဝတ်ထားကြသော မြင်းစီးသမားတစ်စုသည် လက်ဖက်ရည်ဆိုင်လေး ရှေ့မှ ဖြတ်သန်းသွားကြလေသည်။

ထိုမြင်းစီးသမားတစ်စုကို မြင်လျှင် လုံယိ၏မျက်နှာ ခက်ထန်တင်းမာသွားလေသည်။

သူ၏ မိတ်ဆွေတစ်ယောက်က....

'ကေရာဇ်ရဲတိုက်မှာ ရဲတိုက်ရှင်ကြီးရဲ့ နှစ်ငါးဆယ်ပြည့် မွေးနေ့ပွဲ မကြာခင် ကျင်းပတော့မယ်ဗျ'

ဟု ပြောလေသည်။

ကျန်တစ်ယောက်က....

'ဟုတ်တယ်ဗျို့....မွေးနေ့ပွဲကို အယုတ်အလတ်အမြတ်မရွေး မည်သူမဆို တက်ရောက်နိုင်တယ်လို့ ကြေညာထားတယ်'

လုံယီက....

'အဲဒါ မွေးနေ့လက်ဆောင် လိုချင်လို့ တမင် အကွက်ထွင်တာဗျ'

ဟု ပြောလိုက်သည်။

သူ၏မျက်နှာ ခက်ထန်နေသလို သူ၏လေသံလည်း မာကြော၍ နေလေသည်။

သူ၏ မိတ်ဆွေနှစ်ယောက်သည် အံ့ဩသလို လှည့်လာကြလေသည်။

လုံယီက...

'ကျုပ်တို့က ဒီအရပ်ဒီဒေသမှာ ဘိုးစဉ်ဘောင်ဆက် နေထိုင်လာကြတာ လွတ်လွတ်လပ်လပ်ပဲ၊ ကေရာဇ်ရဲတိုက် ထူထောင်လိုက်တော့မှ ဘာပဲလုပ်လုပ် သူတို့ကို အသိပေး အကြောင်းကြားနေရတယ်၊ တစ်နှစ်တစ်ခါ လက်ဆောင်ပဏ္ဏာ ဆက်သနေရတယ်၊ ကျုပ်တော့ သူတို့ကို လုံးဝမကျေနပ်ဘူးဗျ'

ဟု ဆက်ပြောလေသည်။

သူ၏ မိတ်ဆွေနှစ်ယောက် မျက်စိမျက်နှာ ပျက်သွားကြလေတော့သည်။

ကေရာဇ်ရဲတိုက်....

ကေရာဇ်ရဲတိုက်ကို အားလုံးက ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ ပြယုတင်္ဂစ်ခုအဖြစ် သိရှိထားကြလေသည်။



မည်သူကမျှ ကေရာဇ်ရဲတိုက် မကောင်းကြောင်းမပြောဝံ့ကြပါ။

ကေရာဇ်ရဲတိုက်အား ဝေဖန်သူ၊ ပုတ်ခတ် ပြောဆိုသူများသည် တစ်နည်းမဟုတ် တစ်နည်းဖြင့် ဒုက္ခရောက်တတ်ကြသည် မဟုတ်ပါလား။

ယခု....

လုံယီက ကေရာဇ်ရဲတိုက် အကြောင်းကို မကျေမနပ် ပြောဆိုဝေဖန်နေပါသည်။

သူ၏ မိတ်ဆွေတစ်ယောက်က....

'လုံယီ....ဒါတွေ ပြောမနေပါနဲ့ဗျာ၊ မနက်ခင်းလေးမှာ လက်ဖက်ရည်သောက်ရတာ အရသာပျက်ပါတယ်'

ဟု ဟန့်လိုက်သည်။

ကျန်တစ်ယောက်ကလည်း....

'ဟုတ်ပါတယ်လေ၊ ကေရာဇ်ရဲတိုက်ဟာ ခင်ဗျားတို့ ကျုပ်တို့လို သာမန်လူတွေမှ မဟုတ်ကြဘဲဗျ၊ မဝေဖန်တာ ကောင်းပါတယ်ဗျာ'

ဟု ပြောလေသည်။

လုံယီက....

'ဒါကြောင့် ခက်နေတာပေါ့၊ သူတို့ကို မပြောရဲကြလေ သူတို့က ပိုပြီး အတင့်ရဲကြလေပေါ့၊ သူတို့မရှိလို့ ကျုပ်တို့ဒေသ

ဆုတ်ယုတ် ပျက်စီးသွားစရာအကြောင်း မရှိပါဘူး၊ သူတို့လူတွင်ကျယ် လုပ်နေကြလို့သာ ကျုပ်တို့ ခေါင်းပုံဖြတ် ခံနေရတာ'

ဟု ဒေါ်နှင့်မောနှင့် ပြောလာလေသည်။

သူ၏ မိတ်ဆွေနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

ကေရာဇ်ရဲတိုက်မှ လူများသည် နေရာအနှံ့ ရှိနေပါ၏။

နောက်ဆုံး လက်ဖက်ရည်ဆိုင် ပိုင်ရှင်သည်ပင် ကေရာဇ်ရဲတိုက်ကို လိုလားသူ ဖြစ်နိုင်သေးသည် မဟုတ်ပါလား။

ဘာကိုမှ စိတ်မချရသည့် အခြေအနေ ဖြစ်ပါသည်။

ထို့ကြောင့်....

'ကဲ... စကား ပြောလို့တော့ ကောင်းပါရဲ့၊ ကျုပ်မှာ လုပ်စရာ အလုပ်လေးတွေရှိသေးလို့ သွားလိုက်ဦးမယ်ဗျို့'

တစ်ယောက်က ကောက်ကာငင်ကာ နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

ကျန်တစ်ယောက်ကလည်း....

'ဟုတ်သားပဲ၊ ကျုပ်လဲ သွားစရာရှိသေးတာ ခုမှ သတိရတယ်'

ဟု ပြောကာ ထွက်သွား၏။

လုံယိ တစ်ယောက်တည်း မကျေမနပ်ဖြင့် ကျန်ရစ်ခဲ့လေတော့သည်။



'မကောင်းမှုတွေလဲ လုပ်သေးတယ်၊ တစ်နယ်လုံးကိုလဲ လက်ဝါးကြီး အုပ်ထားချင်တဲ့ ကေရာဇ်ရဲတိုက်ကို ဘာကြောင့် ဒီလောက်တောင် ကြောက်နေကြတာမလဲ၊ ကျုပ်ကတော့ တစ်နေ့ကျရင် ပြတ်ပြတ်သားသား ရင်ဆိုင်ပစ်လိုက်မှာပဲ'

ကေရာဇ်ရဲတိုက်ပိုင်ရှင်၏ မွေးနေ့ပွဲမင်္ဂလာကို ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့လေသည်။

ဧည့်ပရိသတ်ပေါင်း တစ်ထောင်ကျော်မျှ တက်ရောက်ခဲ့ကြလေသည်။

ကြွရောက်လာသည့် ပရိသတ်များအား လိုလေသေးမရှိ ဧည့်ခံကျွေးမွေးသလို အဖိုးတန်လက်ဆောင်ပစ္စည်းများ ကိုယ်စီကိုယ်ငှ ပေးအပ်လေသည်။

ကေရာဇ်ရဲတိုက်ပိုင်ရှင်၏ မွေးနေ့ပွဲမှ ထူးခြားချက်တစ်ရပ်မှာ အကြောင်းကိစ္စကြီးငယ်ရှိ၍ လာရောက် အကူအညီတောင်းသူများအား ရဲတိုက်ပိုင်ရှင်ကိုယ်တိုင် လက်ခံတွေ့ဆုံကာ အကူအညီပေးခြင်း ဖြစ်လေသည်။

သပ်သပ်ရပ်ရပ်ရှိသော အခန်းလေး ဖြစ်ပါသည်။

အခန်းတွင်း၌ ပရိဘောဂပစ္စည်းဟူ၍ စားပွဲတစ်လုံးနှင့် ကုလားထိုင်နှစ်လုံးသာလျှင် ရှိလေသည်။

ကုလားထိုင်တစ်လုံးတွင် အသက်ငါးဆယ်ရှိ အဘိုးအိုတစ်ယောက် ထိုင်နေ၏။

အဖြူရောင်ချည်ထည် အဝတ်အစားများ ဝတ်ဆင်ထားသည်။

အမှတ်တမဲ့ဆိုလျှင် လယ်သမား အဘိုးအိုတစ်ယောက်ဟု ထင်ရမည် ဖြစ်သည်။

ဟိတ်ဟန်ထုတ်ခြင်း၊ မော်ကြွားခြင်း၊ မောက်မာခြင်း စသည့် အသွင်လက္ခဏာမျိုး မရှိပါ။

ရိုးရိုးကုပ်ကုပ် နေတတ်သူတစ်ယောက်၊ ပကာသနမရှိသူတစ်ယောက်အသွင်မျိုး ဖြစ်သည်။

သို့သော်....

ထိုအဘိုးအိုသည် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားနေသော ကေရာဇ်ရဲတိုက်ပိုင်ရှင် 'ချန်းကုမု' ဖြစ်လေသည်။

ခြေသံများ ထွက်ပေါ်လာသည်။

ဖွင့်ထားသော တံခါးပေါက်မှတစ်ဆင့် လူတစ်ယောက် အခန်းအတွင်းသို့ ဝင်ရောက်လာလေသည်။

ထိုလူမှာ အသက်လေးဆယ်ခန့် ရှိလေသည်။

ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိပြီး ဆင်းရဲနွမ်းပါးပုံ ရသည်။



သို့သော်....

အဝတ်အစားများကို အကောင်းဆုံးနှင့် သပ်သပ်ရပ်ရပ်ဖြစ်အောင် ဝတ်ဆင်ထားလေသည်။

ထိုလူသည် ကေရာဇ်ရဲတိုက်ပိုင်ရှင် ချန်းကုမုရှိရာသို့ အခန်းတွင်းသို့ ဝင်ရောက်လာရခြင်းဖြစ်၍ မဝံ့မရဲဖြစ်နေပုံရ၏။

အနည်းငယ် တွန့်ဆုတ် ဆုတ်ဆုတ် ဖြစ်နေ၏။

ချန်းကုမုနှင့် မလှမ်းမကမ်းတွင် ခြေလှမ်းရပ်ကာ ခါးကိုင်းသွားအောင် ဦးညွှတ် ဂါရဝ ပြုလိုက်လေသည်။

ချန်းကုမုက....

'လီထင်း .. လာပါ၊ ကျုပ်ရှေ့မှာထိုင်ပါ'

ဟု ခေါ်လိုက်လေသည်။

ထိုလူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

သူသည် ထင်းခုတ်ပြီး အသက်မွေးဝမ်းကျောင်းပြုရသူဖြစ်သည်။

သူတို့မိသားစုသည် အလွန်ဆင်းရဲနွမ်းပါးပြီး မည်သူကမျှ လူရာမသွင်းကြချေ။

ကေရာဇ်ရဲတိုက်ပိုင်ရှင်က မည်သူကမျှ အလေးထားသည့် သူ၏အမည်ကို သိနေသည် မဟုတ်ပါလား။

သူက ကေရာဇ်ရဲတိုက်သို့ တစ်ကြိမ်တစ်ခါမှ မရောက်ခဲ့ဘူးခြင်းလည်း မရှိပါ။

သူ့တွင် အခက်အခဲတစ်ခု ကြုံတွေ့နေရပြီး ကေရာင်ရဲတိုက်ပိုင်ရှင်သည် မွေးနေ့ပွဲ၌ လာရောက်အကူညီတောင်းသူများအား အယုတ်, အလတ်, အမြတ်မရွေး ကူညီလေ့ရှိသည်ဟု သိရခြင်းကြောင့် အရဲစွန့်ကာ လာရောက် အကူအညီတောင်းခြင်း ဖြစ်လေသည်။

လီထင်းသည် မဝံ့မရဲဖြင့် ရှေ့သို့တိုးသွား၏။

ချန်းကုမုက ...

'ထိုင်ပါ'

မျက်နှာချင်းဆိုင်မှထိုင်ခုံတွင် ထိုင်ခိုင်းသဖြင့် ကပျာကယာဝင်ထိုင်လိုက်ရလေသည်။

ချန်းကုမုက....

'မင်းဟာ ကျုပ်ဆီက အကူအညီတောင်းဖို့ လာခဲ့တယ်လို့ကျုပ် သိရတယ်'

အလွန် သိမ်မွေ့ညင်သာသော လေသံဖြင့် စကားစလာသည်။

လီထင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ် ...ဟုတ်ပါတယ် ခင်ဗျာ'

ချန်းကုမုက ...

'ကျုပ်ရဲ့မွေးနေ့မှာ အကူအညီတောင်းလာရင် ဘယ်သူ့ကိုပဲဖြစ်ဖြစ် မွေးနေ့လက်ဆောင်အနေနဲ့ ကူညီသွားမယ်လို့ကျုပ်က ဆုံးဖြတ်ထားခဲ့တယ်၊ ကဲ ...မင်း ဘယ်လို အကူအညီ



များ လိုအပ်နေသလဲ၊ ကျုပ် ဘယ်လို ကူညီရမလဲဆိုတာပြောပါ'

ဟု ပြောလိုက်လေသည်။

ချန်းကုမု၏ တည်ကြည်သောရုပ်သွင်၊ တည်ငြိမ်သောအသံ၊ နွေးထွေးသော ကြိုဆိုမှုတို့ကြောင့် လီထင်း အားတက်လာလေသည်။

ချန်းကုမုသည် သူ့အား အမှန်တကယ် ကူညီနိုင်မည့်သူဟုလည်း ယုံကြည်လာလေသည်။

ထို့ကြောင့်....

'ရဲတိုက်ပိုင်ရှင်ကြီး ခင်ဗျား၊ ကျုပ်ဟာ ဆင်းရဲတဲ့ ထင်းခုတ်သမား တစ်ယောက်ပါ၊ ကျုပ်တို့ ဇနီးမောင်နှံဟာ ထမင်းနပ်မှန်အောင် စားရဖို့တောင် အတော် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရပါတယ်၊ မကြာသေးခင်က ကျွန်ုပ်ရဲ့ ဇနီးသည်ဟာ နေထိုင်မကောင်းဖြစ်ပြီး အိပ်ရာထဲလဲခဲ့ပါတယ်၊ သူ့ကိုဆေးကုပေးဖို့သမားတော်သွားပြတော့ သမားတော်ကြီးတောင်းတဲ့ ငွေကိုပေးစရာမရှိတဲ့အတွက် ဆေးမကုခဲ့ရပါဘူး၊ လိုက်လံ ချေးငှားတော့လဲ ဆင်းရဲလွန်းတဲ့ ကျွန်ုပ်ကို ဘယ်သူကမှ ငွေမချေးကြပါဘူး၊ ငွေမရှိတာနဲ့ ကျုပ်ရဲ့ဇနီးသည် ဆေးမကုနိုင်ဘဲ သေရမလိုဖြစ်နေပါပြီ၊ အဲဒါ ရဲတိုက်ပိုင်ရှင်ကြီး ကူညီပါလို့ အနူးအညွတ်တောင်းပန်ပါတယ်'

ဟု တုန်တုန်ယင်ယင်ဖြင့် ပြောပြလေသည်။

ချန်းကုမုက ...

'ကောင်းပြီလေ ...မင်းလိုတဲ့ ငွေရော မင်းရဲ့ ဇနီးသည်ကို ဆေးကုပေးဖို့ သမားတော်တစ်ယောက်ကော မင်းရဲ့အိမ်ကို ရောက်လာပါလိမ့်မယ်'

ဟု ပြောလေသည်။

ရဲတိုက်ပိုင်ရှင်ကြီး တစ်ယောက်က အညာတြ ထင်းခုတ်သမား တစ်ယောက်အား လိုလိုလားလား အကူအညီပေးသည်မှာ မယုံနိုင်စရာ ကောင်းလှပေသည်။

သို့သော်....

ချန်းကုမုသည် ပြောသည့်အတိုင်း ကူညီမည့်သူဖြစ်ကြောင်း လီထင်း ယုံကြည်မိလေသည်။

လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်ရင်း....

'ရဲတိုက်ပိုင်ရှင်ကြီးရဲ့ ကျေးဇူးကို ဘယ်လို ပြင်ဆပ်ရမှန်းတောင် မသိတော့ပါဘူး'

ဟု တုန်ယင်လှိုက်လှဲသော လေသံဖြင့် ပြောမိလေသည်။

ချန်းကုမုက....

'ကိစ္စမရှိပါဘူး၊ ကျုပ်လိုချင်တာကတော့ ကျုပ်အကူအညီလိုတဲ့ အချိန် ကျုပ်ကိုပြန်ပြီး ကူညီမယ်ဆိုတဲ့ ကတိပဲ'

အညာတြ ထင်းခုတ်သမားတစ်ယောက်ထံမှ ရဲတိုက်ပိုင်ရှင်ကြီး တစ်ယောက်က အကူအညီ ပြန်တောင်းရလိမ့်မည် ဆိုသည်မှာ ရယ်စရာ ကောင်းလှပေသည်။



သို့သော်....

ချန်းကုမုက တည်ကြည်သော မျက်နှာထားဖြင့် ပြောနေခြင်း ဖြစ်သည်။

လီထင်းက ...

'စိတ်ချပါ၊ ကျွန်ုပ်အသက်နဲ့အတူ တန်ဖိုးထားတဲ့ ကတိကို ပေးပါတယ်'

ချန်းကုမု ပြုံးလိုက်သည်။

'မင်းရဲ့ဇနီးသည် မကြာခင် ရောဂါဝေဒနာ သက်သာပျောက်ကင်းသွားပါစေလို့ ဆုတောင်းလိုက်ပါတယ်'

လီထင်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ် ခံစားလာရလေသည်။

သူ၏ဘဝ တစ်သက်တာတွင် ပထမဆုံးအကြိမ် လူသား တစ်ယောက် အဖြစ် ဆက်ဆံခြင်း ခံလိုက်ရသည် မဟုတ်ပါလား။

သူတို့၏တွေ့ဆုံမှုသည် ပြီးဆုံးသွားပြီဟု လီထင်း နားလည်လိုက်လေသည်။

ထိုင်ရာမှထကာ ထပ်ခါထပ်ခါဦးညွတ်လိုက်ပြီး ကျိုးနွံစွာဖြင့် အခန်းတွင်းမှ ထွက်သွားလေတော့သည်။

❦

ရှောက်ကုံး...

ရှောက်ကုံးသည် အသက်သုံးဆယ်ကျော်ခန့်သာ ရှိသေးသည် ဖြစ်သည်။

အလုပ်ကြိုးစားပြီး အောင်မြင်စပြုနေသည့် စီးပွားရေး လုပ်ငန်းများ ပိုင်ဆိုင်ထားသူလည်း ဖြစ်သည်။

ယခု...

ရှောက်ကုံးသည် ချန်းကုမုထံသို့ ရောက်ရှိလာလေသည်။

'ထိုင်ပါ'

ချန်းကုမုက ထုံးစံအတိုင်း နွေးထွေးစွာဖြင့် ဆီးကြိုလိုက်၏။

ရှောက်ကုံးသည် ဦးညွှတ် အရိုအသေပေးကာ ထိုင်ချလိုက်လေသည်။

ချန်းကုမုက....

'မင်းဟာ ကျုပ်ဆီက ဘယ်လိုအကူအညီမျိုး မျှော်လင့်ထားသလဲ ဆိုတာ ပြောပါဦး'

ဟု လာရင်းကိစ္စ ပြောနိုင်ရန် လမ်းဖွင့် ပေးလိုက်လေသည်။

ရှောက်ကုံးက....

'ကျွန်တော်ဟာ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်နေသူတစ်ယောက် ဖြစ်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ရဲ့ လုပ်ငန်းတွေကို စီးပွားပြိုင်ဘက်တွေက ဖျက်လိုဖျက်ဆီး လုပ်နေကြတာမို့ ကာကွယ် စောင့်ရှောက်ပေးဖို့ မေတ္တာရပ်ခံပါတယ် ခင်ဗျာ'



ဟု ပြောလေသည်။

သူတောင်းဆိုသည့် အကူအညီမှာ စီးပွားရေးကိစ္စနှင့် ဆက်နွယ်နေ၏။

ချန်းကုမုက....

'ကောင်းပြီလေ၊ မင်းဆန္ဒ ပြည့်ဝသွားပြီလို့ မှတ်ယူထားလိုက်ပါ၊ အသေးစိတ် ဆက်ပြီး တိုင်ပင်ဆွေးနွေးဖို့ ကျုပ်လူ တစ်ယောက်ကို လွှတ်လိုက်ပါမယ်'

ဟု ပြောလိုက်၏။

ရှောက်ကုံး ဝမ်းသာသွားလေသည်။

'ရဲတိုက်ရှင်ကြီးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ'

သူက ဦးညွှတ်ဂါရဝပြုပြီး အခန်းတွင်းမှ ထွက်သွားလေသည်။

လာရောက် အကူအညီ တောင်းကြသူများမှာ ပြဿနာ အမျိုးမျိုး ရှိနေကြလေသည်။

သို့သော်....

ချန်းကုမုသည် အားလုံး စိတ်တိုင်းကျ ကူညီနိုင်ခဲ့လေသည်။

သူ့ထံသို့ လာရောက် အကူအညီတောင်းသူများအား သူက ကတိတစ်လုံးသာ ပြန်တောင်းခဲ့လေသည်။

အကယ်၍ ...

သူ့ အကူအညီ လိုအပ်လာပါက အချိန်မရွေး ပြန်လည် ကူညီပါမည်ဆိုသော ကတိ ဖြစ်လေသည်။

လုံယိမျက်နှာ မသာမယာဖြစ်နေသည်။

အစိမ်းရောင် ဝတ်ထားပြီး ရည်ရည်မွန်မွန်ရှိသော လူငယ် တစ်ယောက်က ...

'ရဲတိုက်ပိုင်ရှင်ကြီး စောင့်နေပါတယ်၊ အထဲကို ဝင်သွားနိုင်ပါပြီ ခင်ဗျာ'

ဟု ပြောလာတော့မှ ထိုင်ရာမှ ထလိုက်မိလေသည်။

ရဲတိုက်ပိုင်ရှင် ချန်းကုမုထံတွင် လာရောက် အကူအညီ တောင်းသူများပြားလှလေသည်။



ထို့ကြောင့်....

အလှည့်ရောက်အောင် လုံယိက ထိုင်စောင့် နေခဲ့ရခြင်း ဖြစ်သည်။

ယခုတော့ သူ့အလှည့် ရောက်လာခဲ့ပြီ ဖြစ်လေသည်။

လုံယိသည် လေးကန်ဖင်နွဲ့သော ခြေလှမ်းများဖြင့် အခန်းတွင်းသို့ ဝင်လာခဲ့လေသည်။

အခန်းတွင်း၌ ရဲတိုက်ပိုင်ရှင် ချန်းကုမုက အသင့်စောင့်ကြိုနေပါသည်။

'ထိုင်ပါ'

ချန်းကုမုက ထိုင်ခိုင်းသည်။

သို့သော်....

သူမ၏ အသံသည် အခြားသူများနှင့် ဆက်ဆံသကဲ့သို့ နွေးထွေးမှု ရှိမနေပါချေ။

ဝတ်ကျေ ဝတ်တန်း ဆက်ဆံသည့် သဘောမျိုးသာဖြစ်သည်။

လုံယိသည် ဤနေရာသို့ လာခဲ့သည်မှာ မှားပြီဟု တွေးလိုက်မိ၏။

သမီးဖြစ်သူ လုံမေ၏ မျက်နှာကို ကွက်ခနဲ မြင်ယောင်လာမှု့တွင် အားကိုးစရာ ရဲတိုက်ပိုင်ရှင် ချန်းကုမုသာ ရှိတော့သည်ဟု နားလည်မိပြီး ထိုင်ချလိုက်လေသည်။

ချန်းကုမုက....

'ခင်ဗျားဟာ ကေရာင်ရဲတိုက် မကောင်းကြောင်းကို အမြွတမ်းပြောတယ်၊ ကျုပ်တို့အပေါ် မကျေမနပ် မုန်းတီးနေတယ်ဆိုတာတွေ ကျုပ် သိပြီးပါပြီ၊ ခုလို ကျုပ်ဆီကိုလာပြီး အကူအညီတောင်းတဲ့အတွက် အံ့ဩမိသေးတယ်'

ဟု ပြောလေသည်။

ဒေါသသံမပါ၊ နိုင်ထက်စီးနင်း ပြောဆိုလာခြင်းလည်း မဟုတ်၊ ပကတိ ခံစားချက် ကင်းမဲ့သော အသံမျိုးဖြင့် ပြောခြင်း ဖြစ်လေသည်။

လုံယိမှာ ကိုယ့်အပြစ်နှင့် ကိုယ်မို့ စိတ်မဆိုးရဲပါ။

ကေရာင်ရဲတိုက်အပေါ် အထင်မကြီးခြင်း၊ မဆက်ဆံလိုဘဲ ရှောင်ဖယ်ခြင်း၊ မကျေနပ်သည့်စကား ပြောခြင်းများကို သူက ကျူးလွန်ခဲ့သည် မဟုတ်ပါလား။

ချန်းကုမုက....

'ကဲ....ကျုပ် ဘာကူညီရမလဲ ပြောပါ'

ဟု မေးလေသည်။

လုံယိသည် မာန်မာနရှိသူတစ်ယောက် အသွင်မျိုး မဟုတ်တော့ပါ။

ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး ဖြစ်နေပေပြီ။

ချန်းကုမုကို ဦးညွှတ်လိုက်ပြီး....

'ကျုပ်ရဲ့ သမီးကို ဝေမြို့က သူဌေး ယို့ဟုန်ရဲ့သားက စော်ကားဖျက်ဆီးလိုက်ပါတယ်၊ အဲဒါ....'



သူ၏ စကားမဆုံးမီ ချန်းကုမုက ကြားဖြတ်ပြောလိုက်လေသည်။

'ခင်ဗျားက ဝေမြို့ကို လိုက်သွားပြီး ခင်ဗျားသမီးရဲ့ကိစ္စ ဖြေရှင်းပေးဖို့ သူဌေးယို့ဟုန်ကို သွားပြောခဲ့တယ် မဟုတ်လား'

လုံယိ အံ့ဩသွား၏။

ချန်းကုမုသည် သူ၏ လုပ်ရပ်များကို သိနှင့်နေသည် မဟုတ်ပါလား။

မငြင်းနိုင်သဖြင့်....

'ဟုတ်....ဟုတ်ပါတယ်ဗျာ'

ဟု ဝန်ခံလိုက်ရ၏။

ချန်းကုမုက....

'သူဌေးယို့ဟုန်က ဖြေရှင်းမပေးတဲ့အပြင် ခင်ဗျားကိုမောင်းထုတ်ပစ်လိုက်တယ်၊ ဝေမြို့စားက အရေးယူ ဖြေရှင်းမပေးတဲ့အပြင် သူဌေးယို့ဟုန်ရဲ့ ဂုဏ်သရေကို ဖျက်လို့ ခင်ဗျားကိုတောင် အရေးယူမယ်လို့ ခြိမ်းခြောက်လိုက်သေးတယ် မဟုတ်လား'

'ဟင်'

လုံယိ ပါးစပ် အဟောင်းသား ဖြစ်သွားလေသည်။

သူ့အကြောင်းကို အူမချေးခါးမကျန် ချန်းကုမုက သိရှိနေခြင်းကြောင့် ဖြစ်လေသည်။

သူက ချန်းကုမုကို လုံးဝ ဂရုမစိုက်ခဲ့ပါ။

သူ့သမီး လုံမေကိစ္စ သူကိုယ်တိုင် ဖြေရှင်းခဲ့သည်။

သူဌေး ယို့ဟုန်က ငြင်းဆန်သောအခါ ဝေမြို့စားက တရားမျှတစွာ စီရင်ဆုံးဖြတ်ပေးလိမ့်မည်ဟု ယုံကြည်ခဲ့သည်။

သို့သော်....

ဝေမြို့စားသည် မျက်နှာကြီးရာ ဟင်းဖတ်ပါဆိုသလို သူဌေးယို့ဟုန်ဘက်မှ ရပ်တည်လိုက်သဖြင့် မရှုမလှ အရေးနိမ့်ခဲ့ရလေသည်။

လုံယိသည် သမီးဖြစ်သူ၏ ကိစ္စကြောင့် အိပ်မပျော်သွားမဝင်ဖြစ်ခဲ့လေသည်။

မတရားသဖြင့် ကြုံခဲ့ရသည်မို့ နောက်ဆုံးတွင် ချန်းကုမုထံလာရောက် အကူအညီတောင်းခြင်း ဖြစ်လေသည်။

ချန်းကုမုက ...

'ကျုပ်က မိတ်ဆွေပဲဖြစ်ဖြစ်၊ မိတ်ဆွေမဟုတ်တဲ့ သူစိမ်းတစ်ရံစာကိုပဲဖြစ်ဖြစ် ကူညီဖို့ ဘယ်တုန်းကမှ ဝန်မလေးဘူး၊ ဒါပေမယ့် ကျုပ်အပေါ် ရန်သူလို သဘောထားတဲ့လူကို ဘယ်တုန်းကမှ အကူအညီ မပေးခဲ့ဖူးဘူး'

ဟု လေသံမှန်မှန်ဖြင့် ပြောလေသည်။

လုံယိမှာ အင်အားများ ကုန်ခန်းကာ တစ်ကိုယ်လုံး ပျော့ခွေသွားသည်ဟု ခံစားလိုက်ရ၏။

ချန်းကုမုက ကူညီဖို့ငြင်းဆန်လျှင် သူ့အား မည်သူက ကူညီနိုင်တော့မည် မဟုတ်ချေ။



သူတစ်ပါး မတရား နိုင်ထက်စီးနင်းပြုသမျှ ခေါင်းငုံ့ခံနေကြရတော့မည်လော။

လုံယိ အကြီးအကျယ် စိတ်ပျက်နေစဉ်မှာပင် ချန်းကုမုက...

'ဒီကနေ့ဟာ ကျုပ်ရဲ့မွေးနေ့ဖြစ်သလို ကျုပ်ဟာ အနားယူတော့မယ်လို့ စိတ်ကူးထားတယ်၊ ဒါကြောင့် ကျုပ်ဆီကို အကူအညီ လာတောင်းတဲ့လူတစ်ယောက်ကိုမှ မငြင်းပယ်ဘူးလို့ ဆုံးဖြတ်ထားတယ်၊ ခင်ဗျားကို ကျုပ် ကူညီပါ့မယ်၊ ကဲ... ခင်ဗျားသမီးရဲ့ကိစ္စကို ဘယ်လိုဖြစ်စေချင်သလဲ ပြောပါ'

ဟု မေးလာလေသည်။

လုံယိက တံတွေးမြိုချလိုက်ပြီး

'ကျုပ်သမီးဟာ သူဌေးယို့ဟုန်ရဲ့သားကြောင့် မျက်နှာမဖော်ရဲအောင် ဖြစ်နေရပါပြီ၊ အမှန်တော့ သူဌေးသားယို့ဖုံးနဲ့ ကျုပ်သမီးဟာ လူငယ်ချင်း မေတ္တာမျှနေကြပါတယ်'

ချန်းကုမုက....

'သူဌေးသားယို့ဟုန်က အဆင့်အတန်းချင်း ခွဲခြားပြီး မပေးစားနိုင်တဲ့သဘောပေါ့'

'ဟုတ်... ဟုတ်ပါတယ်'

'တကယ်လို့ သူဌေးယို့ဟုန်ကခွင့်ပြုရင် သူ့သားက ခင်ဗျားရဲ့သမီးကို လက်ထပ်ယူမှာပါ'

'ဟုတ်ပါတယ်၊ လက်ထပ်ယူမှာပါ'

'ကောင်းပြီ၊ ခင်ဗျားကကော သူတို့ကို လက်ထပ်ပေးချင်သလား'

လုံ့ယိသည် တွေးတောစဉ်းစားခြင်း မပြုဘဲ....

'သူတို့ကို လက်ထပ်ပေးလိုက်တာထက် ပိုပြီး ကောင်းတဲ့နည်းလမ်းများ မရှိတော့ပါဘူးဗျာ'

ဟု ပြောလိုက်လေသည်။

ချန်းကုမုက ...

'ဒါဖြင့်လဲ လက်ထပ်ပွဲအတွက် အစီအစဉ် လုပ်ထားလိုက်ပါ၊ ကျုပ် ကူညီပါ့မယ်'

လုံ့ယိသည် ချန်းကုမုကို ငေးကြည့်လိုက်လေသည်။

သူ၏အကြည့်တွင် အဓိပ္ပာယ်များစွာ ပါဝင်နေသည်။

နှုတ်ဆက်များလည်း တဆတ်ဆတ်တုန်ယင်လာကာ တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်လေသည်။

ချန်းကုမုက လက်ကာပြလိုက်ပြီး....

'ခင်ဗျားလိုပဲ အခက်အခဲရှိတဲ့လူတွေကို ကျုပ်က လက်ခံတွေ့ဆုံရဦးမယ်၊ ခင်ဗျား လုပ်စရာရှိတာသာ အမြန်ဆုံး သွားလုပ်လိုက်ပါ'

ဟု ပြောလိုက်၏။

လုံ့ယိသည် ထိုင်ရာမှ ဦးညွတ်လိုက်သည်။

ချန်းကုမု၏အကျင့်ကို သိလိုက်သဖြင့်....



'ကျုပ်ဆီက အကူအညီလိုတဲ့အခါ အချိန်မရွေး ကူညီပါ့မယ်လို့ ကတိပြုပါတယ်ဗျာ'

ဟု ပြောပြီး ဦးညွှတ်ဂါ၀ရ ပြုလိုက်သည်။

လုံ့ယိ အခန်းအတွင်းမှထွက်သွားသောအခါ ချန်းကုမုသည် လုံ့ယိ၏ ကျောပြင်ကို ပြုံး၍ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

ယခုတစ်ကြိမ်....

အခန်းအတွင်းသို့ ရောက်လာသူမှာ 'ရှာပင်' ဖြစ်လေသည်။

ရှာပင်သည် အကူအညီတောင်းဖို့ လာခဲ့သူမဟုတ်ပါ။

ကေရာင်ရဲတိုက်မှ လူတစ်ယောက် ဖြစ်သည်။

ချန်းကုမုနှင့် အနီးစပ်ဆုံး ဆက်ဆံရသည့် လူယုံတော်များတွင် ပါဝင်သူလည်း ဖြစ်လေသည်။

ရှာပင်၏မျက်နှာကို ကြည့်လိုက်ရုံဖြင့် စိတ်လှုပ်ရှားနေကြောင်း ချန်းကုမု အကဲခတ်မိလိုက်လေသည်။

သို့သော်...

ဘာမှမပြောဘဲ စောင့်ကြည့်နေလိုက်လေသည်။

ရှာပင်သည် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး....

'သခင်ကြီး စုလုထင်းဆိုတဲ့လူ ရောက်လာပါတယ်'

ဟု ပြောလာလေသည်။

အမှန်ဆိုလျှင်....

အကူအညီတောင်းရန် လာကြသူများအား အခန်းတွင်းသို့ စေလွှတ်လိုက်ရမည်သာ ဖြစ်လေသည်။

ချန်းကုမုသည် မွေးနေ့ပွဲ ပြီးဆုံးသွားသည်နှင့် သီးသန့်အဆောင်သို့ဝင်ကာ အကူအညီတောင်းမည့်သူများအား တစ်ယောက်ချင်း တွေ့ဆုံမေးမြန်း၍ အကူအညီပေးသည် မဟုတ်ပါလား။

စုလုထင်းဆိုသူအား ဝင်ခွင့်မပေးသေးဘဲ လာရောက်သတင်းပို့ခြင်းမှာ ထူးခြားမှုဖြစ်ပေသည်။

ချန်းကုမု၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

'စုလုထင်းဆိုတာ စီကျူးမြို့ကလာတဲ့လူလား'

ဟု မေးလိုက်သည်။

ရှာပင်က....

'ဟုတ်ပါတယ် သခင်ကြီး၊ သူဟာ မြောက်ပိုင်းဒေသက ပစ္စည်းတွေကို ပြည်မကို သယ်ဆောင်တဲ့အခါမှာ ကေရာင်ရဲတိုက်ရဲ့ ကူညီစောင့်ရှောက်မှုတို့ လိုအပ်နေတဲ့အတွက် သခင်ကြီးနဲ့ တွေ့ဆုံဆွေးနွေးခွင့်ပြုပါလို့ တောင်းဆိုလာပါတယ်'



ချန်းကုမုက....

'ဒီကိစ္စဟာ ကျုပ်ရဲ့မွေးနေ့ပွဲနဲ့ ဘာမှမသက်ဆိုင်ဘူး၊ ဒါကြောင့် နောက်ဆယ်ရက်ကြာမှ တွေ့ဆုံနိုင်မယ်လို့ ပြောလိုက်ပါ'

ရှာပင်က....

'ကောင်းပါပြီသခင်ကြီး'

ဦးညွှတ်ဂါရဝပြုကာ အခန်းတွင်းမှ ထွက်သွားလေသည်။

စုလုထင်းသည် အလွန်အရေးကြီးသည့် ကိစ္စတစ်ခုအတွက် ရောက်လာခဲ့ခြင်းဖြစ်သည်။

သို့တိုင်....

ချန်းကုမုသည် ချက်ချင်း လက်ခံတွေ့ဆုံခြင်းမပြုဘဲ ဆယ်ရက်ခွာပြီး ချိန်းလိုက်သည်။ ထိုသို့ ရက်ခွာပြီး ချိန်းဆိုလိုက်ခြင်းမှာ ဆယ်ရက်အတွင်း၌ ယနေ့ လာရောက် အကူအညီတောင်းသူများ၏ ကိစ္စများ ပြီးပြတ်သွားစေရန် ဆောင်ရွက်ဖို့ဖြစ်သည်။ အကူအညီလိုသူများအား ကူညီဖို့ ဦးစားပေး ဆောင်ရွက်လိုက်ခြင်း ဖြစ်ကြောင်း ရှာပင် နားလည်ထားလေတော့သည်။

❦

## ရဲတိုက်ရှင်၏ကတိ

ထင်းခုတ်သမား လီထင်း....

ဆင်းရဲမွဲတေလွန်းသဖြင့် လူရာမဝင်တော့ဘဲ အကြီးအကျယ် စိတ်ဓာတ်ကျဆင်းနေသည့် လီထင်းသည် ကေရာဇ် ရဲတိုက်မှ ပြန်ထွက်လာခဲ့သောအခါ ကိုယ့်ကိုယ်ကို ကြီးကျယ်မြင့်မြတ်သူ တစ်ယောက်ပမာ ခံစားလာခဲ့ရလေသည်။

ရဲတိုက်ပိုင်ရှင်ကိုက သူ့အား တန်းတူရည်တူ ဆက်ဆံလိုက်သည့်အပြင် လိုအပ်သည့် အကူအညီများ ပေးမည်ဟု ကတိ ပေးလိုက်သည် မဟုတ်ပါလား။

လီထင်းသည် သူ၏နံ့ချာလှသော အိမ်လေးသို့ အပြေးအလွှား ပြန်ရောက်လာခဲ့လေသည်။ အိမ်ရှေ့သို့ရောက်သည်နှင့် လူသုံးလေးယောက်က အိမ်မှ အပျက်အစီးများကို ဖွထေး ပြုပြင်နေကြသည်ကို တွေ့ရ၏။

ဆေးကျို့ချက်နေသော အနံ့အသက်များလည်း ရှူရှိုက်လိုက်ရလေသည်။

လီထင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

'ဟေ့ လူတွေ...ဒါကျုပ်အိမ်ဗျ၊ ကျုပ်ရဲ့ခွင့်ပြုချက် မရဘဲ ဘာတွေလာလုပ်နေကြတာလဲ'

ဟု မေးလိုက်သည်။

အိမ်ပြင်နေသူများက....

'လောလောဆယ်မှာ ခင်ဗျားအိမ်ကို နေလို့ အဆင်ပြေအောင် ပြုပြင်ပေးမယ်၊ ခင်ဗျားရဲ့ဇနီးသည် ကျန်းမာလာတော့မှ အိမ်သစ်တစ်လုံး ထောက်ပေးမယ်ဗျာ'

ဟု ပြန်ပြောလာလေသည်။

လီထင်းက....

'နေပါဦး၊ ခင်ဗျားတို့ကို ဘယ်သူကပြင်ခိုင်း....'

မေးရန် ဟန်ပြင်ပြီးမှ စကား တစ်ပိုင်းထစ်စဖြင့် ရပ်သွားလေသည်။

အကြောင်းမှာ....

ကေရာင်ရဲတိုက်တွင် သူ၏ အခက်အခဲကို သွားပြောပြခဲ့သဖြင့် ရဲတိုက်ရှင်က ကူညီမည်ဟု ကတိပေးပြီးဖြို့ ဖြစ်သည်။

ယခု....



အိမ်လာပြင်နေကြသူများသည် ရဲတိုက်ရှင်၏ အမိန့်ဖြင့် လာရောက် လုပ်ကိုင်ဆောင်ရွက်ပေးနေကြခြင်း ဖြစ်ကြောင်း နားလည်လိုက်လေတော့သည်။

လီထင်းသည် ထိုလူများအား ဘာမှ ပြောမနေတော့ဘဲ အိမ်ထဲသို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းဝင်လိုက်လေသည်။

ထိုအခါ....

အဘိုးအိုတစ်ယောက်သည် ခုတင်ပေါ် လဲလျောင်းနေသည့် အမျိုးသမီးတစ်ယောက်အား ဆေးတိုက်ကျွေးနေသည်ကို တွေ့ရ၏။

သမားတော်တစ်ယောက်က သူ၏ဇနီးသည်အား ဆေးကုပေးနေခြင်းဖြစ်ကြောင်း ချက်ချင်းရိပ်မိလိုက်သဖြင့် လီထင်း ဖော်မပြနိုင်အောင် ဝမ်းသာသွားလေသည်။

ဟန်မဆောင်နိုင်တော့ဘဲ...

'ရဲတိုက်ရှင်ကြီးရဲ့ကျေးဇူးကို တစ်သက် မမေ့နိုင်တော့ပါဘူးဗျာ'

ဟု ငိုသံပါကြီးဖြင့် ရေရွတ်လိုက်လေတော့သည်။

သုံးရက်....

သုံးရက်အတွင်း မီးလောင်မှု အကြိမ်နှစ်ဆယ်ကျော် ဖြစ်ပေါ်ခဲ့လေသည်။

ထိုမီးလောင်မှုများသည် သွေးရိုးသားရိုးမဟုတ်ဘဲ ရှို့မီးဖြစ်ကြောင်း ထင်ရှားနေ၏။

မီးရှို့သည့် လက်သည်တရားခံကိုမူ ရှာမရချေ။

ထို့အပြင်....

အများသူငါ နေထိုင်သည့် အိမ်ရာများကို လောင်ကျွမ်းခြင်းမရှိဘဲ ကုန်လှောင်ရုံများ ကုန်ပစ္စည်း တင်ဆောင်ထားသည့် ရွက်လှေများကို လောင်ကျွမ်းခဲ့ခြင်းဖြစ်လေသည်။

ထိုလောင်ကျွမ်းမှုကြောင့် ကုန်ပစ္စည်းပိုင်ရှင်များ အကြီးအကျယ် ဆုံးရှုံး နစ်နာခဲ့ရလေသည်။

ပိုင်ရှင်စီးပွားရေးသမားများသည် ရိုးသားစွာ စီးပွားရှာနေသည့် ရှောက်ကုံးအပေါ် မတရားသဖြင့် အနိုင်ကျင့်ကာ ဖျက်လိုဖျက်ဆီး လုပ်ခဲ့ကြသူများဖြစ်သည်။

သူ့လူများ အထိနာကာ ခေါင်းမဖော်နိုင်အောင်ဖြစ်သွားလေသောအခါ ရှောက်ကုံးမှာ ပြိုင်ဘက်မရှိဘဲ အချိန်တိုတိုအတွင်း တစ်ဟုန်ထိုး အောင်မြင်သွားလေတော့သည်။



ရှောက် ကုံးသည် မတရားသဖြင့် အနိုင်ကျင့်ခံရသည့် ဘဝမှလွတ်မြောက်ကာ အောင်မြင်လာခဲ့ရသည်မှာ ကေရာဇ်ရဲတိုက်၏ ကူညီမစမှုကြောင့်ဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်ထားပြီး ကျေးဇူးတင်မဆုံး ဖြစ်နေလေတော့သည်။

ဝေမြို့....

ဝေမြို့သည် စည်ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့ ဖြစ်လေသည်။

ဝေမြို့၏ အရှေ့ဘက်ပိုင်းတွင် ကြီးကျယ် ခန်းနားလှသော အဆောက်အအုံကြီးတစ်လုံး ရှိသည်။

ဝေမြို့မှ နာမည်ကျော်ကြား သူဌေးကြီးယို့ဟုန် ပိုင်ဆိုင်သောအိမ်ဂေဟာကြီး ဖြစ်လေသည်။

ယနေ့....

သူဌေးကြီးယို့ဟုန်၏ အိမ်ဂေဟာသို့ ဧည့်သည်တစ်ယောက် ရောက်ရှိလာလေသည်။

ထိုဧည့်သည်သည် အဖိုးတန်ဗီရှိမြင်းလှည်းတစ်စီးဖြင့်ရောက်ရှိလာခြင်းဖြစ်လေသည်။

'ခွပ်ခွပ် ...ခွပ်ခွပ်'

'ဟော့....ရပ်လိုက်'

မြင်းခွာသံများ၊ မြင်းလှည်းသမား၏ အော်ငေါက်သံများနှင့်အတူ မြင်းလှည်း ရပ်တန့်သွားသည်။

သူဌေးကြီး ယို့ဟုန်၏ အိမ်ဂေဟာတံခါးရှေ့၌ စောင့်ကြပ်နေကြသော အစောင့်များအနက် တစ်ယောက်က မြင်းလှည်းအနီးသို့ ချဉ်းကပ်သွားလေသည်။

မြင်းလှည်းတံခါးတွင် ကာရံထားသော ခန်းစီးပိုးပဝါလှုပ်ယမ်းသွားပြီး ဥပဓိရုပ်ကောင်းသူတစ်ယောက်၏ မျက်နှာပေါ်လာ၏။

ထိုလူက အစောင့်အား....

'သူဌေးကြီးယို့ဟုန် ရှိသလားကွယ့်'

ဟု မေးလိုက်လေသည်။

သူ၏လေသံသည် အလွန် အထက်တန်းကျသော လူကြီးလူကောင်းတစ်ယောက်၏ အသံမျိုးဖြစ်လေသည်။



အစောင့်သည် ဆင်းရဲနွမ်းပါးသူသာဆိုလျှင် ချက်ချင်းအော်ငေါက်ထုတ်လိုက်မည် ဖြစ်ပါသည်။

ယခုမူ....

'ရှိပါတယ်ခင်ဗျာ၊ ရှိပါတယ်'

ရိုရိုသေသေ လေးလေးစားစား အဖြေ ပေးလိုက်လေသည်။

မြင်းလှည်းအိမ်ထဲ၌ လိုက်ပါလာသူက....

'ကျုပ်က သူနဲ့တွေ့ချင်တယ်'

'ဟုတ်ကဲ့၊ ဝင်သွား....ဝင်သွားပါခင်ဗျာ'

အစောင့်သည် မည်သူမည်ဝါဟုပင် မေးမြန်းမနေတော့ဘဲ ဝင်ခွင့်ပြုလိုက်လေသည်။

မြင်းလှည်းသည် တံခါးမကြီးကိုဖြတ်ကာ ခြံဝင်းအတွင်းသို့ မောင်းနှင်ဝင်ရောက်သွားပြီး အဆောက်အအုံရှေ့တွင်ရပ်တန့်လိုက်၏။

မြင်းလှည်းသမားက အလျင်အမြန်ခုန်ဆင်းပြီးမြင်းလှည်းတံခါး ခုန်ဆင်းလိုက်လေသည်။

မြင်းလှည်းအိမ်ထဲ လိုက်ပါလာသူက အသာအယာပင် ဆင်းလိုက်သည်။

တံခါးမကြီးမှ အစောင့်များက ဝင့်ခွင့် ပြုလိုက်သဖြင့် အိမ်ဖော်လုလင်များကလည်း ကြိုဆိုလိုက်ကြလေသည်။

ဧည့်ခန်းအတွင်းသို့ ခေါ်ဆောင်သွားကြပြီး နေရာထိုင်ခင်း ပေးလိုက်ကြသည်။

သူဌေးကြီး ယို့ဟုန်ကိုလည်း ဧည့်သည်ရောက်ကြောင်း သွားပြီး အကြောင်းကြားလိုက်ကြလေသည်။

ထို့ကြောင့်....

သူဌေးကြီး ယို့ဟုန်သည် ဧည့်ခန်းအတွင်းသို့ ရောက်ရှိလာလေသည်။

သူဌေးကြီးယို့ဟုန်မှာ ကျိုကျိုတက်ချမ်းသာကြွယ်ဝသူတစ်ယောက် ဖြစ်ပါသည်။

ချမ်းသာသလောက် မာနကြီးသူလည်း ဖြစ်သည်။

မိတ်ဆွေသင်္ဂဟပေါများကလို မင်းစိုးရာဇာ အသိုင်းအဝိုင်းနှင့် ဝင်ဆန့်သူလည်း ဖြစ်သည်။

ယခု....

သူ့ထံသို့ ကြိုတင်ချိန်းဆိုထားခြင်း မရှိပါဘဲ ဧည့်သည် တစ်ယောက် ရောက်ရှိလာခြင်းကြောင့် အံ့သြသွားသည်။



ဧည့်ခန်းထဲသို့ ရောက်လာသောအခါ တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသည့် လူစိမ်းတစ်ယောက်ကို တွေ့လိုက်ရခြင်းကြောင့် ပိုပြီး အံ့သြသွားရလေသည်။

ထို့ပြင်....

စိတ်ထဲ မကျေမနပ် ဖြစ်သွားပြီး....

'ငါ့ကို တွေ့ချင်တိုင်းတွေ့လို့ ရမယ်များ ထင်နေသလား'

ဟုလည်း တွေးလိုက်၏။

တမင် မျက်နှာထား တင်းတင်းထားကာ ဧည့်ခန်းထဲ၌ ထိုင်စောင့်နေသူနှင့် မျက်နှာချင်း ဆိုင်လိုက်လေသည်။

ထိုလူက ယို့ဟုန်ကိုမြင်လျှင် ထိုင်ရာမှထကာ ဦးညွှတ်ဂါရဝ ပြုလိုက်လေသည်။

'သူဌေးမင်းကို တွေ့ရတာ ဝမ်းသာပါတယ်၊ ကျုပ်က ယီယန် ဖြစ်ပါတယ်၊ ကေရာဇ်ရဲတိုက်က ကိုယ်ရံတော် တစ်ယောက်ပါဗျာ'

ဟုလည်း မိတ်ဆက် ပြောဆိုလေသည်။

ကေရာဇ်ရဲတိုက်ဟူသော အမည်ကြားလျှင် ယို့ဟုန် မျက်မှောင် ကြုတ်သွားလေသည်။

ကောရာဇ်ရဲတိုက်သည် ထူးခြားသော ရဲတိုက်တစ်ခုဟု သတင်းကြီးနေသည် မဟုတ်ပါလား။

အချို့က သိုင်းအဖွဲ့အစည်းတစ်ခုဟု သာမန် ပြောင်ကြသော်လည်း တချို့က မြေအောက်ဂိုဏ်းတစ်ခု ဖြစ်သည်ဟု ပြောဆိုနေကြသည်ကိုလည်း ယို့ဟုန် ကြားဖူးထား၏။

မည်သို့ပင်ဖြစ်စေ....

သူက ကောရာဇ်ရဲတိုက်အပေါ် အထင်ကြီးမှု မရှိခြင်းကား အမှန်ပင် ဖြစ်လေသည်။

ယို့ဟုန်က မနှစ်မြို့သော လေသံဖြင့်....

'ကျုပ်က ကောရာဇ်ရဲတိုက်နဲ့ ပတ်သက်စရာအကြောင်းမှ မရှိတာပဲ'

ဟု ပြောလိုက်လေသည်။

ယီယန်က....

'အရင်ကတော့ ဟုတ်ပါတယ်၊ အခုတော့ ပတ်သက်စရာအကြောင်း ပေါ်လာလို့ပါဗျာ'



ဟု တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

'ဘာပြောတယ်'

ယို့ဟုန်၏အသံ စူးရှ ကျယ်လောင်သွားလေသည်။

'ကျုပ်က ကောရာဇ်ရဲတိုက်နဲ့ ဘာမှ ပတ်သက်စရာအကြောင်း မရှိဘူး၊ အရင်ကကော အခုကော နောက်ကော ဘယ်တော့မှ ရှိမှာ မဟုတ်ဘူး'

ဟု ပြတ်သားစွာ ပြောလိုက်၏။

ကောရာဇ်ရဲတိုက်မှ လူတစ်ယောက် သူ့ထံသို့ရောက်လာသည် ကပင် သိက္ခာကျသည်ဟု ယူဆထားသည့်သဘော ဖြစ်လေသည်။

ယီယန်သည် ယို့ဟုန်မှာ လွယ်လွယ်နှင့် ဆက်ဆံ၍ရမည့်သူ မဟုတ်ကြောင်း သဘောပေါက်မိလေသည်။

ဆက်ဆံရန် အလွန်ခက်ခဲပြီး အသားစီးယူလိုသူ၊ ထိမထင်သူ ဖြစ်ကြောင်းလည်း နားလည်လိုက်လေသည်။

မည်သို့ဆိုစေ....

ယို့ဟုန်ထံမှ တိကျသော အပြောတစ်ခု ရယူလာဖို့ ကေရာဇ် ရဲတိုက်ပိုင်ရှင်က တာဝန်ပေးလိုက်ပါသည်။

ယီယန်သည် မည်သို့သော အခက်အခဲ အတားအဆီးပင် ရှိပါစေ ရဲတိုက်ပိုင်ရှင်ကြီး၏ အမိန့်အတိုင်း မဖြစ်မနေ ဆောင် ရွက်ရမည်သာ ဖြစ်လေသည်။

ယို့ဟုန်က…

'ကဲ…ဒီလောက်ဆိုရင် ခင်ဗျား သဘောပေါက်လောက်ပြီ ထင်တယ်၊ ကျုပ်မှာ ခင်ဗျားအတွက် အချိန်မပေးနိုင်ဘူး'

ဟု ပြတ်ပြတ်ပြောလေသည်။

ယီယန် ထိုင်ရာမှထလိုက်သည်။

'ကောင်းပါပြီဗျာ၊ အကြောင်းတစ်ခုခုကြောင့် ခင်ဗျား စိတ်ပြောင်းလာပြီး ကျုပ်နဲ့ ဆွေးနွေးချင်တယ်ဆိုရင် မြို့လယ် က ရွှေညှော့သည် တည်းခိုခန်းမှာ ကျုပ်ရှိနေပါ့မယ်'

ဟု ပြောလိုက်လေသည်။

ယို့ဟုန်က….



'အို….ကျုပ်တို့ ဘာမှ ဆွေးနွေးစရာအကြောင်း မရှိဘူး'

ဟု ခါးခါးသီးသီး ငြင်းဆန်လိုက်သည်။

ထို့နောက်….

ယီယန်ကို လုံးဝမကြည့်ဘဲ ကျောခိုင်းထားလိုက်လေသည်။

ယီယန်က ဘာမျှမပြောတော့ပါ။

အေးအေးဆေးဆေးနှင့် ထွက်သွားလေသည်။

ယို့ဟုန်က အိမ်ဖော်လုလင်များနှင့် အစောင့်များအား….

'ဟေ့…နောက်ကို ညှော့သည် ရောက်လာရင် ဘယ်သူလဲ ဆိုတာ အရင်မေး၊ ငါ့ရဲ့ခွင့်ပြုချက်မရဘဲ ဘယ်သူ့ကိုမှ အဝင် မခံနဲ့'

ဟု အမိန့်ပေးလိုက်လေတော့သည်။

❦

သူဌေးမင်း ယို့ဟုန်ထံသို့ ဧည့်သည်တစ်ယောက် ထပ်မံရောက်ရှိလာလေသည်။ ယခုတစ်ကြိမ်လည်း အစောင့်အကြပ်များနှင့် အိမ်ဖော်လုလင်များက စစ်ဆေးမေးမြန်းခြင်းမပြုဘဲ ဝင်ခွင့်ပြုလိုက်ကြလေသည်။

အကြောင်းမှာ....

ဧည့်သည်သည် ဝေမြို့တော်ဝန်သည် 'ပေ့ချို' ဖြစ်နေခြင်းကြောင့်တည်း။

ယို့ဟုန်ကိုယ်တိုင်ကလည်း သီးသန့် စာဖတ်ခန်းအတွင်းသို့ ဖိတ်ခေါ်ကာ လိုလေသေးမရှိ ဧည့်ခံပြုစုလိုက်လေသည်။

'ကဲ....သောက်လိုက်ပါဦးဗျာ၊ ကျင်းလိမ်းနယ်က အံထူး စီမံဖော်စပ်ထားတဲ့ ပန်းသုံးပွင့်အရက်ဗျ၊ သောက်ရခဲတယ်'

အလွန်ရှားပါးပြီး တန်ဖိုးကြီးလှသော ကျင်းလိမ်ပန်းသုံးပွင့်အရက်နှင့် ဧည့်ခံလိုက်ခြင်း ဖြစ်လေသည်။

မြို့တော်ဝန်ပေ့ချိုက အရက်ခွက်ကိုယူကာ မော့သောက်လိုက်ပြီး....

'အား....ကောင်းလိုက်တဲ့ အရက်'



ဟု ချီးကျူးလိုက်လေသည်။

ယို့ဟုန်က....

'အရက်ကောင်းတဲ့အပြင် မြို့တော်ဝန်အတွက် မိန်းမချောလေး တစ်ယောက်ပါ ကျုပ် ရှာထားပေးတယ်ဗျ'

ဟု ပြောလိုက်သည်။

'ဟား....ဟား....ဟား'

မြို့တော်ဝန်ပေ့ချိုက ဟားတိုက် ရယ်မောလိုက်လေသည်။

'မိတ်ဆွေက ကျုပ်ကို ဒီလောက်တောင် လိုလေသေးမရှိ ပြုစုနေပုံထောက်ရင် အကြောင်းရှိနေပြီ ထင်တယ်'

ယို့ဟုန်က ...

'မှန်လိုက်လေဗျာ၊ အရေးကြီးတဲ့ကိစ္စတစ်ခု တိုင်ပင်ချင်လို့ ကျုပ်ဆီကိုလာခဲ့ဖို့ မြို့တော်ဝန်ကို မှာလိုက်ရတာပါဗျာ'

မြို့တော်ဝန်ပေ့ချိုက—

'ဘယ်လိုကိစ္စများလဲ ပြောစမ်းပါဦးဗျ'

ယို့ဟုန်က....

'မြို့တောင်ဘက် သစ်သီးခြံတွေဟာ အတော့်ကို အလား အလာကောင်းတာ တွေ့ရတယ်၊ ကျုပ်က ဝယ်ယူဖို့ ကြိုးစား တာကို ပိုင်ရှင်က လက်မခံဘူးဗျ'

'ဪ'

'ခြံပိုင်ရှင်သာ တစ်ခုခု ဖြစ်သွားမယ်ဆိုရင် သစ်သီးခြံတွေကို ကျုပ်ရမှာ သေချာတယ်'

မြို့တော်ဝန်ပေ့ချို ပြုံးလိုက်သည်။

'ဒါလေးများဗျာ....ဘာခက်တာ မှတ်လို့၊ ကျုပ် တာဝန် ယူလိုက်ပါ့မယ်၊ ခြံပိုင်ရှင်ဟာ ဒုစရိုက်သမားတစ်ယောက်ဆိုပြီး ဖမ်းချုပ်ထားလိုက်မယ်ဗျာ၊ အရင်ကလည်း ဒီလိုကိစ္စတွေ လုပ် ခဲ့ဖူးကြတာပဲ မဟုတ်လား'

မှန်ပေသည်။

နယ်ချဲ့များကြောင့် တိုင်းပြည် မငြိမ်မသက် ဖြစ်နေသည်ကို အခွင့်ကောင်းယူကာ ဒုစရိုက်သမားများ ထကြွ သောင်းကျန်း နေသကဲ့သို့ အကျင့်ပျက်နေသော မင်းမှုထမ်းများလည်း ရှိနေ ပါ၏။



နေပြည်တော်မှ ဘုရင်မင်းမြတ်သည် နယ်ချဲ့ရန်သူများအား တွန်းလှန်ချေမှုန်းဖို့ စီစဉ်နေရသလို တိုင်းပြည်အတွင်းမှ ဒုစရိုက် မှုများ ပပျောက်အောင်လည်း နှိမ်နင်းပစ်ဖို့ စီစဉ်နေရလေ သည်။

နေပြည်တော်နှင့် ဝေးကွာသော အရပ်ဒေသများတွင်ကား ဥပဒေအာဏာစက် သက်ရောက်မှု အားနည်းနေသေး၏။

ထို့ကြောင့်လည်း ယို့ဟုန်နှင့် မြို့တော်ဝန်ပေ့ချိုတို့ ကဲ့သို့ သော လူစားများက ထင်ထိုင်းကြဲနေနိုင်ကြခြင်း ဖြစ်လေတော့ သည်။

ယို့ဟုန်က....

'ကောင်းတယ်၊ မြို့တော်ဝန်က သစ်သီးခြံပိုင်ရှင်ကို အမှု ဆင်ပြီး ဖမ်းဆီးထားလိုက်ဘဲ့ အချိန်မှာ သူ့ရဲ့အလုပ်သမားတွေ ထိန်းသိမ်းလို့မရအောင် ကျုပ်က သွေးထိုးမြှောက်ပင့်ပေးမယ်၊ ဟဲ....ဟဲ တစ်လမကြာပါဘူး၊ ခြံပိုင်ရှင် စီးပွားပျက်သွားမှာပဲ'

မြို့တော်ဝန်ပေ့ချိုက....

'အဲဒီအချိန်ရောက်တော့ ဈေးပေါပေါနဲ့ သစ်သီးခြံတွေကို မိတ်ဆွေရပြီပေါ့ဗျာ'

'ဟား....ဟား....ဟား'

ယို့ဟုန်က ဟားတိုက် ရယ်မောလိုက်လေသည်။

သူတို့နှစ်ယောက် ပူးပေါင်းပြီး မတရား ပြုလုပ်ခဲ့သည့်ကိစ္စ မနည်းတော့ပြီ။

မြို့တော်ဝန်ပေ့ချီက....

'ဒါထက် မိတ်ဆွေမှာ မြင်းကောင်းတစ်ကောင် ရထားတယ် ဆိုဗျ'

ဟု မေးလိုက်သည်။

ယို့ဟုန်က....

'ဟုတ်တယ်၊ ကျုပ် ဝယ်ထားလိုက်တာ ငါးရက်ပဲ ရှိသေးတယ်၊ မွန်ဂိုမြင်းမျိုးဗျ၊ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူဖွေးနေတဲ့ အမွေးပွရှည်ကြီးတွေ ဖုံးနေတာပဲ'

သူဝယ်ယူထားသော မြင်းဖြူကြီးအကြောင်း ပြောပြလိုက်ရသောအခါ ယို့ဟုန်သည် ဂုဏ်ယူ ဝင့်ကြွားဟန်ဖြင့် မျက်နှာတစ်ခုလုံး ပြုံးရွှင်နေသည်။

မျက်လုံးများလည်း အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေလေတော့သည်။

'ကျုပ်က ငွေတစ်သိန်းတောင် ပေးလိုက်ရတယ်ဗျ'



ဟု ပြောလိုက်သည်။

မြို့တော်ဝန်ပေ့ချီက ...

'အား....မနည်းပါလားဗျ'

ယို့ဟုန်က....

'ဒါတောင် ကံကောင်းလို့ရတာ'

'အင်း....မိတ်ဆွေက မြင်းကောင်းတစ်ကောင် တွေ့ပြီဆိုရင် မနေနိုင် မထိုင်နိုင်ပဲကိုး'

'ဟဲ...ဟဲ ဒါက ကျုပ်ရဲ့ ဝါသနာလေဗျာ'

'အင်း....ဝါသနာကလဲ'

'မပူပါနဲ့ဗျာ၊ မိတ်ဆွေအတွက် ကျုပ် စီစဉ်ထားပါတယ်'

'ဟား....ဟား....ဟား'

နှစ်ယောက်သား ဟားတိုက် ရယ်မောလိုက်ကြလေသည်။

ယို့ဟုန်၏မြင်းဇောင်းသည် အလွန်ကြီးမားပြီး အခိုင်အခံ့ ဆောက်လုပ်ထားသော မြင်းဇောင်း ဖြစ်လေသည်။

နေ့ညဥ့်မပြတ် အစောင့်များချထားပြီး မြင်းထိန်း နှစ်ဆယ်ခန့် ခန့်ထားရာ ဂရုစိုက် စောင့်ရှောက်မွေးမြူထားသော မြင်းခြံလည်း ဖြစ်လေသည်။

ယို့ဟုန်၏ မြင်းဇောင်းတွင် မြင်းအကောင်ရေ လေးဆယ်ကျော် ရှိလေသည်။

အားလုံးလိုလို အဖိုးတန်မြင်းများချည်း ဖြစ်လေသည်။

ယခု....

အဖိုးတစ်သိန်းထိုက်တန်သော မြင်းကောင်းတစ်ကောင် ရောက်ရှိနေပြီ ဖြစ်သည်။

သူဌေးကြီးယို့ဟုန်က အလွန် နှစ်သက်မြတ်နိုးမှုန်း သိ၍ မြင်းထိန်းများက အထူးပင် ဂရုစိုက်ကြလေသည်။

တစ်ရက်နှင့်ရက်အတွင်း သူဌေးကြီးယို့ဟုန်သည် ထိုမြင်းကြီးကို စီးနင်းကာ မြို့ထဲသို့ထွက်လည်ရန်လည်း စီစဉ်ထားလေသည်။



ည...

ညစာစားရန် အဆင်သင့် ပြင်ဆင်ထားပြီးပြီ ဖြစ်လေသည်။

သို့သော်....

သူဌေးကြီးယို့ဟုန်မှာ စားသောက်နိုင်ခြင်း မရှိသေးပါ။

အကြောင်းမှာ....

သားဖြစ်သူယို့ဖုံး ရောက်မလာသေးခြင်းကြောင့် ဖြစ်လေသည်။

ယို့ဟုန် ဒေါသထွက်လာလေသည်။

'ဘယ်အချိန် ရှိနေပြီလဲ၊ ဘယ်တွေများ လျှောက်သွားနေတာလဲ'

ဟု တဗျစ်တောက်တောက် ရေရွတ်နေသည်။

ယို့ဟုန် ဒေါပွနေသဖြင့် အိမ်တော်လုလင်များ ပျာပျာသလဲ ဖြစ်နေကြသလို ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေကြလေသည်။

ထိုစဉ်...

သူဌေးသားယို့ဖုံး ရောက်ရှိလာလေသည်။

ယို့ဖုံးကိုမြင်လျှင် ယို့ဟုန်က....

'နေပါဦး....ဒီအချိန်အထိ မင်းက ဘယ်တွေ လျှောက်သွားနေတာလဲ'

ဟု ဆီးကြို အပြစ်တင်လိုက်လေသည်။

ယို့ဖုံးသည် သဘောထားကောင်းပြီး အေးအေးနေတတ်သူ လူငယ်တစ်ယောက် ဖြစ်ပါသည်။

ဖခင်ဖြစ်သူနှင့် စိတ်ထားခြင်းမတူဘဲ ကြင်နာသနားတတ်သူ တစ်ယောက်လည်း ဖြစ်လေသည်။

ယို့ဖုံးက ဖခင်ဖြစ်သူနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ပြီး....

'ဖေဖေ....ကျွန်တော် တစ်ခုလောက် ပြောပါရစေ'

ဟု ပြောလိုက်၏။

ယို့ဟုန်က....



'မင်းက ဘာပြောချင်လို့လဲ'

ယို့ဖုံးက....

'ကျွန်တော် အိမ်ထောင်ပြုတော့မလို့ပါ ဖေဖေ'

'ဘာကွ'

'ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ ဖေဖေ'

ယို့ဖုံးက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

ယို့ဟုန် ပိုပြီး ဒေါသ ထွက်သွားလေတော့သည်။

'မင်းကိုယ်မင်း ဘာကောင်ထင်နေလို့လဲ၊ မင်းဟာ နို့နံ့တောင် မစင်သေးတဲ့ ကလေးတစ်ယောက်ဆိုတာ မင်း နားလည်ရဲ့လားကွ'

ယို့ဖုံးက....

'ဖေဖေ....ကျွန်တော် အသက်နှစ်ဆယ်ကျော်ပါပြီ၊ စဉ်းစားဆင်ခြင်နိုင်တဲ့အရွယ် ရောက်ပါပြီ၊ ပြီးတော့ အိမ်ထောင်မပြုလို့မဖြစ်တော့တဲ့အခြေအနေ ရောက်နေလို့ပါ'

ယို့ဟုန်က ...

'နေစမ်းပါဦး၊ မင်းဘာတွေ ဖြစ်နေတယ်ဆိုတာ ငါ့ကို အရင်ရှင်းပြစမ်းပါဦး'

ဟု မေးလိုက်လေသည်။

•

ယို့ဖုံးက....

'ဒီလိုပါ...ဖေဖေ၊ ကျွန်တော် အလည်အပတ် ခရီးထွက်ရင်း ပေ့ကျေးရွာကို ရောက်တဲ့အခါ ကုန်စုံဆိုင်ပိုင်ရှင် လုံယိရဲ့သမီး လုံမေနဲ့တွေ့ပြီး လူငယ်သဘာဝ မေတ္တာမျှခဲ့ကြပါတယ်'

'ဘာကွ'

ယို့ဟုန်က ဒေါသတကြီး အော်လိုက်သည်။

သို့သော် ချက်ချင်းပင် မဲ့ပြုံးပြုံးကာ ခြောက်ကပ်ကပ် ရယ်မောလိုက်လေသည်။

'အင်း...အင်း ဆက်ပြောစမ်းပါဦး'

ယို့ဖုံး၏အကြောင်းကို သူက အားလုံး ဝင်ထားပြီးဖြစ်သည်။



ယို့ဖုံးအား စိတ်မချသဖြင့် ဘယ်သွားသွား ဘယ်လာလာ နောက်ယောင်ခံလိုက်ကာ စောင့်ရှောက်ရန် သိုင်းသမားအချို့အား သူက ငွေပေးငှားရမ်းထားခဲ့လေသည်။

ထိုသိုင်းသမားများသည် ယို့ဖုံးနှင့်ပတ်သက်သမျှ နိစ္စဓူဝ အစီအရင် ခံကြရသည်။

ယို့ဟုန်ကသည် ယို့ဖုံး သွားလာလုပ်ကိုင်သမျှအားလုံး သိရှိနေပေတော့သည်။

ယို့ဖုံးသည် ရှိုးရှိုးသားသားပင် ပြောပြလိုက်လေသည်။

'အခုဆိုရင် ညီမလုံမေအား မလွတ်မလပ် ဖြစ်နေပါပြီ၊ ဒါကြောင့် သူ့ကို ကျွန်တော် လက်ထပ်ယူမှ ဖြစ်တော့မယ် ဖေဖေ'

ယို့ဟုန် မျက်နှာပျက်သွားလေသည်။

သူ၏သားနှင့် လုံမေဆိုသော မိန်းကလေးတို့တွင် ရင်သွေးတစ်ယောက် ရရှိလာတော့မည် ဖြစ်သည်။

လူ့သဘာဝအရ မြေးတစ်ယောက်ရတော့မည်မို့ စိတ်လှုပ်ရှားသွားလေသည်။

သို့သော်....

သူ၏မျိုးဆက်ကို အဆင့်အတန်းမြင့်မြင့် ဖြစ်စေလိုသည်။

သာမန် ကုန်စုံ ဆိုင်ပိုင်ရှင်တစ်ယောက်၏သမီးနှင့် သဘော မတူနိုင်ပေ။

အဆင့်အတန်းချင်း ခွဲခြားသည့်သဘော ဖြစ်လေသည်။

ယို့ဖုံးက....

'ကျွန်တော် လုံမေကို လက်ထပ်ခွင့်ပြုပါ ဖေဖေ'

ဟု ခွင့်တောင်းလိုက်လေသည်။

ဖခင်က သဘောတူခွင့် ပြုမည်မဟုတ်ကြောင်း သိထားပုံ လည်း ရလေသည်။

ယို့ဟုန်က....

'ငါ သဘောမတူနိုင်ဘူး'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်၏။

ယို့ဖုံးက....

'ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ ဖေဖေ'

'ဘာကွ'

'ကျွန်တော် လုံမေကို လက်ထပ်မှုဖြစ်ပါသိမ့်မယ်'

ယို့ဟုန် ခေါင်းခါယမ်းလိုက်သည်။



'ငါခွင့်မပြုဘူးကွ၊ ငါ့ရဲ့ပစ္စည်းဥစ္စာတွေကို မက်မောလို့ မင်းကို အပိုင်ကြံတာ'

ဟု အော်ပြောလိုက်၏။

ယို့ဖုံးက....

'ညီမလေးလုံမေဟာ ဖေဖေထင်သလို ပစ္စည်းမက်တဲ့ မိန်းကလေး တစ်ယောက် မဟုတ်ပါဘူးဖေဖေ'

ယို့ဟုန်က ...

'တော်စမ်းပါကွာ၊ သူတို့ကတော့ ဒီလိုပဲပြောမှာပေါ့၊ အဲဒီမိန်းကလေးကို မင်းအဆက်ဖြတ်လိုက်၊ သူ့ထက်သာတဲ့လူ ဖေဖေတို့နဲ့ အဆင့်အတန်းချင်းတူတဲ့အထဲက ဘယ်သူ့ကို ကြိုက်သလဲ ပြော ဖေဖေ လက်ထပ်ပေးမယ်'

ယို့ဖုံးက....

'ကျွန်တော်က ညီမလေးလုံမေကိုပဲ လက်ထပ်မယ်လို့ ဆုံးဖြတ်ပြီးပါပြီ ဖေဖေ'

ယို့ဟုန်က....

'ဘာကွ....မင်းက ပြောပုံတိုးချင်တာပေါ့လေ ဟုတ်လား၊ စကားမရှည်နဲ့၊ ငါပြောတာကို နာခံရမယ်'

ယို့ဖုံး ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော့်ကိုခွင့်လွှတ်ပါဖေဖေ၊ ညီမလေးလုံမေကလွဲပြီး တခြား ဘယ်သူ့ကိုမှ ကျွန်တော် လက်မထပ်နိုင်ပါဘူး'

ယို့ဟုန်က....

'ဪ....မင်းက ခေါင်းမာတယ်ပေါ့ ဟုတ်လား၊ မင်းကို ငါ တခြားတစ်ချပ်မှ မပေးဘဲနဲ့ စွန့်ပစ်လိုက်ရင် သူတို့ကလဲ မင်းကို ချက်ချင်း ကန်ထုတ်ပစ်လိုက်ကြမယ်ဆိုတာ မင်း မသိဘူးလား'

ယို့ဖုံးက....

'ညီမလေးလုံမေဟာ ဖေဖေထင်သလို လူတစ်မျိုးမဟုတ်ပါဘူး ဖေဖေ'

ယို့ဟုန်က....

'အေး.. မင်းမယုံရင် စမ်းကြည့်လိုက်လေ'

ယို့ဖုံးက....

'ကောင်းပါပြီ ဖေဖေ'

ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်လေသည်။

ယို့ဟုန်က....

'မင်းဘယ်သွားမလို့လဲ'

ယို့ဖုံးက....



'ကျွန်တော် ညီမလေး လုံမေတို့ဆီကို သွားပါတော့မယ် ဖေဖေ'

'ဘာ... ဘာပြောတယ်'

'ကျွန်တော့်ဘဝကို ကျွန်တော် ထူထောင်ပါတော့မယ် ဖေဖေ'

'မင်း....မင်း'

ယို့ဟုန် ဒေါသခြောင်းခြောင်းထွက်သွားလေသည်။

'ယို့ဖုံး၊ မင်းက အရွယ်ရောက်ပြီဆိုပြီး ငါ့ကို ကျေးဇူးဆပ်လိုက်တာပေါ့လေ ဟုတ်လား၊ ကောင်းပြီ၊ မင်းတို့ ဖျားယောင်းတဲ့ လုံမေတို့သားအဖကို ငါက လက်ပိုက်ကြည့်နေမယ် များ ထင်သလား'

'ဖေဖေ....'

ယို့ဖုံး ထိတ်လန့်သွားလေသည်။

သူ၏ဖခင်သည် ငွေကြေးအရှိန်အဝါကိုအသုံးပြုကာ ထင်တိုင်း ကျဲလေ့ရှိကြောင်း သဘောပေါက်ထားလေသည်။

လုံမေတို့သားအဖအတွက်လည်း စိုးရိမ်သွား၏။

ယို့ဟုန်က....

'ယို့ဖုံး မင်းလုံမေနဲ့ ဘယ်တော့မှ လက်မထပ်ရဘူးလို့ ငါပြောတယ်၊ ငါ့စကားကို မယုံရင် စမ်းကြည့်ပေါ့'

ဖခင်အကြောင်း သိထားသည့် ယို့ဖုံးက တောင်းပန်တိုးလျှိုးလိုက်လေသည်။

'ဖေဖေ…သူတို့ကို ဒုက္ခမပေးပါနဲ့ ဖေဖေ၊ ကျွန်တော် တောင်းပန်ပါတယ်'

'ဩော်…သူတို့အတွက်ကျတော့ မင်းက စိုးရိမ်တယ် ဟုတ်လား၊ ငါတို့ကျတော့ ဂရုမစိုက်ဘူးပေါ့လေ'

'ဒီလိုမဟုတ်ပါဘူး ဖေဖေရယ်၊ ကျွန်တော်ဟာ ညီမလေးလုံမေကို လက်မထပ်လို့ မရတော့လို့ပါ'

ယို့ဟုန်က….

'ဘာကြောင့် မရရမှာလဲကွ၊ သူတို့ဘက်ကနေ နစ်နာတယ်ထင်ရင် ငါလျော်ကြေးပေးလိုက်မှာပေါ့'

ယို့ဖုံးက…

'ဖေဖေ သူတို့ဟာ ငွေမက်တဲ့လူတွေ မဟုတ်ကြပါဘူး'

'ဘာကွ၊ ငါကတော့ ငွေမက်တယ်လို့ မင်း ပြောချင်တာလား'

'ကျွန်တော်'



'မင်း ဘာမှစကားမရှည်နဲ့၊ အဲဒီမိန်းကလေးနဲ့ အဆက်ဖြတ်လိုက်ရမယ်၊ ဒါမှမဟုတ်ရင် ငါ့အကြောင်း သိမယ်'

ယို့ဟုန်က အပြတ်ပြောလိုက်ခြင်းကြောင့် ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

ယို့ဟုန်က…

'ဒေသခံလူမျိုးတွေနဲ့ တူထောင်ထားတဲ့ ကေရာဇ်ရဲတိုက်ကို မင်းအားကိုးရင် အမှားကြီး မှားသွားလိမ့်မယ်၊ သူတို့ကို အောက်တန်းကျတဲ့ လူဆိုးခားပြတွေကို ငါက ဂရုစိုက်တာမဟုတ်ဘူး၊ ညနေက ရွှေညော့သည် တည်းခိုခန်းမှာ သူတို့လူတစ်ယောက်နဲ့ တွေ့ဆုံခဲ့တယ်ဆိုတာလဲ ငါသိပြီးပြီ ယို့ဖုံး၊ ငါ့ကို သေသေချာချာကြည့်စမ်း၊ ငါ့စကားနားမထောင်ရင် ကေရာဇ်ရဲတိုက်ရော လုံမေတို့သားအဖပါ ဒုက္ခရောက်သွားမယ်ဆိုတာ မြဲမြဲမှတ်ထား၊ ကဲ….မင်းသွားတော့'

ယို့ဖုံးသည် အရာရာတွင် သိမြင်နှံ့စပ်လွန်းသော ဖခင်ဖြစ်သူအား မည်သို့မျှ ပြန်မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ချကာ ထွက်သွားလေတော့သည်။

ယို့ဖုံး ထွက်သွားပြီ ဖြစ်သည်။

ယို့ဟုန်က....

'ကျိမင်....'

ဟု ခေါ်လိုက်၏။

လူတစ်ယောက်သည် သူ၏ရှေ့သို့ ချက်ချင်း ရောက်ရှိလာလေသည်။

ထိုလူမှာ ယို့ဟုန်၏ လက်ရုံး ကျိမင် ဖြစ်သည်။

ကျိမင်သည် ယို့ဟုန် အလိုရှိသမျှ ဖန်းတီးပေးနိုင်သည့် အစွမ်းအစရှိသူလည်း ဖြစ်သည်၊

ထို့ကြောင့်လည်း ယို့ဟုန်က ကျိမင်ကို အခကြေးငွေ အမြောက်အမြား ပေးကာ လက်ထပ်မွေးထားခြင်းလည်းဖြစ်လေသည်။

ကျိမင်က ဦးညွှတ်လိုက်သည်။

'အမိန့်ရှိပါ သူဌေးမင်း'

ယို့ဟုန်က....

'ရွှေညော့်သည်တည်းခိုခန်းမှာ ကေရာဇ်ရဲတိုက်က လူတစ်ယောက် ရောက်နေတယ်'



'ဟုတ်ကဲ့'

'မနက်ဖြန်မနက် သူ မျက်နှာသစ်စရာမလိုတော့ဘူးလို့ ငါ ထင်တ....'

'ဟုတ်ကဲ့'

'ပေ့ကျေးရွာက လုံယိပိုင်ဆိုင်တဲ့ ကုန်စုံဆိုင်ဟာ မီးလောင်ပျက်စီးပြီး လုံယိတို့သားအဖ မီးထဲပါသွင်းတယ်လို့ ငါသတင်းကြားမိသလိုပဲ'

ကျိမင်က....

'ဟုတ်ပါတယ်၊ မနက်ဖြန်ညနေပိုင်းမှာ တကယ်ကို မီးလောင်ပျက်စီးပြီး သေဆုံးသွားကြပါလိမ့်မယ်'

ယို့ဟုန်ပြုံးလိုက်သည်။

'မြို့တော်ဝန်ကိုလဲ ပြောလိုက်ပါဦး၊ ကေရာဇ်ရဲတိုက်မှာ လူဆိုးဓားပြတွေ ခိုအောင်းနေတယ်လို့'

'ဟုတ်ကဲ့'

ယို့ဟုန်က လက်ဝှေ့ယမ်းပြလိုက်၏။

ကျိမင်က ဦးညွှတ်ကာ အခန်းတွင်းမှ ထွက်သွားလေသည်။

ယနေ့ည....

သူ့အတွက် အလုပ်ရှုပ်ရပေဦးမည်။

သိုင်းပညာတတ်ပြီး အလွန် ရက်စက် ကြမ်းကြုတ်သည့် ကြေးစား လူသတ်သမားငါးယောက် ငှားရမ်းရပေလိမ့်မည်။

ထို့ကြောင့် ကြေးစားငါးယောက်အနက် နှစ်ယောက်မှာ ရွှေညှော့သည် တည်းခိုခန်းတွင် လူသတ်မှု ကျူးလွန်ကြပေလိမ့်မည်။

ကျန်သုံးယောက်မှာ ပေ့ကျေးရွာသို့ ညတွင်းချင်း သွားရောက်ကာ လုံယိတ်သားအဖအား သတ်ပစ်၍ ကုန်စုံဆိုင်ကို မီးရှို့ပစ်ကြပေလိမ့်မည်။

ထိုကိစ္စများအတွက် ငွေအတော်များများ ကုန်လိမ့်မည် ဖြစ်သည်။

ကုန်ကျငွေတစ်ဝက်သည် သူ၏အိတ်ထဲသို့ ဝင်လာမည်ဖြစ်ကြောင်း ကျိမင် နားလည်ထား၏။

လက်တွေ့ လုပ်ကိုင်ဆောင်ရွက်ကြသူများထက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စီစဉ်ပေးသူက ပို၍တန်ဖိုးရှိပေသည်။

ခြေလက်များထက် ဦးခေါင်းက ပို၍တန်ဖိုးရှိသည့်သဘောဖြစ်သည်။

ကျိမင်သည် ယို့ဟုန်စေခိုင်းသည့်အတိုင်း လုပ်ကိုင် ဆောင်ရွက်သွားနိုင်ရန် အမြန်ဆုံး စီစဉ်လိုက်လေတော့သည်။

❦

## အပြိုင်အဆိုင်

ညဥ့်နက်ပြီ ဖြစ်သည်။

ယီယန်သည် ညစာစားသောက်ပြီးနောက် တည်းခိုခန်းအပေါ်ထပ်ရှိ သူ ငှားရမ်းထားသောအခန်းသို့ တက်လာခဲ့လေသည်။

သူဌေးကြီးယို့ဟုန်သည် အလွန်မာနကြီးသူ၊ ခေါင်းမာသူ၊ ဉာဏ်များသူ ဖြစ်လေသည်။

သူဌေးကြီး ယို့ဟုန်အား ဇော်ရာဇ်ရဲတိုက်ပိုင်ရှင် အလိုကျ လိုက်လျောလာစေဖို့ မလွယ်ကြောင်း သဘောပေါက်ထား၏။

သို့သော်....

ယီယန် မမှုပါချေ။

သံမဏိပမာ မာကျောသူတစ်ယောက်ပင် ဖော့ဖယောင်းပမာ ပျော့ပျောင်းသွားစေလောက်သည့် နည်းလမ်းများကို သူတို့ သိရှိထားကြပြီး ဖြစ်သည်။

သူဌေးကြီး ယို့ဟုန်အား မည်သို့ ကိုင်တွယ်ရမည်ကိုလည်း နည်းလမ်းရှာတွေ့ထားပြီး ဖြစ်လေသည်။

ယီယန်သည် လုပ်ကိုင်ဆောင်ရွက်စရာရှိသည်များကို လိုလေသေးမရှိ စီစဉ်ထားခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့်....

စိတ်ချလက်ချအနားယူရန် သူ၏အခန်းသို့ ပြန်လာခဲ့ခြင်း ဖြစ်သည်။

ယီယန်သည် အခန်းတွင်းသို့ရောက်လာပြီး ခုတင်ပေါ် လှဲချလိုက်ရာ မကြာမီမှာပင် အိပ်ပျော်သွားလေတော့သည်။



ဝ၁၆၄
ဗိုလ်မှူးဖိုးကွန်းလမ်းမအောင်

ထိုအချိန်တွင်....

မှောင်နေသည့်တည်းခိုခန်းရှေ့အမှောင်ရိပ်ထဲမှ လူနှစ်ယောက် ထွက်ပေါ်လာလေသည်။

ထိုလူနှစ်ယောက်သည် ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိပြီး ခါးကိုယ်စီ ဓါးချိတ်ထားကြ၏။

သူတို့၏ မျက်နှာများသည် လူသေ အလောင်းများပမာ ဖြူဖပ်ဖြူရော်ဖြစ်ကာ ဟန်အမူအရာ ကင်းမဲ့နေလေသည်။

နှစ်ယောက်သား စကားမပြောဘဲ ခြေလှမ်းကျဲကျဲဖြင့် လှမ်းသွားကြရင်း တည်းခိုခန်းရှေ့သို့ ရောက်ရှိသွားကြလေသည်။

ညဉ့်နက်ပြီဖြစ်ရာ တည်းခိုခန်း၌ လူရှင်းနေပေသည်။

တံခါးဖွင့်ထားသော်လည်း ညဘက် တာဝန်ကျသူမှာ ထိုင်ခုံကိုမှီကာ အိပ်ပျော်နေ၏။

အကယ်၍....

ညှော်သည် တစ်စုံတစ်ယောက် ရောက်လာပါက သူ့အား နှိုးလိမ့်မည်ဟု သဘောပိုက်ပြီး စိတ်အေးလက်အေး အိပ်ငိုက်နေခြင်းလည်း ဖြစ်လေသည်။

အေးတိအေးစက် လူနှစ်ယောက် ရောက်လာကြသောအခါ ထိုလူအား မနှိုးကြပါ။ ဂရုလည်း မစိုက်ဘဲ တည်းခိုခန်းထဲသို့ တန်းပြီး ဝင်သွားလေသည်။

F.5

တာဝန်ခံများ လုံးဝ မသိလိုက်ရတော့ချေ။

ထိုလူနှစ်ယောက်သည် အပေါ်ထပ်သို့ တက်သွားကြပြီး ယီယန် တည်းခိုနေသောအခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားကြလေသည်။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

တစ်ယောက်က ခေါင်းညိတ်ပြလိုက်လျှင် ကျန်တစ်ယောက်က ခါးမှ ဓားကို ဆွဲထုတ်ကာ တံခါးကြားသို့ထိုးသွင်းလိုက်၏။

'ချက်'

မြည်သံသဲ့သဲ့ ထွက်ပေါ်လာပြီး တံခါးပွင့်သွား၏။

ထိုလူနှစ်ယောက်သည် အချိန်ဖြုန်းမနေတော့ဘဲ လေ၏ လျှင်မြန်ခြင်းမျိုးဖြင့် အခန်းတွင်းသို့ ဝင်ရောက်သွားကြလေတော့သည်။



နံနက် မိုး စင်စင်လင်းပြီဖြစ်လေသည်။

ကျိမင်သည် ဝါးခန် သိမ်းဝေလိုက်ပြီး အိပ်ရာပေါ်မှ လူးလိမ့်ထလိုက်သည်။

ထိုအခါ...

သူနှင့်အတူ ယှဉ်တွဲအိပ်စက်မနေသော မိန်းမချောလေး နိုးသွားလေသည်။

မိန်းမချောလေးလ ခုတင်ပေါ်မှ ဆင်းသွားရန် ဟန်ပြင်နေသည်။ ကျိမင်၏လက်ကို လှမ်းဆွဲလိုက်ပြီး....

'အစ်ကိုကြီး၊ အစောကြီးရှိသေးတယ်၊ ပြန်တော့မလို့လား'

ဟု ပြောလာလေသည်။

ကျိမင်က ရှုန်းထွက်လိုက်လည်။

'ဒီကနေ့ အရေးကြီးတဲ့ကိစ္စ ရှိသေးတယ်၊ စောစောသွားမှ ဖြစ်မယ်'

မိန်းမချောလေးအား ဂရုမစိုက်ဘဲ ထွက်လာခဲ့လေသည်။

ထိုမိန်းမချောလေးမှာ သူ၏ ပဉ္စမမြောက်ဇနီး ဖြစ်ပါသည်။

ကျိမင်က အိမ်အပြင်ဘက်ထွက်လိုက်သည်နှင့် လူငယ်တစ်ယောက်က အပြေးအလွှားလာနေသည်ကို တွေ့ရ၏။

ထိုလူငယ်မှာ ကျီမင် လက်တိုလက်တောင်းခိုင်းစေနေသည့် တပည့်တစ်ယောက်လည်း ဖြစ်ပါသည်။

ကျီမင် မျက်မှောင်ကြုတ်သွားပြီး....

'မင်း....အလောတကြီး ဘယ်လိုဖြစ်လာတာလဲကွ'

ဟု မေးလိုက်သည်။

လူငယ်က....

'ဆရာ...ရွှေညော့်သည် တည်းခိုခန်းမှာ ပြဿနာပေါ်နေပြီ ဆရာ'

ထိုစကားကြားလျှင် ကျီမင်ပြုံးလိုက်သည်။

'ဘာလဲ ယီယန်ဆိုတဲ့လူ အသတ်ခံလိုက်ရလို့လား'

လူငယ်က....

'မဟုတ်ဘူးဆရာ'

'ဘာကွ'

'တည်းခိုနေတဲ့ လူနှစ်ယောက်ဟာ ကိုယ့်ကိုကိုယ် ကြိုးဆွဲချပြီး အဆုံးစီရင်သွားကြတယ်တဲ့၊ သတင်းထူးလို့သွားကြည့်တော့ ဆရာနဲ့ မနေ့ညက တွေ့ခဲ့ကြတဲ့ သရဲညီနောင် ဖြစ်နေတယ်'

'ဟေ....'

ကျီမင် မျက်လုံးပြူးသွားလေသည်။



'သရဲညီနောင်က ရွှေညော့်သည် တည်းခိုခန်းကိုသွားပြီး တည်းခိုကြတယ်၊ ပြီးတော့ အခန်းထဲမှာ ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်ကြတယ် ဟုတ်လား'

လူငယ်က....

'ဟုတ်ပါတယ် ဆရာ'

ကျီမင် ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး....မဟုတ်ဘူး'

လူငယ် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ကျီမင်က....

'တစ်ခုခုတော့ မှားနေပြီကွ'

ဟု ပြောကာ ပြေးထွက်သွား၏။

လူငယ် ငူငူကြီးရပ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

ရွှေညို့သည် တည်းခိုခန်း ...

ကိုယ့်ကိုယ်ကို ကြိုးဆွဲချကာအဆုံးစီရင်သွားသူ နှစ်ယောက်ကြောင့် တစ်မြို့လုံး အုတ်အော်သောင်းနင်း ဖြစ်သွားကြလေသည်။

ရွှေညို့သည် တည်းခိုခန်းရှေ့သို့ ကျီမင်ရောက်ရှိလာသောအခါ လူအများ စုရုံးကာ ဝိုင်းအုံကြည့်ရှုနေကြသည်ကို တွေ့မြင်ရလေသည်။

ကျီမင် ရင်ထိတ်သွားသည်။

သရဲညီနောင် သေဆုံးသွားကြသည်မှာ အမှန်ပင် ဖြစ်လေသည်။

ကျီမင် မယုံကြည် နိုင်ပါ။

'သူတို့က သူများကိုသတ်ဖို့သွားကြတာ ဘာကြောင့် ကိုယ့်ကိုယ်ကို သတ်သေရမှာလဲ'

ဟု ရေရွတ်လိုက်၏။

မှန်ပေသည်။

သရဲညီနောင်သည်လူသတ်သမားများဖြစ်ကြပြီး ကိုယ့်ကိုယ်ကို သတ်သေမည့်သူများ မဟုတ်ကြချေ။

ထိုစဉ်....



တည်းခိုခန်းထဲမှ ယီယန်ထွက်လာသည်ကို တွေ့လိုက်ရ၏။ ယီယန်သည် အလွန်စိတ်မကောင်းသည့်အသွင် ရှိနေသည်။

သို့သော်....

လှမ်းကြည့်လိုက်သော ယီယန်နှင့်မျက်နှာချင်းဆိုင် မျက်လုံးချင်း ဆုံမိလိုက်လျှင် ကျီမင် အသည်းအေးသွားသည်။

ဘာမှ စဉ်းစားမနေတော့ဘဲ ချာခနဲလှည့်ကာ ထွက်လာခဲ့မိလေတော့သည်။

❦

'တောက်'

သူဌေးကြီးယို့ဟုန် ဒေါသတကြီး တက်ခေါက်လိုက်လေသည်။

ကျီမင်မျက်နှာ ပျက်နေ၏။

ယို့ဟုန်နှင့် မျက်နှာချင်းမဆိုင်ဝံ့ဘဲ ခေါင်းငုံ့ထားလိုက်၏။

ယို့ဟုန်က....

'သရဲညီနောင်က ဘာကြောင့် ကိုယ့်ကိုယ်ကို သတ်သေသွားရတာလဲ၊ ဒါ ယီယန်ရဲ့ လက်ချက်ကြောင့်ပဲ ဖြစ်ရမယ်'

ကျီမင်က....

'ဟုတ်ပါတယ် သူဌေးမင်း၊ ကေရာဇ်ရဲတိုက်ပိုင်ရှင်ဟာ အင်မတန်ကြောက်စရာကောင်းတဲ့ လူသတ်သမားတစ်ယောက်တစ်ယောက်ကို လွှတ်လိုက်တာပါ'

ယို့ဟုန် မည်သို့သဘောပေါက်ထားမည်ဆိုသည်ကို မသိပါ၊ သူကမူ ယီယန်အား ကြောက်ရွံ့နေပြီ ဖြစ်လေသည်။

ယို့ဟုန်က....

'ဘာကွ၊ ကြောက်စရာကောင်းတဲ့ လူသတ်သမား တစ်ယောက်ကို လွှတ်လိုက်တာ ဟုတ်လား'

'ဟုတ်....ဟုတ်ပါတယ်'

'ယီယန်ကို လူသတ်သမားလို့ မင်းထင်နေတာလား'

'ဟုတ်ပါတယ်'

'မင်းမှားသွားပြီ'

'ဗျာ'

'ယီယန်ဟာ နှလုံးရည်သမားပဲ၊ သူနဲ့အတူလိုက်လာတဲ့ သူတွေ ရှိရဦးမယ်'

ကျီမင် ပင့်လက်ရှိုက်လိုက်သည်။



ကေရာဇ်ရဲတိုက်သည် ကြောက်မက်ဖွယ်ရာကောင်းကြောင်း သတင်းများ ကြားနေရသည်မှာ အမှန်ပင်ဖြစ်သည်ဟု ယုံကြည်လာလေသည်။

ယို့ဟုန်က....

'သူတို့က ဘာမဟုတ်တဲ့ ကြေးစားနှစ်ယောက်ကို သတ်ပစ်လိုက်တာနဲ့ ကျုပ်က ကြောက်ရမှာလား ကျီမင်'

ကျီမင် ဦးညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ အမိန့်ရှိပါ'

ယို့ဟုန်က....

'မင်းက ယီယန်ကို မျက်ခြည်မပြတ် စောင့်ကြည့်ထားပါ၊ ကျုပ်က မြို့တော်ဝန်နဲ့သွားတွေ့မယ်'

ကျီမင်က ...

'ကောင်းပါပြီ ခင်ဗျာ'

ယို့ဟုန်က လက်ဝှေ့ယမ်းပြလိုက်လျှင် ကျီမင် ချက်ချင်း ထွက်သွားလေသည်။

ယို့ဟုန် အံကြိတ်လိုက်သည်။

'ငါ့အကြောင်း သိအောင် ပြရသေးတာပေါ့'

ဟုလည်း ကြုံးဝါးလိုက်သည်။

ထို့နောက်....

မြို့တော်ဝန်ထံသို့သွားရန် မြင်းလှည်းကို အသင့်ပြင်ထားခိုင်းလိုက်ပြီး အဝတ်အစားလဲရန် သူ၏သီးသန့်အခန်းအတွင်းသို့ ဝင်လိုက်လေသည်။

သီးသန့်ခန်းအတွင်းသို့ရောက်ရ သူ၏နှာခေါင်းထဲ၌ သွေးညှီနံ့ ရှူလိုက်ရလေသည်။

ယို့ဟုန် မျက်မှောင်ကြုတ်သွား၏။

ဟိုဟိုသည်သည်ကြည့်လိုက်ရာ စားပွဲပေါ်တွင် တင်ထားသော ပစ္စည်းတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ထိုပစ္စည်းမှာ ရွှေလင်ပန်းတစ်ချပ်ဖြစ်သည်။

ရွှေလင်ပန်းက ထူးခြားသည်မဟုတ်ဘဲ လင်ပန်းထဲတွင်ထည့်ထားသည့် ပစ္စည်းက ထူးခြားနေခြင်း ဖြစ်သည်။

ရွှေလင်ပန်းထဲ၌ မြင်းခေါင်းတစ်လုံး ရှိနေသည်။

မြင်းတစ်ကောင်အား လောလောလတ်လတ် ခေါင်းဖြတ်သတ်ထားခြင်း ဖြစ်လေသည်။

ထိုမြင်းဦးခေါင်းသည်...

'အံမယ်လေး'

ယို့ဟုန် စူးစူးရှရှ အော်ဟစ်လိုက်၏။



ရွှေလင်ပန်းထဲမှ မြင်းခေါင်းသည် ငွေတစ်သိန်း တန်ဖိုးရှိသော မြင်းဖြူကြီး၏ ဦးခေါင်း ဖြစ်နေခြင်းကြောင့်တည်း။

ယို့ဟုန် ဆောက်တည်ရာမရ ဖြစ်သွားသည်။

အသင့်ပြင်ခိုင်းထားသော မြင်းလှည်းဖြင့် ထွက်သွားရာတွင် မြို့တော်ဝန်ဂေဟာသို့ မဟုတ်ဘဲ ရွှေညော့သည် တည်းခိုခန်းသို့ ဦးတည်လျက် ရှိနေပေတော့သည်။

ကေရာင်ရဲတိုက်သည် အစောင့်အကြပ် ထူထပ်စွာ ချထားသည့် မြင်းကောင်း မြင်းဖြူကြီး၏ ဦးခေါင်းကိုဖြတ်တောက်ရာ သူ၏သီးသန့်အခန်းအတွင်းသို့ ပို့ဆောင်ထားနိုင်သဖြင့် သူ၏ဦးခေါင်းကို အလိုရှိပါက အချိန်မရွေး ရယူနိုင်ကြောင်း သက်သေခံနေပြီ ဖြစ်သည်။

ယို့ဟုန်၏ မာန်မာနတို့ ကွာကျသွားလေတော့သည်။

ယနေ့....

လုံယိသည် နံနက်စောစော ဆိုင်ဖွင့်ပြီး လူဝလက်ဖက်ရည်ဆိုင်သို့လာသောအခါ ထူးဆန်းသော သတင်းတစ်ခု ကြားလိုက်ရလေတော့သည်။

သူ၏မိတ်ဆွေနှစ်ယောက်သည် ထုံးစံအတိုင်း သူ့ထက်အရင်ရောက်နှင့်နေကြပြီး ဆိုင်ရှင်လုံယိ ရောက်သွားသောအခါ ထိုင်ခုံတစ်လုံး ဆွဲယူထိုင်ချလိုက်ပြီး....

'ဘာတွေများ ဒီလောက်တောင် စကားကောင်းနေကြတာလဲဗျ'

ဟု မေးလိုက်၏။

ထိုအခါ ဆိုင်ရှင်လူဝက....

'ဟုတ်ပါရဲ့၊ ခင်ဗျားရောက်လာတာတောင် သတိမပြုမိလိုက်ဘူး၊ ရွာအရှေ့ဘက်က ချောင်းထဲမှာ ပြဿနာ ပေါ်နေတယ်လေ'

လုံယိက....

'ဘာများဖြစ်လို့လဲဗျ'

လူဝက....

'လူသုံးယောက်ပေါ့ဗျာ၊ အရက်တွေမူးပြီး ချောင်းထဲ ပြုတ်ကျထာပဲ ဖြစ်မယ်၊ ရေနစ်ပြီး သေနေကြတယ်လေ'



'ဟင်'

လုံယိ၏ မိတ်ဆွေတစ်ယောက်က....

'ထူးဆန်းတာက သူတို့ဟာ ကိုယ်ကျပ်အင်္ကျီတွေ ဝတ်ထားပြီး ခေါင်းလုံလက်နက်ကိုယ်စီ ဆောင်ထားကြတယ်ဗျ'

ဟု ပြောလျှင် ကျန်တစ်ယောက်က....

'ဟုတ်တယ်၊ သူတို့မှာ ခရီးဆောင်ပစ္စည်းဆိုလို့ ဘာမှမပါဘူး၊ ခရီးသည်တွေ မဖြစ်နိုင်ဘူးဗျ'

လုံယိက....

'ခရီးသည်တွေ မဖြစ်နိုင်ဘူးဆိုတော့ ဘယ်သူတွေဖြစ်မလဲ'

ဟု မေးလိုက်၏။

လူဝကြီးက....

'သူတို့ရဲ့အလောင်းတွေကို ဆယ်ယူနေတုန်း ဖြတ်သွားတဲ့ ခရီးသည် တစ်ယောက်ကတော့ အဲဒီလူတွေဟာ ဝေမြို့က ကြေးစား လူသတ်သမားတွေလို့ ပြောသွားသံကို ကြားရတယ်ဗျ'

'ဟာ'

လုံယိ ထိတ်လန့်သွားလေသည်။

ဝေမြို့မှ ကြေးစားလူသတ်သမား သုံးယောက်သည် အဘယ်ကြောင့် ဤနေရာသို့ ရောက်လာကြပါသနည်း။

အဘယ်ကြောင့် ချောင်းထဲကျသေရသည်အထိ အရက်မူးခဲ့ကြရပါသနည်း။

အဖြစ်အပျက်သည် ရှုပ်ထွေးနေသည်။

သို့သော် ...

တွေးရင်းတွေးရင်း လုံးယိသည် တစ်စုံတစ်ခုကို နားလည်သလို ရှိလာလေတော့သည်။

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မြင်းစီးသမားတစ်စုသည် မြေနီလမ်းလေးအတိုင်း ခရီးနှင်နေကြလေသည်။

ထိုမြင်းစီးသမားများသည် သစ်လွင်တောက်ပသော ရွှေဝါရောင် အဝတ်အစားများ ဝတ်ဆင်ထားကြလေသည်။



ဓားကိုယ်စီ ချိတ်ထားကြသလို ကျောပေါ်တွင် လေးမြားလွယ်ထားကြသည်။

အချို့က ကြက်လျှာသဏ္ဌာန် အလံများ ကိုင်ဆောင်ထားကြသည်။

အလံများပေါ်တွင် ဂဠုန်ပုံချီးကျူးသည့် စာတန်းများ ရေးသားထား၏။

မည်သူ့အား ဂဠုန်ပုံချီးကျူးခြင်း ဖြစ်ပါသနည်း။

ဝေမြို့တော်ဝန် ပေ့ချီအား ချီးကျူးထားခြင်း ဖြစ်သည်။

မှန်ပေသည်။

ထိုမြင်းစီးသမားများသည် ဝေမြို့တော်ဝန်၏ ကိုယ်ရံတော်များ ဖြစ်ကြပေသည်။

ကိုယ်ရံတော်တပ်ဖွဲ့အား ဦးဆောင်လာသူမှာ ဝေမြို့တော်ဝန် 'ပေ့ချီ' ကိုယ်တိုင် ဖြစ်နေပါတော့သည်။

မြို့တော်ဝန်ပေ့ချီသည် သူ၏ ကိုယ်ရံတော်တပ်ဖွဲ့နှင့်အတူ ခရီးထွက်လာခြင်းလည်း ဖြစ်သည်။

နေဝန်းနီမှာ ကောင်းကင်ပေါ်သို့ တစ်စထက်တစ်စ မြင့်တက်လာလေသည်။

နေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပလာလေသည်။

မြို့တော်ဝန်ပေချို့က အဝေးသို့ မျှော်ကြည့်လိုက်သောအခါ တောင်ကုန်းတစ်ခုပေါ်၌ တည်ဆောက်ထားသည့် ရဲတိုက်ကြီး တစ်ခုအား တွေ့မြင်လိုက်ရလေသည်။

မြို့တော်ဝန်ပေချို့ သက်ပြင်းချလိုက်သည်။

မြင်တွေ့နေရသော ရဲတိုက်သည် ကေရာဇ်ရဲတိုက် ဖြစ်ပါသည်။

သူကလည်း ကေရာဇ်ရဲတိုက်သို့ ဦးတည်လာခဲ့ခြင်း ဖြစ်သည်။

ယခုလို လာခဲ့ရသည်မှာ သူ စီးပွားဘက် သူဌေးကြီး ယို့ဟုန်က အကူအညီတောင်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

မြို့တော်ဝန်ပေချို့သည် ဩဇာအရှိန်အဝါ ကြီးမားသူဖြစ်ပါသည်။

ကေရာဇ်ရဲတိုက်မှလူများသည် ဝေမြို့သို့တိုင် လာရောက်သောင်းကျန်းသွားသည်ဟု သိရသောအခါ သဘောမကျနိုင်ပါတော့ချေ။

ကေရာဇ်ရဲတိုက်ပိုင်ရှင်နှင့် တွေ့ဆုံရန် အမြန်ဆုံး ခရီးနှင်လာခဲ့ခြင်း ဖြစ်ပါတော့သည်။

'ခွပ်ခွပ်...ခွပ်ခွပ်'

'ဖျောင်းဖျောင်း... ဖျောင်းဖျောင်း'



မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသလို လမ်းပေါ်၌ ဖုန်တထောင်းထောင်း ထသွားလေသည်။

မကြာပါချေ။

မြို့တော်ဝန်ပေချို့တို့ လူစုသည် ကေရာဇ်ရဲတိုက်ရှိရာ တောင်ကုန်းလေးပေါ်သို့ ရောက်ရှိသွားကြလေသည်။

ကေရာဇ်ရဲတိုက်....

ကေရာဇ်ရဲတိုက်သည် နီညိုရောင် ဂဝံကျောက်တုံးကြီးများဖြင့် ဆောက်လုပ်ထားသော ရှေးဟောင်း ရဲတိုက်ကြီးတစ်ခု ဖြစ်ပါသည်။

ရဲတိုက်များမှာ အိုမင်းဟောင်းနွမ်းကာ အထင်ကြီးစရာ မရှိပေ။

ရဲတိုက်တံခါးများ ဟာလာဟင်းလင်း ဖွင့်ထားသလို တိတ်ဆိတ် ငြိမ်သက်နေ၏။

ရဲတိုက်အဝင်လမ်းတွင် အဘိုးအိုတစ်ယောက် တံမြက်လှည်းနေသည်ကို တွေ့ရ၏။

'ဟေး....'

မြို့တော်ဝန်ပေချို့က ညာသံတစ်ချက်ပေးကာ လက် တစ်ဖက် အပေါ်မြှောက်ပြလိုက်သည်။

တစ်ဖန် မြင်းဇက်ကြိုး တင်းတင်းဆွဲကာ မြင်းကို ရပ်တန့်လိုက်လေသည်။

ကိုယ်ရံတော် တပ်ဖွဲ့ဝင်များကလည်း ချက်ချင်း ရပ်တန့်လိုက်ကြလေသည်။

မြို့တော်ဝန်ပေ့ချီက....
'ကောက်လေ့'

ဟု ခေါ်လိုက်၏။

ခန္ဓာကိုယ် ထွားကြိုင်းသန်မာပြီး ရဲဝံ့သည့်အသွင်ရှိသူ တစ်ယောက်က အနီးသို့ ချက်ချင်း ရောက်ရှိလာသည်။

မြို့တော်ဝန် ပေ့ချီ၏လက်ရုံး ကောက်လေ့ ဖြစ်လေသည်။

ကောက်လေ့က....

'အမိန့်ရှိပါ မြို့တော်ဝန်'

မြို့တော်ဝန်ပေ့ချီက....

'ရဲတိုက်ကို ကြည့်စမ်းပါဦး၊ ခင်ဗျား ဘယ်လိုသဘောရသလဲ'

ဟု မေးလေသည်။

ကောက်လေ့က....

'ရှေးဟောင်း ရဲတိုက်ကြီးတစ်ခုပါ မြို့တော်ဝန်'



'ဒီရဲတိုက်ဟာ ကေရာဇ်ရဲတိုက်ပဲ'

'ဟုတ်ပါတယ် ...မြို့တော်ဝန်'

မြို့တော်ဝန်ပေ့ချီက...

'သူတို့ဟာ ဒုစရိုက်ဂိုဏ်းတစ်ခုဆိုပါတော့'

'ဟုတ်ပါတယ် မြို့တော်ဝန်'

'သူတို့ဟာ လျှို့ဝှက်ဖွဲ့စည်းထားတဲ့ သိုင်းအဖွဲ့ကြီးတစ်ခု ဖြစ်တယ်လို့ ကျုပ် သတင်းကြားတယ်'

ကောက်လေ့က....

'လူဆိုးသူခိုးတွေ ပါဝင်နေကြတော့ အနက်ရောင် သိုင်းသမားတွေလဲ ပါနိုင်တဲ့သဘော ရှိပါတယ်'

ဟု ပြောလေသည်။

သူ၏စကားသည် ကေရာဇ် ရဲတိုက်အပေါ် လွန်စွာမှပင် အထင်သေးသည့်သဘော ဆောင်လေသည်။

မှန်ပေသည်။

ကေရာဇ်ရဲတိုက်သည် အကြောင်းမသိသူများအတွက် မကြာမီ ပြိုကျပျက်စီးသွားတော့မည့် ရဲတိုက်ကြီးတစ်ခုသာ ဖြစ်လေသည်။

လုံး၀ အထင်ကြီးစရာမရှိပါ။

ဘယ်တုန်းကမှလည်း ထောင်လွှားခဲ့ခြင်း မရှိပါ။

အကြောင်းသိသူများအတွက်ကား အလွန်ကြောက်စရာကောင်းသူများဖြင့် ဖွဲ့စည်းထားသော အလွန်အင်အားတောင့်တင်းသည့် အဖွဲ့အစည်းကြီးတခု ဖြစ်လေသည်။

ကေရာဇ်ရဲတိုက်သည် အလွန်ကျယ်ပြန့်သည့် အမိန့်သြဇာကို ပိုင်ဆိုင်ထားမှန်း သိကြလေသည်။

မြို့တော်ဝန်ပေချီက....

'ကေရာဇ်ရဲတိုက်ကို မင်းက အထင်မကြီးဘူးပေါ့'

ဟု မေးလေသည်။

ကောက်လွှေက....

'ဟုတ်ပါတယ်၊ အထင်ကြီးစရာ တစ်ကွက်မှ မရှိပါဘူး မြို့တော်ဝန်'

မြို့တော်ဝန် ပေချီက....

'ကောင်းပြီ၊ သူတို့ကိုဆုံးမဖို့ မင်းကို တာဝန်ပေးမယ်ဆိုရင်ကော'



ဟု မေးလိုက်ပြန်သည်။

ကောက်လွှေ ရင်ကော့လိုက်သည်။

'ကျုပ် ရဲရဲကြီးတာဝန်ယူပါတယ် မြို့တော်ဝန်'

မြို့တော်ဝန် ပေချီ ပြုံးလိုက်သည်။

'ကောင်းတယ်၊ အချိန်တန်ရင် ကျွန်ုပ်ပြောပါ့မယ်၊ ကဲ- ရဲတိုက်ထဲဝင်ပြီး ကျုပ်တို့ ရောက်တဲ့အကြောင်း သိအောင် ပြောလိုက်ပါဦး'

'ဟုတ်ကဲ့'

ကောက်လွှေသည် ချက်ချင်းပင် မြင်းပေါ်မှ ခုန်ဆင်းကာ တံမြက်လှည်းနေသော အဘိုးအိုထံသို့ ချဉ်းကပ်သွားလိုက်လေသည်။

ထိုအခါ အဘိုးအိုသည် တံမြက်စည်းကို ဘေးချကာ ကောက်လွှေအား လှမ်းကြည့်လာပါသည်။

ကောက်လွှေက....

'ခင်ဗျားဟာ ဒီရဲတိုက်ကလား'

ဟု မေးလိုက်လေသည်။

အတိုးအို ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ကွယ်'

ကောက်လေ့က....

'ဒီရဲတိုက်ဟာ ဧကရာဇ်ရဲတိုက်ဆိုတာကော ဟုတ်သလား'

'ဟုတ်ပါတယ်ကွယ်'

'ကောင်းပြီ၊ ကျုပ်ဟာ ဝေ မြို့တော်ဝန်ရဲ့ လက်ရုံး ကောက်လေ့ပဲ၊ မြို့တော်ဝန် ကိုယ်တိုင် ကြွရောက်လာတယ်၊ အမြန်ဆုံးထွက်ပြီး ကြိုဆိုပါလို့ ခုချက်ချင်း သွားပြောလိုက်ပါ'

ကောက်လေ့၏ ခက်ထန်မာကျောသော စကားကြောင့် အတိုးအို ထိတ်လန့်တုန်လှုပ်သွားဟန် ရှိလေသည်။

'ဟင်... ဝေ မြို့တော်ဝန် ရောက်လာတယ် ဟုတ်လား၊ ကောင်းပါပြီ၊ ကျုပ်သွားပြီး အကြောင်းကြားလိုက်ပါ့မယ်ကွယ်'

တံမြက်စည်းကို ပစ်ချကာ ရဲတိုက်အတွင်းသို့ ကတုန်ကယင် ပြေးဝင်သွားလေသည်။

ကောက်လေ့ သဘောကျစွာ ပြုံးလိုက်သည်။

ဧကရာဇ်ရဲတိုက်အား အမှုထားစရာမလိုဘဲ သူတို့ကိုသာ ဧကရာဇ်ရဲတိုက်က ကြောက်ရွံ့ရမည်ဟု ယုံကြည်ထား၏။



မကြာပါချေ။

ရဲတိုက်မှ လူသုံးလေးယောက် ပြေးထွက်လာကြသည်ကို တွေ့ရလေသည်။

ထိုလူများသည် ဟောင်းနွမ်းသော အစိမ်းရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်။

ဆံပင်များ ဖိုသီဖတ်သီ ဖြစ်နေသည်။

မျက်နှာများလည်း မုတ်ဆိတ် နှုတ်ခမ်းမွေးများဖြင့် ညှဉ်းသိုးသိုး ဖြစ်နေသည်။

ထိုလူများသည် ကောက်လေ့ရှေ့သို့ ချက်ချစ်း ရောက်ရှိလာပြီး ဦးညွှတ်လိုက်ကြသည်။

'မြို့တော်ဝန်ကို ဂါရဝပြုပါတယ်'

ဟု ပြိုင်တူ ပြောလိုက်ကြ၏။

ကောက်လေ့ မဲ့ပြုံးပြုံးလိုက်သည်။

'ဧကရာဇ်ရဲတိုက်ဆိုပြီး ဟိတ်တစ်လုံး ဟန်တစ်လုံးလုပ်နေကြတာ ဝေမြို့က အခြေအနေမဲ့တွေနဲ့ ဘာများထူးလဲ'

ဟု ရေရွတ်လိုက်သည်။

ကေရာဇ်ရဲတိုက်အား နှိမ့်ချ ပြောဆိုလိုက်ခြင်း ဖြစ်လေသည်။

သို့သော်...

ထိုလူများသည် ဘာမှပြန်မပြောဘဲ ခေါင်းငုံ့ထားကြလေသည်။

ကောက်လှေကာ...

'မင်းတို့ ရဲတိုက်ပိုင်ရှင်ကော'

ဟုမေးလိုက်၏။

တစ်ယောက်က...

'ရဲတိုက်ရှင်ကြီး နေမကောင်းလို့ ဆေးကုခံနေတယ်'

'ဘာကွ'

'ရဲတိုက်ပိုင်ရှင်ကြီး မကျန်းမာလို့'

'ခြော် ...သူကိုယ်တိုင်ထွက်ပြီး မကြိုဆိုနိုင်ဘူးပေါ့'

'ဟုတ်ပါတယ်၊ ရဲတိုက်ထဲမှာ ကူးစက်ရောဂါတစ်ခု ဖြစ်ပွားနေပါတယ်၊ ဒါကြောင့်'

'တိတ်စမ်း'



ကောက်လှေကာ အသံက်တလန့် အော်ငေါက်လိုက်၏။

သူသည် ကျန်းမာသန်စွမ်းရေးကို အထူးပင် အလေးထားသူ ဖြစ်လေသည်။

ကေရာဇ်ရဲတိုက်တွင် ကူးစက်ရောဂါတစ်ခု ကျရောက်နေသည်ဟုသိရသောအခါ မှုံရှာသွားလေသည်။

'မင်းတို့နောက်ဆုတ်လိုက်ကြစမ်း'

ဟု ငေါက်လိုက်၏။

ကေရာဇ်ရဲတိုက်မှလူများက နောက်ဆုတ်လိုက်လေသည်။

ကောက်လှေကာ....

'ထွီ'

ခြေပေါ် တံတွေးထွေးချလိုက်ပြီး မြို့တော်ဝန်ထံသို့လှမ်းသွားလိုက်သည်။

မြို့တော်ဝန်က...

'ဘယ်လိုလဲ'

ဟု ဆီးကြိုမေးလေသည်။

ကောက်လေ့က ...

'မြို့တော်ဝန်ခင်ဗျာ ...ကျုပ်တို့ ဒီနေရာက အမြန်ဆုံး ထွက်သွားကြမှ ကောင်းပါလိမ့်မယ်'

'ဟင်....ဘာဖြစ်လို့လဲ'

'ကေရာဇ်ရဲတိုက်မှာ ကူးစက်ရောဂါတစ်ခု ဖြစ်ပေါ်နေပါတယ်'

'ဟင်'

'ဒါကြောင့် သူတို့နဲ့ပတ်သက်တဲ့ကိစ္စကို နောက်မှ ဖြေရှင်းတာ ကောင်းပါလိမ့်မယ်'

မြို့တော်ဝန်ပေ့ချီ သဘောတူလိုက်လေသည်။

'ကောင်းပြီလေ... ကူးစက်ရောဂါနဲ့ ရဲတိုက်ထဲမှာရှိတဲ့ လူတွေအားလုံး သေကုန်ကြတော့လဲ ကောင်းတာပေါ့'

သူတို့သည် လာရင်းကိစ္စကို လျစ်လျူရှုထားလိုက်ကြသည်။ ကောက်လေ့က ...

'မြို့တော်ဝန်ခင်ဗျာ၊ ဒီနယ်ဘက်ကို ရောက်လက်စနဲ့ လမ်းမှာတွေ့တဲ့ ရွာတွေမှာ အခွန် အကုန်ဝင်ကောက်သွားကြရင် ကောင်းမယ်ထင်ပါတယ်'



ဟု မြင်းပေါ်ခုန်တက်ပြီး အကြံပေးလိုက်၏။

မြို့တော်ဝန် ပေ့ချီပြုံးလိုက်သည်။

'သိပ်ကောင်းတာပေါ့၊ ကဲ ...သွားမယ်'

သူတို့သည် မည်သူသေသေ ငတေမာပြီးရောဆိုသူများ ဖြစ်ကြလေသည်။

ထင်ရာစိုင်းနေသူများလည်း ဖြစ်သည်။

ကေရာဇ်ရဲတိုက်သို့ရောက်လာကြသည့်ရည်ရွယ်ချက်မှာလည်း မယ်မယ်ရရ မဟုတ်ပါ။

မြို့တော်ဝန်ပေ့ချီတို့လူစု ထွက်လာကြသည်ကို တွေ့လျှင် ကေရာဇ်ရဲတိုက်မှ လူများသည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး....

'ဟား....ဟား....ဟား'

'ဟား... ဟား....ဟား'

သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

ထိုစဉ်....

ရဲတိုက်ထဲမှ အသားမည်းမည်း ဝဝလူတစ်ယောက် ထွက်လာပြီး....

'ဟေ့ ကောင်တွေ သိပ်လဲသဘောကျမနေကြနဲ့ဦး လုပ်စရာရှိသေးတယ်၊ မြန်မြန်ပြန်လာကြ'

ဟု လှမ်းခေါ်လိုက်၏။

အားလုံးက ချက်ချင်း ပြေးသွားကြလေသည်။

မှန်ပေသည်။

သူတို့တွင် ဆောင်ရွက်စရာကိစ္စများ ရှိနေသေးသည် မဟုတ်ပါလား။

ကေရာဇ်ရဲတိုက်အား ပမာမခန့် ပြုလုပ်သူများသည် ကျိန်းသေ နောင်တရကြလိမ့်မည် ဖြစ်လေသည်။

ကူးစက်ရောဂါ

နေမှန်းတည့်တော့မည် ဖြစ်ပေသည်။

မြို့တော်ဝန်ပေ့ချို ခေါင်းဆောင်သောလူစုသည် ပေကျေးရွာသို့ ရောက်ရှိလာကြလာလေသည်။

လမ်းတစ်လျှောက် တွေ့သမျှ မြို့ရွာများတွင် ဝင်ရောက်ကာ အခွန်အတုတ် ကောက်ခံခဲ့ကြသဖြင့် ကျွန်းသေတ္တာတစ်လုံး အပြည့် ငွေများ ရရှိခဲ့လေသည်။

အမှန်တော့....

ဝေမြို့စား ပေ့ချိုတွင် ထိုသို့ မိမိသဘောဖြင့် အခွန်အတုတ် ကောက်ခံခွင့် မရှိပါ။

ပေ့ချိုက မြို့တော်ဝန်ဟူသော အရှိန်အဝါကို အသုံးချကာ မတရားကောက်ယူခဲ့ခြင်း ဖြစ်လေသည်။

ပေကျေးရွာသို့ရောက်သော်အခါ အနားယူပြီး နံနက်စာစားသောက်ရန် စီစဉ်ထားကြလေသည်။

ပေကျေးရွာသို့ ရောက်လျှင်ရောက်ချင်း ရွာသူကြီး၏အိမ်တွင် ရွာသူရွာသားများကို စုဝေးစေသည်။

အခွန်အတုတ်များ ယူဆောင်လာကြဖို့နှင့် စားသောက်ဖွယ်ရာများ ယူလာဖို့ အမိန့်ထုတ်လိုက်လေသည်။

ရွာသူရွာသားများကား ရိုးသားပြီး ကြောက်ရွံ့တတ်ကြသူများဖြစ်ရကား မတရားကောက်ခံသည့် အခွန်အတုတ်များပေးကြရသည့်အပြင် အရက်နှင့်စားသောက်ဖွယ်ရာများ လိုလေသေးမရှိ ပြင်ဆင်ပေးရလေသည်။

မြို့တော်ဝန်ပေ့ချိုတို့လူစုကား စားသောက်ရင်း အေးအေးဆေးဆေး အနားယူနေလိုက်ကြလေသည်။

သို့သော်....

သူတို့အတွက် အနှောင့်အယှက်ဖြစ်စေမည့် ကိစ္စတစ်ခု ရုတ်ခြည်း ပေါ်ပေါက်လာလေသည်။

❦



မြို့တော်ဝန်ပေ့ချိုက အရက်တစ်ခွက် သောက်လိုက်သည်။

တောရွာလေးသို့ တစ်ကြိမ်တစ်ခါ ရောက်လာခဲ့သည်ဖြစ်ရကား တောရွာသဘာဝကို သဘောကျနေမိလေသည်။

ထို့အပြင်....

ရွာသူရွာသားများသည် မြို့ကြီးသားများကဲ့သို့ မဟုတ်ဘဲ ရိုးရိုးသားသား ရှိကြလေသည်။

မိန်းကလေးများမှာလည်း ရိုးရိုးဝတ်ဆင်ကြပြီး ကျန်းမာသန်စွမ်းကာ တစ်မျိုးတစ်ဖုံ ချောလှကြသည်။

ဤသည်ကို မြို့တော်ဝန်ပေ့ချို့နှင့် ကောက်လွှတို့ သဘောကျလေတော့သည်။

ကောက်လွှသည် မြို့တော်ဝန်ပေ့ချိုအား နောက်ထပ် အရက်တစ်ခွက် ငှဲ့ပေးလိုက်ပြီး....

'မြို့တော်ဝန်တော့ ဒီရွာကလေးကို သဘောကျနေပြီထင်တယ်'

ဟု ပြောလိုက်လေသည်။

မြို့တော်ဝန်ပေ့ချို ရယ်မောလိုက်လေသည်။

'ဟဲ....ဟဲ....ဟဲ သိပ်ဟုတ်တာပေါ့ကွာ၊ အတော့်ကို အေးချမ်းသာယာတဲ့ ရွာကလေးပဲ'

ကောက်လှေက ရိုကျိုးစွာဖြင့် ဝတ်ကြီးဝတ်ငယ်ဖြင့် ပြုစုနေသော ဆရာသူကြီးဘက်သို့ လှည့်ကာ...

'ကဲ...ဆရာသူကြီး၊ မြို့တော်ဝန်က ခင်ဗျားရဲ့ ရွာကလေးကို ချီးကျူးနေပြီဗျ'

ဟု ပြောလိုက်၏။

ဆရာသူကြီးက ကျေနပ်သွားလေသည်။

'ဟင်း....ဟင်း ကျေးဇူးတင်ပါတယ်ဗျာ'

ဟု ရယ်သွမ်းသွေးကာ ပြောလေသည်။

ကောက်လှေက....

'ဆရာသူကြီး... ခင်ဗျားတို့ရွာလေး ခုလို ဘာ့ကြောင့် အေးအေးချမ်းချမ်း နေထိုင်နိုင်ကြသလဲဆိုတာကော သိသလားဗျ၊ အဲဒါ မြို့တော်ဝန်ရဲ့ ကျေးဇူးပဲဗျ'

ဟု ပြောလိုက်၏။

'ဟုတ်ပါတယ်...ဟုတ်ပါတယ်'

ဆရာသူကြီးက ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ ထောက်ခံလိုက်လေသည်။

ကောက်လှေက....



'မြို့တော်ဝန်ရဲ့ကျေးဇူးကို နားလည် သဘောပေါက်တယ်ဆိုရင်တော့၊ ဟဲ... ဟဲ မြို့တော်ဝန် အနားယူတဲ့အခါမှာ ပြုစုဖို့ မိန်းကလေးနှစ်ယောက်လောက် ရှာပေးသင့်တာပေါ့၊ ခင်ဗျား ဘာလုပ်နေတာလဲ'

ယခုတစ်ကြိမ် သူ၏လေသံ အနည်းငယ် တင်းမာသွားလေသည်။

ဆရာသူကြီး မျက်နှာပျက်သွားလေသည်။

'ကျုပ်... ကျုပ်တို့ ရွာမှာ'

'ဘာလဲ... ခင်ဗျားက ရှာမပေးနိုင်ဘူးလား၊ မြို့တော်ဝန် စိတ်ဆိုးသွားရင် မလွယ်ဘူးနော်'

'ဟို .. ဟို'

ကောက်လှေက မျက်နှာထား တင်းတင်းဖြင့်....

'ကဲကွာ....အချိန်ကြာတယ်၊ အခုချက်ချင်း သွားရှာကွာ'

ဟု ငေါက်လိုက်လေသည်။

ဆရာသူကြီး ထိုင်ရခက် ထ,ရခက် ဖြစ်နေသည်။

မြို့တော်ဝန်အား မိန်းကလေးများ ဆက်သရမည် ဆိုခြင်းမှာ သူ့အတွက် အလွန်ခက်ခဲသော အလုပ်ကြီးတစ်ခု ဖြစ်နေပါတော့သည်။

ဤရွာကလေး၌ ပျက်စီးသောမိန်းကလေး မရှိပါ။

မိန်းကလေးများသည် မိကောင်းဖခင် သားသမီးများချည်း ဖြစ်လေသည်။

ရွာသူကြီး အခက်အခဲကြုံနေသည်ကို ရိပ်မိသော ကောက်လှေ က တင်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို ....

'သွားဗျာ၊ ခင်ဗျားတို့ရွာက ကုန်စုံဆိုင်ပိုင်ရှင် ယုံယိရဲ့သမီး လုံမေကို ခေါ်ခဲ့ဗျာ'

ဟု ငေါက်လိုက်၏။

ရွာသူကြီးမှာ နီးရာခေးကို ကြောက်ရွံ့နေသည်ဖြစ်ရကား မတတ်သာဘဲ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင် ....

'ခွပ်ခွပ် .... ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အားလုံး အံ့သြသွားကြသည်။



မြင်းခွာသံများ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ ....

မြင်းစီးသမား သုံးရာခန့်သည် ရွာထဲသို့ ဒုန်းစိုင်းဝင်ရောက်လာကြသည်ကို တွေ့လိုက်ကြရလေသည်။

မြင်းစီးသမားများသည် ရွာထဲသို့ အုပ်သင်းဖွဲ့ကာ ရောက်ရှိလာကြလေသည်။

ထိုမြင်းစီးသမားများသည် အဖြူရောင် ဝတ်ဆင်ထားကြပြီး လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသည်။

တိုက်ပွဲဝင်တော့မည့် စစ်သည်များအသွင်လည်း ရှိသည်။ အလံပေါင်းတစ်ရာကျော် ကိုင်ဆောင်လာကြသည်။

မြို့တော်ဝန် ပေချိုတို့လူစုထက် ဆယ်ဆခန့် အင်အားကြီးမားပြီး ကြီးကျယ်ခမ်းနား နေပါတော့သည်။

ထိုလူစုအား ဦးဆောင်လာသူမှာ ချပ်ဝတ်တန်ဆာများ ဝတ်ဆင်ထားသည့် စစ်သူကြီးတစ်ယောက် ဖြစ်လေသည်။

'ရှာသူကြီး ဘယ်မှာလဲဟေ့'

စစ်သူကြီး၏မေးမြန်းသံ ဟိန်းထွက်လာလေသည်။

ရှာသူကြီး ခပ်ကုပ်ကုပ်ကလေး ထွက်လာလေသည်။

'ကျုပ်....ကျုပ်က ရှာသူကြီးပါ'

ဟု ရိုကျိုးစွာ ပြောလိုက်လေသည်။

စစ်သူကြီးက....

'ဒီရွာကိုမြို့စားအယောင်ဆောင်ပြီး အခွန်အတုတ်ကောက်တဲ့ လူတွေ ရောက်လာကြတယ် မဟုတ်လား'

ဟု မေးမြန်းသည်။

'ဟင်'

'ဟာ'

မြို့တော်ဝန်ပေ့ချိုနှင့် ကောက်လေ့တို့ ထိတ်လန့်သွားလေသည်။

မြို့တော်ဝန်ပေ့ချိုက....



'ဒီကိစ္စကို မင်း တာဝန်ယူ ဖြေရှင်းလိုက်စမ်း'

ဟု ခိုင်းလိုက်၏။

ကောက်လေ့ ရှောင်လွှဲမရနိုင်တော့ပါ။

'ကောင်းပါပြီ.. မြို့တော်ဝန်'

ချက်ချင်းပင် ရှေ့သို့ထွက်ကာ စစ်သူကြီးနှင့် ရင်ဆိုင်လိုက်လေသည်။

စစ်သူကြီးအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး....

'ကျုပ်က မြို့တော်ဝန်ရဲ့ ကိုယ်ရံတော် ကောက်လေ့ ဖြစ်ပါတယ်၊ ကျုပ်တို့ဟာ မြို့တော်ဝန်နဲ့အတူ ခရီးထွက်လာရင်း လမ်းခရီးတစ်လျှောက် အခွန်အတုတ်တွေ ကောက်ယူခဲ့တာ ဖြစ်ပါတယ်'

ဟု ပြောလိုက်လေသည်။

စစ်သူကြီးက ဒေါပွသွား၏။

'ဘာကွ....မင်းတို့မြို့တော်ဝန်က ကိုယ့်သဘောနဲ့ကိုယ် အခွန်အတုတ်တွေကို ကောက်ယူခဲ့တယ် ဟုတ်လား၊ သူ ဘယ်မှာလဲ ခေါ်လိုက်စမ်း'

'ကျုပ်....ကျုပ် ဒီမှာပါ'

မြို့တော်ဝန်ပေ့ချိုသည် မနေသာတော့ဘဲ ခပ်ကုပ်ကုပ်ကလေး ထွက်လာခဲ့လေသည်။

ကောက်လေ့အပါအဝင် သူ့ကိုယ်ရံတော်များမှာ တုတ်တုပ်မျှ မလှုပ်ဝံ့ကြချေ။

သူတို့ မကျေမနပ် လှုပ်ရှားလိုက်မည်ဆိုလျှင် စစ်သူကြီး၏ အင်အားကြီးမားလှသော စစ်သည်တော်များ လက်ချက်ဖြင့် စိစိညက်ညက် ကြေမွသွားကြလိမ့်မည်ဟု နားလည်ထားကြလေသည်။

စစ်သူကြီးက....

'ခင်ဗျားက ဝေမြို့တော်ဝန် ဟုတ်လား'

'ဟုတ်....ဟုတ်ပါတယ်'

'နေပါဦး....ခင်ဗျားကို ဘယ်သူက အခွန်အတုတ်တွေ ကောက်ခိုင်းလို့လဲ'

'ကျုပ်....ကျုပ်'

'ခင်ဗျား လူတွေအပေါ်မှာ မတရားအနိုင်ကျင့်တဲ့သဘော လား'

'ဟို–ဟို...ကျုပ်က'

မြို့တော်ဝန်ပေ့ချို မည်သို့ပြောရမှန်း မသိတော့ပေ။

သူ၏တစ်ကိုယ်လုံး ချွေးများ စို့ရွှဲလာလေတော့သည်။

စစ်သူကြီးက တင်းမာခက်ထန်သော မျက်နှာထားဖြင့်—



'ခင်ဗျားတို့ အကျင့်ပျက်တဲ့လူစားမျိုးတွေကြောင့် ကျုပ်တို့ မင်းမှုထမ်းတွေ အပြစ်တင်ခံရတယ်၊ ခင်ဗျားမှာ အပြစ်ရှိနေပြီ၊ ပြင်းပြင်းထန်ထန် အပြစ်ပေးရလိမ့်မယ်'

မြို့တော်ဝန်ပေ့ချို မျက်လုံးပြူးသွားလေသည်။

'ကျုပ်... ကျုပ်ကို ချမ်းသာပေးပါဗျာ၊ တောင်းပန်ပါတယ်၊ နောက်....နောက်နောင် မလုပ်တော့ပါဘူးဗျာ'

ဟု ကပျာကယာ တောင်းပန်လိုက်လေသည်။

စစ်သူကြီးက....

'အပြစ်ရှိတာ ထင်ရှားနေမှတော့ ခွင့်လွှတ်လို့ဘယ်ရမလဲ၊ ကဲ... ရွာသူကြီး၊ သူက ဒီရွာမှာ ဘာတွေလုပ်ခဲ့သလဲ ပြောစမ်း'

မြို့တော်ဝန်ပေ့ချိုအား ဒေါက်ငမ်းကာ ရွာသူကြီးဘက်သို့ လှည့်မေးလိုက်လေသည်။

ရွာသူကြီးလည်း ကြောက်ရွံ့ရွံ့ဖြင့် မြို့တော်ဝန်ပေ့ချိုတို့ လူစု အခွန်အတုတ်အား မတရားကောက်ခံပုံ၊ မိန်းကလေးများ ရှာဖွေခိုင်းပုံများကို အမှန်အတိုင်း ပြောပြလိုက်လေသည်။

'တောက်'

စစ်သူကြီး ဒေါသတကြီး တောက်ခေါက်လိုက်လေသည်။

မြို့တော်ဝန် ပေ့ချိုကိုကြည့်ကာ....

'ကဲ.... ခင်ဗျား ဘာပြောချင်သေးသလဲ'

ဟု မေးလိုက်၏။

မြို့တော်ဝန် ပေ့ချို ခေါင်းငိုက်စိုက်ကျသွား၏။

စစ်သူကြီးက....

'ခင်ဗျား အပြစ်တွေ ဘုရင်မင်းမြတ်ကို တင်ပြလိုက်ရင် သေဒဏ်အပြစ်ပေးခံရမှာပဲ၊ ကဲဟေ့....သူ့ကိုဖမ်းလိုက်ကြစမ်း'

ဟု အမိန့်ပေးလိုက်လျှင် စစ်သည်တော်များက မြို့တော်ဝန် ပေ့ချိုအား ဖမ်းဆီးလိုက်ကြပြီး ကြိုးတုတ်လိုက်လေသည်။

ကောက်လှေ့ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်သွား၏။

သူလည်း ဒုက္ခရောက်ပြီဟု တွေးနေမိလေသည်။

စစ်သူကြီးက သူ့ဘက်သို့ လှည့်လာပြီ မဟုတ်ပါလား။

ကောက်လှေ့ ခြေဖျားလက်ဖျားများ အေးစက်လာလေသည်။

စစ်သူကြီးက...

'မင်းကော ဘာပြောချင်သလဲ'

ဟု မေးလိုက်၏။

ကောက်လှေ့က...

'ကျုပ်.... ကျုပ်က မြို့တော်ဝန်ခိုင်းလို့ လုပ်ရတာပါ၊ စိတ်ပါလို့ လုပ်ရတာ မဟုတ်ပါဘူး'



ဟု ကိုယ်လွတ်ရုန်းလိုက်လေသည်။

စစ်သူကြီးက ...

'ဩော်.... မြို့တော်ဝန်ကို ကြောက်ရလို့ သူက မတရား လုပ်ခိုင်းသမျှ လုပ်ရတယ်ဆိုပါတော့'

ကောက်လှေ့က ...

'ဟုတ် .. ဟုတ်ပါတယ်'

'ကောင်းပြီ မြို့တော်ဝန်ခိုင်းတာ လုပ်ရတာဆိုတော့ မင်းကို ချမ်းသာပေးလိုက်မယ်၊ မင်းတို့အားလုံး မတရား ကောက်ယူထားတဲ့ ငွေတွေကို ပိုင်ရှင်တွေလက်ထဲရောက်အောင် ကိုယ်တိုင်ကိုယ်ကျ ပြန်ပေးရမယ်၊ ပြီးရင် ဒီနယ်က ထွက်သွားကြ၊ ဘယ်တော့မှ ပြန်မလာကြနဲ့တော့၊ ကြားလား'

ကောက်လှေ့သည် အသက်ချမ်းသာခွင့် ရလိုက်သဖြင့် ဝမ်းသာသွားလေသည်။

'ဟုတ်....ဟုတ်ကဲ့'

'ကဲ ...မြန်မြန်သွားကြစမ်း'

ကောက်လှေ့သည် သူ့လူများကိုခေါ်ကာ ဒရေသောပါး ထွက်သွားကြတော့သည်။

ကောက်လှေ့တို့ထွက်သွားပြီးနောက် စစ်သူကြီးက....

'ကဲဟေ့ .... မတရားလုပ်တဲ့ မြို့တော်ဝန်ကို ခေါ်လာခဲ့ကြ၊ ငါတို့လဲ ခရီးဆက်ကြမယ်'

ဟု လက်ဝှေ့ယမ်းကာ အမိန့်ပေးလိုက်လေသည်။

ထို့နောက်....

မြို့တော်ဝန်ပေချီအား ဖမ်းဆီးကာ စစ်သည်တော်များနှင့်အတူ ထွက်ခွာသွားလေတော့၏။

မြို့တော်ဝန်ပေချီ၏ မတရားလုပ်ရပ်များကို ဆုံးမမည့်သူ ပေါ်လာသဖြင့် ပေကျေးရွာ တစ်ရွာလုံး ပျော်ရွှင်သွားကြလေသည်။

အကယ်၍....

မြို့တော်ဝန်ပေချီအား ဆုံးလိုက်သူများမှာ ကေရာဇ်ရဲတိုက်မှ လူများဖြစ်ကြောင်း သိနိုင်ကြမည်ဆိုပါလျှင်....



များမကြာမီ ...

သူဌေးကြီးယို့ဟုန်သည် ပေကျေးရွာသို့ အောင်သွယ်တော်စေလွှတ်ကာ သူ၏သား ယို့ဖိုးနှင့် ကုန်စုံဆိုင်ပိုင်ရှင် လုံယိ၏ သမီး လုံမေနှင့် လက်ထပ်ပေးရန် စကားကမ်းလှမ်းခဲ့ပေသည်။

လုံယိက လက်ခံသဘောတူလိုက်သဖြင့် ယို့ဖိုးနှင့် လုံမေတို့၏ ချစ်ခရီးလမ်း သာယာဖြောင့်ဖြူးသွားလေတော့သည်။

'ဒေါင် ...ဒေါင်....ဒေါင်....ဒေါင်'

ခေါင်းလောင်းထိုးသံများ ထွက်ပေါ်လာလေသည်။

တောင်ပေါ် ဘုံကျောင်း ရှေ့မှ ခေါင်းလောင်းကြီးကို လီထင်းက အားပါးတရ ထိုးနေသည်။

သူ၏နံဘေး၌ အမျိုးသမီးကြီးတစ်ယောက် ရှိနေသည်။

လီထင်း၏ဇနီးပင် ဖြစ်လေသည်။

လီထင်း ခေါင်းလောင်းထိုးပြီးသွားသောအခါ ဇနီး သည်ဖြစ်သူက....

'ရှင် ဘာတွေဆုတောင်းပြီး ခေါင်းလောင်းထိုးနေတာလဲ ရှင့်'

ဟု မေးလိုက်လေသည်။

လီထင်းက ပြုံးလိုက်ပြီး....

'တို့ရဲ့ ရဲတိုက်ပိုင်ရှင် ကျေးဇူးရှင်ကြီး ကျန်းမာချမ်းသာပါစေလို့ ဆုတောင်းလိုက်တာပေါ့'

ဟု ရင်ထဲမှစကားကို လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေသည်။

စီးဟော့မြို့....

စီးဟော့မြို့သည် အချက်အချာကျသော မြို့တစ်မြို့ ဖြစ်ပါသည်။

ရေလမ်း၊ ကုန်းလမ်း ခရီးဆုံရာမြို့ဖြစ်၍ စီးပွားရေးလုပ်ငန်းများ အထူးပင် ဖြစ်ထွန်းအောင်မြင်လေသည်။



စီးဟော့မြို့တွင် အခြေစိုက်ထားသော စီးပွားရေးလုပ်ငန်းများအနက် 'သမာဓိ ရောင်းဝယ်ရေး'လုပ်ငန်းသည် ထုထည်အကြီးမားဆုံး အခိုင်အမာဆုံး ဖြစ်လေသည်။

သမာဓိရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ယူသော စီးပွားရေးလုပ်ငန်းများသည် ဝိသမလောဘကင်းသလို မတရားအမြတ်စား ခေါင်းပုံဖြတ်မှုလည်း ကင်းသည်။

ထို့ကြောင့်....

ကုန်သည်ပွဲစား၊ စီးပွားရေးသမားများသာမက လယ်သမား၊ ယာသမားများကပါ အားထားကြလေသည်။

သမာဓိရောင်းဝယ်ရေးလုပ်ငန်း ပိုင်ရှင်မှာ အလွန်ရိုးသားပြီး ကြိုးစားသော 'ရှောက်ကုံး' ဖြစ်လေသည်။

ရှောက်ကုံးသည် ယခုကဲ့သို့ အောင်မြင်ထွန်းပေါက်လာခဲ့သည်မှာ ကေရာဇ်ရဲတိုက်၏ ကျေးဇူးကြောင့်ဖြစ်ကြောင်း ဘယ်သောအခါမှ မမေ့မလျော့ အသိရှိနေခဲ့ပေတော့သည်။

ငါးလပိုင်း ခုနစ်ရက်နေ့ ...

အနက်ရောင် မြင်းလှည်းတစ်စီးသည် နေပူကျဲကျဲတွင် ဒုန်းစိုင်းနှင်နေသည်။

မြင်းလှည်းတစ်စီး၏ ဦးတည်ရာအရပ်သည် ကေရာဇ်ရဲတိုက်သို့ ဖြစ်သည်။

အလုံပိတ်ထားသော မြင်းလှည်းအိမ်ထဲ၌ လူတစ်ယောက်လိုက်ပါလာသည်။

ထိုလူစုမှာ စုလုထင်း ဖြစ်သည်။

စုလုထင်းသည် အနက်ရောင် ဝတ်ဆင်ထားသည်။

မြင်းလှည်းအိမ်ထဲ မလှုပ်မယှက်ထိုင်ကာ လိုက်ပါလာသည်။

အလုံပိတ်ထားသဖြင့် မြင်းလှည်းအိမ်ထဲ၌ အနံ့အသက်မကောင်းသလို အလင်းရောင်မရှိဘဲ မှောင်မည်းနေ၏။

သို့သော် ...

စုလုထင်းအတွက် အကြောင်းမဟုတ်ပါ။

အနက်ရောင်သည် လည်းကောင်း၊ အမှောင်ထုသည် လည်းကောင်း သူ၏မိတ်ဆွေရင်းချာများ ဖြစ်လေသည်။

သူသည် အမှောင်ကမ္ဘာမှ လူသားတစ်ယောက် မဟုတ်ပါလား။

စုလုထင်းသည် အနက်ရောင်အကြံဉာဏ်ရှိသူလည်း ဖြစ်လေသည်။

❦

ကေရာင်ရဲတိုက်....

ကေရာင်ရဲတိုက်သည် ထုံးစံအတိုင်း တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သို့သော်....

ရဲတိုက်အတွင်း၌ လှုပ်လှုပ်ရှားရှားဖြစ်နေသည့်အရိပ်သဏ္ဍာန်ဆောင်နေသည်ကို အကြောင်းသိသူများအား ရိပ်မိကြလိမ့်မည် ဖြစ်လေသည်။

ကေရာင်ရဲတိုက်၏ ကျောက်ဖြူပြားများ ခင်းထားသည့် အခန်းတင်ခုအတွင်း၌ ရဲတိုက်ပိုင်ရှင် ချန်းကုမု ရှိနေသည်။



ချန်းကုမုသည် အလွန်တည်ကြည်လေးနက်သောအသွင်ဖြင့် ရှိနေခြင်း ဖြစ်လေသည်။

သူ၏ရှေ့တွင် ယီယန်၊ ရှာပင်၊ ဟန်လုံနှင့် တာ့ကျင်းတို့ ထိုင်နေကြ၏။

ယီယန်သည် ဝေမြို့တွင် သူဌေးကြီး ယို့ဟုန်အား ဆုံးမခဲ့သူ ဖြစ်လေသည်။

ရှာပင်မှာမူ ထင်းခုတ်သမားလီထင်းအား ကူညီဆောင်ရွက်ပေးရန် တာဝန်ယူခဲ့သည်။

ဟန်လုံမှာမူ ရှောက်ကုံး၏ စီးပွားပြိုင်ဘက်များကို ဆုံးမခဲ့ပြီး စစ်သူကြီးအယောင်ဆောင်ကာ ဝေမြို့တော်ဝန် ပေ့ချို အား ဆုံးမခဲ့သည့် အသားမည်းမည်း လူဝကြီးဖြစ်လေသည်။

တာ့ကျင်းသည် ဝေမြို့တွင် သူဌေးကြီးယို့ဟုန်၏ မြင်းဖြူကြီးကို ခေါင်းဖြတ်ခဲ့သူ သရဲညီနောင်အား ဆုံးမခဲ့သူ ဖြစ်လေသည်။

ယီယန်၊ ရှာပင်၊ ဟန်လုံနှင့် တာ့ကျင်းတို့သည် ချန်းကုမု၏ အားကိုးရသော လက်ရုံးများ ဖြစ်ကြလေသည်။

ထိုလေးယောက်တွင် အေးတိအေးစက် နိုင်လှသော တာ့ကျင်းသည် ကြောက်စရာ အကောင်းဆုံး ဖြစ်သည်ဟု အားလုံး အသိအမှတ်ပြုထားကြသည်။

ယခု....

ချန်းကုမုက လက်ရုံးလေးယောက်အား ခေါ်ယူထားလိုက်သည်မှာ အကြောင်းရှိပါသည်။

မကြာမီ....

စုလုထင်းနှင့်တွေ့ဆုံရန် ချိန်းဆိုထားသည် မဟုတ်ပါလား။

ယီယန်တို့သည် ချန်းကုမုပြောလာမည့်စကားကို နားစွင့်နေလိုက်ကြလေသည်။

အတော်လေးကြာမှ ချန်းကုမုက သက်ပြင်း တစ်ချက်ချလိုက်ပြီး....

'ယီယန်၊ ကျုပ်ကိုယ်စား အားလုံးကို ရှင်းပြလိုက်ပါ'

ဟု ပြောလိုက်လေသည်။

ယီယန်က ချက်ချင်း ထိုင်ရာမှ ထလိုက်သည်။

ယီယန်သည် ချန်းကုမုနှင့် အနီးစပ်ဆုံး နေရသူဖြစ်သည်။

သူသည် ရှာပင်၊ ဟန်လုံနှင့် တာ့ကျင်းကဲ့သို့ လက်ရုံးရည်သမား မဟုတ်ဘဲ နှလုံးရည်သမား ဖြစ်လေသည်။

အသိဉာဏ်ပညာကြွယ်ဝသလို အတွေ့အကြုံဗဟုသုတ ကြွယ်ဝနှံ့စပ်သူလည်း ဖြစ်လေသည်။



ယီယန်သည် ရှာပင်တို့အား ဝေ့ကြည့်လိုက်ပြီး....

'သခင်ကြီးရဲ့ မွေးနေ့ပွဲမှာ ဧည့်သည်တစ်ယောက်က သီးသန့်တွေ့ဆုံဆွေးနွေးချင်တဲ့အကြောင်း တင်ပြလာပါတယ်၊ ဒါကြောင့် ဒီကနေ့တွေ့ဆုံဖို့ သခင်ကြီးက လက်ခံ ချိန်းဆိုလိုက်ပါတယ်'

ဟု စကားစလိုက်လေသည်။

ယနေ့ ရောက်ရှိလာမည့်သူမှာ အရေးပါသူ တစ်ယောက်ဖြစ်ကြောင်း ရှာပင်တို့စိတ်ထဲမှ အလိုလို သိနေကြလေသည်။

ယီယန်က...

'ဒီကနေ့ သခင်ကြီး လက်ခံတွေ့ဆုံဖို့ ချိန်းဆိုထားတဲ့ လူကတော့ စုလုထင်းဆိုတဲ့လူပါပဲ'

ဟု ပြောလိုက်၏။

အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။

စုလုထင်းသည် မည်သို့သောလူစားမျိုး ဖြစ်ပါသနည်း။

အဘယ်ကြောင့် ကျောက်ရဲတိုက်ပိုင်ရှင်နှင့် သီးခြား တွေ့ဆုံဆွေးနွေးလိုရပါသနည်း။

ယီယန်က....

'စုလုထင်းဟာ ရှောင်လင်ကျောင်းမှာ သိုင်းပညာ သင်ကြားခဲ့ပြီး သိုင်းလောကမှာ ကျင်လည် ကျက်စားခဲ့ဖူးသူ တစ်ယောက် ဖြစ်တယ်၊ သူဟာ ကျင်းလိမ်၊ ချန်အန်း၊ ခိုင်ဖုံးစတဲ့ မြို့တော်ကြီးတွေမှာ ကျင်လည် ကျက်စားခဲ့ဖူးတယ်၊ လောင်းကစားဝိုင်းတွေဖွင့်ပြီး စီးပွားရှာခဲ့ရာက အနက်ရောင် သိုင်းလောကသားအဖြစ် ကူးပြောင်းလာသူလဲ ဖြစ်တယ်'

စုလုထင်းသည် ခေသူမဟုတ်ကြောင်း အားလုံး သဘောပေါက်လိုက်ကြပြန်လေသည်။

ယီယန်က....

'နယ်ခြားမှာ မန်ချူးတွေ ကျူးကျော်လာတော့ စုလုထင်းဟာ မန်ချူးတွေအတွက် ရိက္ခာနဲ့ အရေးကြီးတဲ့သတင်းတွေ ရောင်းချပေးခဲ့တယ်'

ထိုစကားကြားလျှင် ရှာပင်တို့မျက်နှာ တည်သွားကြလေသည်။

စုလုဘင်းသည် မြွေပွေးတစ်ကောင်ထက်ပင် ကြောက်စရာကောင်းနေသည် မဟုတ်ပါလား။

ယီယန်က....

'စုလုထင်းဟာ မန်ချူးတွေအတွက် အလုပ်လုပ်ပေးရင်း ချမ်းသာကြွယ်ဝလာခဲ့တယ်၊ ဒါပေမယ့် မျိုးချစ်သိုင်းသမား



တွေက သုတ်သင်ရှင်းလင်းဖို့ လိုက်နေကြတာကြောင့် ခြေရာဖျောက်ပြီး ရှောင်တိမ်းသွားခဲ့တယ်၊ သူပျောက်ဆုံးသွားတာ သုံးနှစ်ကျော်ပြီ၊ အခုမှ ပြန်ပေါ်လာတာပဲ၊ သိုင်းလောကထဲကို ပြန်ရောက်လာတာနဲ့ ကျုပ်တို့နဲ့ အဆက်အသွယ် ပြုလုပ်လာတာပဲ'

ဟု ရှင်းပြပြီး ထိုင်ချလိုက်လေသည်။

ရှာပင်တို့က ချန်းကုမုအား လှမ်းကြည့်လိုက်ကြလေသည်။

ချန်းကုမုက....

'ဒီလောက်ဆိုရင် စုလုထင်းဟာ ဘယ်လိုလူစားမျိုးဆိုတာ မင်းတို့အားလုံး သဘောပေါက်ကြပြီလို့ ငါယုံကြည်တယ်၊ သူဟာ ပျောက်ဆုံးနေတဲ့ ကာလမှာ မြောက်ပိုင်းတောင်တန်းဒေသကို ရောက်နေခဲ့တယ်လို့ ယူဆရတယ်၊ ငါနဲ့ ဆက်သွယ်ဆွေးနွေးချင်တာကတော့ မြောက်ပိုင်း တောင်တန်းဒေသက ထွက်တဲ့ ကုန်ပစ္စည်းတွေ သယ်ယူပို့ဆောင်ဖို့ကိစ္စ ဆွေးနွေးချင်တယ်လို့ အရိပ်အမြွက် ပြောသွားတယ်'

ရှာပင်၊ တာ့ကျင်းနှင့် ဟန်လုံတို့က ငြိမ်နေကြဆဲ။ သို့သော်....

စုလုထင်းနှင့်ပတ်သက်ပြီး ပြောဆိုသောစကားများ ရှိနေကြဟန် တွေ့ရလေသည်။

ချန်းကုမုက ....

'စုလုသင်းမှာ အကြံအစည်တစ်ခုရှိနေတာ သေချာတယ်၊ သူဟာ ကြီးကြီးကျယ်ကျယ် လုပ်ကိုင်ဆောင်ရွက်မယ့်လူစားမျိုးပဲ ဖြစ်တယ်၊ ကဲ....သူက ငါတို့ဆီကို ဆွေးနွေးဖို့လာခဲ့တယ် ဘယ်လိုသဘောလဲ မင်းတို့ ဝေဖန်ကြစမ်းပါဦး'

ဟု ပြောလိုက်လေသည်။

ရှာပင်က....

'ဒီနယ်မှာ ကျုပ်တို့ကေရာဇ်ရဲတိုက်က အခိုင်အမာခြေကုပ်ယူထားတာကြောင့် သူတို့ရဲ့ အကျိုးအတွက် ကျုပ်တို့ရဲတိုက်ကို အသုံးချချင်လို့ပဲ ဖြစ်ပါလိမ့်မယ်'

ဟု ပြောလေသည်။

သူ၏သုံးသပ်မှုမှာ ပြတ်သားလွန်းလှပေသည်။

ချန်းကုမုက....

'ဟန်လုံ ...မင်းကော'

ဟု မေးလိုက်၏။

ဟန်လုံက....



'သူဟာ မြွေပွေးတစ်ကောင်လို ကြောက်စရာ ကောင်းပေတယ်၊ စီးပွားရှာကောင်းသူ တစ်ယောက်ဆိုတာ ထင်ရှားပါတယ်၊ သိုင်းလောကနဲ့လဲ အဆက်အသွယ်ရှိနေတာ သေချာတယ်။ ဒါကြောင့် သူနဲ့ အလိုက်အထိုက် ဆက်ဆံကြည့်တာ မမှားဘူးထင်ပါတယ်'

ဟု မယုတ်မလွန် ပြောလေသည်။

ကေရာဇ်ရဲတိုက် တိုးတက်ရာတိုးတက်ကြောင်း ရှေးရှုပြောသည့် စကားဖြစ်သည်။

ချန်းကုမုက ...

'တာ့ကျင်း မင်းကော'

ဟု မေးလိုက်သည်။

တာ့ကျင်းက ...

'ခုချိန်မှာတော့ ဘာမှပြောစရာ မရှိသေးပါဘူး'

ဟု တုံးတိတိ အဖြေပေးလိုက်လေသည်။

သူ၏စကားကို မချေမငံပြောသည်ဟု ယူဆ၍ရနိုင်ကောင်းသည်။

သို့သော်....

စကားများများ မပြောတတ်သော တာ့ကျွင်းအကြောင်း သိထားသည့် ချန်းကုမုက မည်သို့မျှ သဘောမထားချေ။

ချန်းကုမုက ယီယန်ဘက်သို့လှည့်ကာ...

'မင်းကော'

ဟု မေးလိုက်သည်။

ယီယန်က တည်ကြည်သော မျက်နှာထားဖြင့်...

'သူက ကေရာဇ်ရဲတိုက်ရဲ့ အကူအညီလိုအပ်နေတာ အမှန်ပဲ ဖြစ်ပါလိမ့်မယ်၊ ဘာကြောင့်လဲဆိုတာ သိရမှ ဖြစ်ပါလိမ့်မယ်၊ မြောက်ပိုင်းတောင်တန်းဒေသကနေပြီး ကုန်ပစ္စည်းတွေ သယ်ယူဖို့ကိစ္စဆိုတော့ ကျုပ်တို့ပိုင်နက်ထဲက ဖြတ်သွားရမှာမို့ ဆွေးနွေးချင်တာလဲ ဖြစ်ပါလိမ့်မယ်'

သူ၏စကား ရှည်လျားလှသည်ဟု ရှာပင်တို့ ထင်မိကြလေသည်။

သို့တိုင်....

အားလုံးက ငြိမ်သက်စွာ နားထောင်နေကြလေသည်။

ယီယန်က ဆက်ပြောသည်။

'ကျုပ်သိသလောက် ပြောရမယ်ဆိုရင် မြောက်ပိုင်း တောင်တန်းဒေသမှာ ထွက်ကုန်ဆိုလို့ ပရဆေးတစ်မျိုးပဲ ရှိပါတယ်၊



ပရဆေးဟာ စီးပွားမဖြစ်နိုင်တဲ့အတွက် စုလုထင်းဟာ စိတ်ဝင်စားမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် နတ်သမီးဆေး ဆိုရင်တော့ ဒီကိစ္စဟာ အဖြေရှင်းနေပါပြီ'

နတ်သမီးဆေး။

တောင်ပေါ်ဒေသ ပန်းမင်တစ်မျိုးမှ ထွက်သောအစေးဖြင့် ဖော်စပ်ထားသော ဆေးဖြစ်သည်။

လူကို မူးယစ်စေသလို မသုံးစွဲရမနေနိုင်အောင် စွဲသွားစေနိုင်သည့် အာနိသင်ရှိနေသည်။

နတ်သမီးဆေး သုံးမိသူသည် တဖြည်းဖြည်း လူညှန့်တုံးကာ နောက်ဆုံး စီးပွားပျက်ကာ ဘဝဆုံးရစေသော သဘောရှိလေသည်။

နတ်သမီးဆေးသည် 'ဘိန်း'ဖြစ်လေသည်။

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ချန်းကုမု ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ စုလုထင်းဟာ မြောက်ပိုင်းတောင်တန်းဒေသက ဘိန်းတွေကို ပြည်မကိုသယ်ဆောင်ရာမှာ ငါတို့ ကေရာဇ်ရဲတိုက်ပိုင်နက်က ဖြတ်သန်းသယ်ယူသွားချင်တဲ့သဘောရှိတယ်လို့ ငါတွေးမိတယ်၊ ဒီကိစ္စကို ဘယ်လို ဆောင်ရွက်ကြရင်ကောင်းမလဲဆိုတာ ငါစဉ်းစားနေတယ်'

ဟု ပြောလေသည်။

ထိုစဉ်

'တင်းတောင်... တင်းတောင်'

ချိုလွင်သာယာသော ခေါင်းလောင်းသံများ ထွက်ပေါ်လာလေသည်။

ချိန်းဆိုထားသော ဧည့်သည်များ ရောက်ရှိလာပြီ ဖြစ်ကြောင်း အချက်ပေးသည့် ခေါင်းလောင်းသံ ဖြစ်လေသည်။

ချန်းကုမုက ယီယန်အား လှမ်းပြောလိုက်သည်။

'ယီယန်...ငါက စုလုထင်းကို ကေရာဇ်ခန်းမမှာ တွေ့မယ်'

ယီယန်က ဦးညွှတ်ပြီး ထွက်သွားလေသည်။

ကျန်လူများလည်း ထိုင်ရာမှထကာ ဦးညွှတ်လိုက်ကြ၏။

ထို့နောက် အခန်းတွင်းမှ တိတ်ဆိတ်စွာ ထွက်သွားကြလေသည်။

သို့သော်....

ချန်းကုမုက စုလုထင်းအား အဘယ်ကြောင့် ကေရာဇ်ခန်းမတွင် လက်ခံတွေ့ဆုံမည် ဆိုသည်ကို ဝေခွဲမရဖြစ်သွားကြလေသည်။



ကေရာဇ်ခန်းမ။

ကေရာဇ်ခန်းမသည် အလွန်အရေးပါသော ဧည့်သည်များကို လက်ခံတွေ့ဆုံသော အထူး ခန်းမဆောင် ဖြစ်လေသည်။

❦

## ကေရာဇ်ခန်းမဆောင်

ကေရာဇ်ခန်းမဆောင်သည် ကေရာဇ်ရဲတိုက်တွင် အတိုင်းထက်အလွန် ခမ်းနားထည်ဝါစွာ ပြင်ဆင်ထားသော အထူးခန်းမဆောင် ဖြစ်လေသည်။

ကေရာဇ်ခန်းမဆောင်အတွင်း၌ ဧည့်သည်များ အတွက် လိုလေသေးမရှိ စီစဉ်ထားလေသည်။

ယခု....

ကေရာဇ်ခန်းမဆောင်အတွင်းသို့ ချန်းကုမ္ပ လူနှစ်ယောက်ခြံရံကာ ဝင်ရောက်လာလေသည်။

သူ၏ ဝဲယာတစ်ဖက်တစ်ချက်မှ လိုက်ပါလာသူနှစ်ယောက်မှာ အသက်သုံးဆယ်နီးပါးရှိသော လူရွယ် တစ်ယောက်နှင့် အသက် သုံးဆယ်ကျော် လူလတ်ပိုင်းတစ်ယောက် ဖြစ်လေသည်။

သူတို့နှစ်ယောက်၏ ရုပ်သွင်သည် ချန်းကုမုနှင့်ခပ်ဆင်ဆင် တူနေကြပါသည်။

မှန်ပေသည်။

ထိုလူရွယ်နှစ်ယောက်မှာ ချန်းကုမု၏သားကြီးချန်းပေါက် နှင့် သားလတ် ချန်းလီတို့ ဖြစ်လေသည်။

ချန်းပေါက်နှင့်ချန်းလီသည် ချန်းကုမု၏ အရိုက်အရာကို နောင်တစ်နေ့ ဆက်ခံကြမည့်သူများ ဖြစ်လေသည်။

ချန်းပေါက်သည် ကျွဲပေါက်တစ်ကောင်ကဲ့သို့ ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းပြီး ဒေါသကြီးသူ ဖြစ်သည်။

အမြဲတမ်း ရန်လိုနေခြင်းကြောင့် အားလုံးက သတိထားပြီး ဆက်ဆံကြရလေသည်။

ချန်းလီမှာမူ ဖခင်ကြီး မသိရလေအောင် တိတ်တဆိတ် မိန်းမပွေသူဖြစ်လေသည်။

သူတို့သည် မကောင်းသည့် အကျင့်လေးများ ကိုယ်စီရှိကြသော်လည်း အားလုံးက မသိချင်ဟန် ဆောင်နေခဲ့ကြလေသည်။

ချန်းကုမု၏ သားအငယ်ဆုံးဖြစ်သူ ချန်းလေးမှာမူ လူပျော့ လူညံ့လေးတစ်ယောက် ဖြစ်သည်။

ယောကျ်ားပီသပြီး ကြမ်းကြမ်းရမ်းရမ်း နေထိုင်ကြသော ကေရာဇ်ရဲတိုက်မှ လူများကြားတွင် 'ချန်းလေး'သည် ထူးဆန်းသော လူတစ်ယောက် ဖြစ်နေပါသည်။



ချန်းလေးသည် အစ်ကိုနှစ်ယောက်နှင့်မတူဘဲ စာပေပညာ ဝါသနာပါသူလည်း ဖြစ်သည်။

ကေရာဇ်ရဲတိုက်တွင် နေထိုင်ရသည်ကိုမပျော်ပိုက်ဘဲ ပီကင်း နေပြည်တော်ကြီးသို့ သွားရောက်ကာ စာပေပညာ သင်ကြား နေသူလည်း ဖြစ်လေသည်။

ချန်းလေးအား မည်သူကမျှ စာရင်းထဲထည့်မထားကြချေ။

အမှန်တော့....

ကေရာဇ်ရဲတိုက်သည် ဒုစရိုက်ဂိုဏ်းတစ်ခုဟု ဆိုနိုင်လောက် ပေသည်။

ကိုယ့်သဘောနှင့်ကိုယ် တင်ရာစိုင်းနေကြသူများလည်း ဖြစ် သည်။

သို့သော်....

သူတို့တွင် ကောင်းကွက်လေးတစ်ခု ရှိနေသည်မှာ သူတို့၏ ပိုင်နက်ထဲ၌ နေထိုင်သူများ အခက်အခဲတွေ့ ဒုက္ခတွေ့ရှိလာ၍ လာရောက် အကူအညီတောင်းလျှင် သူတို့နည်း သူတို့ဟန်ဖြင့် ဖြေရှင်းပေးကြခြင်း ဖြစ်လေသည်။

ထို့ကြောင့်....

ကေရာဇ်ရဲတိုက်နှင့် ကင်းချင်တိုင်းကင်း၍မရဟု ဆိုစကား ပင် ဖြစ်ပေါ်ခဲ့လေသည်။

ချန်းကုမုသည် ခန်းမဆောင်ထဲသို့ ရောက်လာသောအခါ သူ့အတွက်သီးသန့်စီစဉ်ထားသောထိုင်ခုံတွင် နေရာယူလိုက်၏။

ချန်းပေါက်က ညာဘက်တွင်နေရာယူပြီး ချန်းလီက ဝဲဘက်တွင် နေရာယူကာ ခြံရံထားလိုက်၏။

သူတို့ နေရာယူလိုက်ကြပြီး မရှေးမနှောင်းမှာပင် အစောင့်များက လူတစ်ယောက်အား ခေါ်ဆောင်လာကြလေသည်။

စုလုထင်း....

ချိန်းဆိုထားသည့် စုလုထင်း ရောက်လာပြီ ဖြစ်လေသည်။

စုလုထင်း ရောက်လာသည်နှင့် အခန်းတစ်ခုလုံး ကျက်သရေမင်္ဂလာအပေါင်း ဆိတ်သုဉ်းသွားသည် ထင်ရပေတော့သည်။

စုလုထင်းသည် ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိပြီး အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်။

သိန်းငှက်ကဲ့သို့ ချွန်ထက်ပြီး ကောက်နေသော နှာခေါင်း ရှိသည်။

မျက်လုံးများကလည်း ကြွက်မျက်လုံးကဲ့သို့ ရှိ၏။

သူ၏ရုပ်သွင်ကိုတွေ့လိုက်ရလျှင် အလွန်လောဘရမ္မက်ကြီးပြီး ကောက်ကျစ်စဉ်းလဲသူဖြစ်ကြောင်း ချန်းကုမှု သဘောပေါက်လိုက်လေသည်။

စုလုထင်းသည် ချန်းကုမှုအား ဦးညွှတ်ဂါရဝပြုလိုက်သည်။

သူ့အား လာရောက်ပို့ဆောင်ပေးသည့် အစောင့်များက အဆောင်အပြင်ဘက်သို့ ပြန်ထွက်သွားကြပြီး တံခါး ပြန်ပိတ်ပေးထားလိုက်ကြလေသည်။



အဆောင်ထဲ၌ ချန်းကုမှုတို့ သားအဖသုံးယောက်နှင့် စုလုထင်းတို့သည်သာလျှင် ကျန်ရစ်ခဲ့ကြလေသည်။

ချန်းကုမှုက....
'ထိုင်ပါ'

ဟုပြောလိုက်ရာ စုလုထင်းက မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်လေသည်။

ချန်းကုမှုက ...

'မိတ်ဆွေဟာ အလွန်အရေးကြီးတဲ့ ကိစ္စတစ်ခုကြောင့် ကျုပ်ကို တွေ့ချင်နေတယ်လို့ သိရပါတယ်'

ဟု စကားစလိုက်၏။

စုလုထင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျုပ်အနေနဲ့တော့ ကေရာဇ်ရဲတိုက်အနေနဲ့ပါ အတိုင်းထက်အလွန် အကျိုးအမြတ် ဖြစ်ထွန်းစေမယ့် ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး တိုင်ပင်ဆွေးနွေးချင်လို့ပါ'

သူ၏ စကားသံသည် တိကျပြတ်သားပြီး မိမိကိုယ်ကို ယုံကြည်မှုရှိသလို အခြားသူများကိုလည်း ဆွဲဆောင်သိမ်းသွင်းနိုင်သည့်သဘော ရှိလေသည်။

ချန်းကုမှုက ...

'ကေရာဇ်ရဲတိုက်ရဲ့အကျိုးကို လိုလားတယ်ဆိုတာ သိရလို့ ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့နဲ့ဆွေးနွေးတိုင်ပင်ချင်တဲ့ကိစ္စကို ပြောပါဦး'

ဟု မေးလိုက်၏။

စုလုထင်းက ...

'ကျုပ်ဟာ မြောက်ဘက်တောင်တန်းဒေသမှာ သုံးနှစ်ကျော်လောက် အနေကြာခဲ့ပါတယ်၊ အဲဒီဒေသမှာ အစွမ်းထက်လှတဲ့ နတ်သမီးဆေးဟာ အလျှံပယ် ပေါများနေတာ တွေ့ရပါတယ်'

ချန်းကုမှု သက်ပြင်းချလိုက်သည်။

စုလုထင်း၏ကိစ္စသည် နတ်သမီးဆေး(ဝါ)ဘိန်းနှင့် ပတ်သက်နေပြီ မဟုတ်ပါလား။

စုလုထင်းထ....

'အဲဒီ နတ်သမီးဆေးကို သယ်ဆောင်လာပြီး ပြည်မမှာ ဖြန့်ဖြူးရောင်းချနိုင်မယ်ဆိုရင် အမြတ်အစွန်း အမြောက်အမြား ရမယ်ဆိုတာ ထင်ရှားပါတယ်'

ဤတွင် ချန်းပေါက် ကြားဖြတ်မေးလိုက်လေသည်။

'အမြတ် ဘယ်လောက်ရနိုင်မှာမို့လဲ'

စုလုထင်း ပြုံးလိုက်သည်။

'မြင်းလှည်းတစ်စီးစာ သယ်ဆောင်လာတဲ့ ပစ္စည်းဟာ မြောက်ပိုင်းမှာ ငွေတစ်သောင်းတောင် တန်ဖိုးမရှိပေမယ့် ပြည်မရောက်လို့ ဖြန့်ဖြူးရောင်းချလိုက်ရင် အနည်းဆုံးမြို့တစ်မြို့ကို ဝယ်ယူနိုင်ခဲ့လောက်တဲ့ အမြတ်ငွေ ရလာမှာပါပဲ'



'ဟာ... အရင်းမဖြစ်စလောက်နဲ့ အမြတ်က များလှချည်လား'

ချန်းပေါက်က သဘောပေါက်သလို ပြောလိုက်လေသည်။

ချန်းကုမှုသည် ချန်းပေါက်က ကြားဝင်ပြောသည်ကို ဟန့်တားဖို့ ကြံရွယ်လိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်သည်။ သို့တိုင်....

'အဟမ်း'

ချောင်းတစ်ချက်ဟန့်လိုက်ခြင်းကြောင့် ချန်းပေါက်က ကိုယ်ရှိန်သတ်ကာ ဆက်မပြောတော့ချေ။

ချန်းကုမှုက စုလုထင်းကို စိုက်ကြည့်ရင်း....

'ကျုပ်သိရသလောက်တော့ အာဏာသားတွေဟာ နတ်သမီးဆေးနဲ့ပတ်သက်လာရင် အပြင်းအထန် နှိပ်ကွပ်ပစ်တယ်ဆို'

ဟု စကားထောက်လိုက်သည်။

စုလုထင်းက....

'ဒါကြောင့်မို့လဲ ကျုပ်က ဒီနေရာကို ရောက်လာတာပါ၊ ဒီနယ်မှာ ကေရာင်ရဲတိုက်ဟာ အရှိန်အဝါကြီးတယ်၊ နယ်မြေတစ်ခုလုံးကို ချုပ်ကိုင်နိုင်ထားတယ်ဆိုတာ သိပြီးပါပြီ၊ ကျုပ်ရဲ့ ပစ္စည်းတွေဟာ ကေရာင်ရဲတိုက် ပိုင်နက်က ဘေးကင်းရန်ကင်း ဖြတ်သန်းသွားနိုင်ဖို့ လာပြီး ညှိနှိုင်းတာပါပဲ'

ချန်းကုမုက....

‘ကျုပ်တို့က ကာကွယ်စောင့်ရှောက်ပေးရမယ် ဆိုပါတော့’

စုလုထင်း ခေါင်းညိတ်လိုက်သည်။

‘ဟုတ်ပါတယ်၊ ရဲတိုက်ရှင်ကြီးရဲ့ပိုင်နက်က ပြတ်သန်းခဲ့ကာကွယ်စောင့်ရှောက်ခကို ထိုက်ထိုက်တန်တန် ရရှိစေရမယ်လို့ ကျုပ် အာမခံပါတယ်’

ဤတွင် ချန်းပေါက်က....

‘ကျုပ်တို့ကို ဘယ်လောက်ပေးမလဲဆိုတာ ရှင်းရှင်းပြောပါ’

ဟု ဝင်မေးလိုက်၏။

ယခုတစ်ကြိမ်လည်း ချန်းကုမု ဟန့်တားဖို့ နောက်ကျသွားခဲ့ပြန်လေသည်။

စုလုထင်းက....

‘တစ်လကို ငွေဆယ်သိန်း ရစေပါ့မယ်’

ချန်းပေါက်သည် သဘောကျသွားသလို လေချွန်လိုက်၏။

ကေရာဇ်ရဲတိုက် ယခုလောလောဆယ် ချုပ်ကိုင်ထားသော လုပ်ငန်းများမှ ဝင်ငွေသည် စုလုထင်းပြောသည့် ငွေနှင့်စာလျှင် အသေးအဖွဲ့ ဖြစ်သွားလေသည်။



‘စုလုထင်းနှင့် လက်တွဲပြီးလုပ်ကိုင်မည်ဆိုပါလျှင် နှစ်အနည်းငယ်အတွင်း ကျိကျိတက် ချမ်းသာကြွယ်ဝသွားလိမ့်မည် မဟုတ်ပါလား’

ချန်းကုမုက....

‘ဒီကိစ္စဟာ အတော့်ကို ကြီးကျယ်လေးနက်တဲ့ ကိစ္စတစ်ခုပဲ၊ ဒါကြောင့် ကျုပ် စဉ်းစားပါရစေဦး’

ဟု ပြောလိုက်လေသည်။

စုလုဆင်းက မျက်ခမှောင်ကြုတ်သွားသည်။

‘ရဲတိုက်ရှင်ကြီး ဘာတွေများ စဉ်းစားချင်သေးလို့လဲ၊ ဒီလို အကျိုးအမြတ်ရှိတဲ့ အလုပ်မျိုးကို လက်မခံရင် ဘယ်လိုအလုပ်မျိုးကို လက်ခံရမှာလဲဗျာ၊ ရဲတိုက်ရှင်ကြီး ဘာမှ အရင်းအနှီးစိုက်စရာ မလိုပါဘူး၊ ကျုပ်ရဲ့ လုပ်ငန်းမှာ ငွေရင်းစိုက်ထုတ်မယ့်လူတွေ၊ ကူညီမယ့်လူတွေ အဆင်သင့် ရှိပါတယ်၊ အရှေ့နယ်က သိမ်းငှက်ဂိုဏ်းနဲ့ အနောက်နယ်က ကျားဝါဂိုဏ်းတို့ကလဲ ကျုပ်ကို ထောက်ခံ အားပေးကြပါပြီ၊ ရဲတိုက်ရှင်ကြီး သဘောတူလိုက်တာနဲ့ မြောက်ပိုင်းကနတ်သမီးဆေးတွေဟာ ပြည်မ အလုံးအရင်းနဲ့ ဝင်သွားဖို့ပဲရှိပါတော့တယ်၊ တကယ်လို့ ရဲတိုက်ရှင်ကြီးအတွက် ရမယ့်အချိုးကျငွေ နည်းတယ်လို့ယူဆရင် ကျုပ်က နှစ်ဆတိုးပြီး တစ်လသိန်းနှစ်ဆယ် ပေးပါ့မယ်လေ’

ဟု ပြောလာလေသည်။

ချွန်းပေါက် ဂနာမငြိမ် ဖြစ်လာသည်။

သို့သော်....

ချွန်းကုမှု၏မျက်နှာ အလွန်ပင် တည်ကြည်လေးနက်နေသဖြင့် ဘာမှဝင်မပြောရဲချေ။

ချွန်းကုမှုက....

'ကျုပ်အတွက် အကျိုးရှိမယ့်ကိစ္စဆိုတာ ကျုပ် သိပါတယ်၊ ကျုပ်က ဘာပဲလုပ်လုပ် စဉ်းစားပြီးမှ လုပ်တတ်လို့ ကျုပ်အတွက် အချိန်ယူဖို့လိုတာ အမှန်ပဲ'

စုလုထင်းသည့် အလျှော့ပေးလိုက်သည့်သဘောဖြင့် လက်နှစ်ဖက်အပေါ် မြှောက်ကာ အောက်သို့ ပြန်ချလိုက်ပြီးမှ....

'ကောင်းပြီလေ၊ ရဲတိုက်ရှင်ကြီး ကြိုက်သလို စဉ်းစားပါ၊ နောက်ဆုံးတော့သဘောကျလာမှာပဲဆိုတာ ကျုပ်သိပါတယ်၊ ကဲ....ကျုပ်ဘယ်တော့လောက် အဖြေသိရမယ်ဆိုတာ အမိန့်ရှိပါဗျာ'

ဟု ပြောလိုက်လေသည်။

ချွန်းကုမှုက....

'ဒီကိစ္စဟာအင်မတန်လေးနက်တဲ့ ကိစ္စပါ၊ ကျုပ်ကတာဝန်ယူပြီးမှ ပြဿနာပေါ်လာတာမျိုး အဖြစ်မခံနိုင်ဘူး၊ ကျုပ်



ဘက်က တကယ်ပဲ တာဝန်ယူနိုင်တယ် မယူနိုင်ဘူး ဆိုတာ ဆန်းစစ်ကြည့်ရဦးမယ်၊ ဒါကြောင့် ဒီကနေ့ကစပြီး တစ်လပြည့်တဲ့နေ့မှာ ကျုပ်အကြောင်းပြန်ပါ့မယ်'

စုလုထင်းသည် မယုံကြည်နိုင်သည့် သဘောဖြင့်....

'တစ်လလုံးလုံး စောင့်ရမယ် ဟုတ်လား'

ဟုမေးလေသည်။

ချွန်းကုမှု ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ အမှန်တော့ ကျုပ်က သည့်ထက်တောင်ပိုပြီး အချိန်ယူချင်တာပါ'

စုလုထင်း မကျေနပ်တော့ချေ။

'ကျုပ်က အားလုံးစီစဉ်ပြီးပြီ၊ ရဲတိုက်ရှင်ကြီး သဘောတူတာနဲ့ လုပ်ငန်းစဖို့ပဲ၊ ခုတော့ အားလုံး နှောင့်နှေးကြန့်ကြာကုန်ပြီပေါ့၊ သုံးလေးရက်လောက်ပဲ စဉ်းစားပြီး အကြောင်းပြန်လို့မရဘူးလား၊ ဒီလောက်ဆိုရင်တော့ ကျုပ်စောင့်လို့ရပါတယ်'

ချွန်းကုမှု ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်အတွက် တစ်လဆိုတဲ့ အချိန်ကတောင် အတော်နက်နေပါပြီ'

စုလုထင်း မျက်နှာပျက်သွားသည်။

'ကောင်းပြီလေ၊ ရဲတိုက်ရှင်ကြီးက မလျှော့နိုင်ဘူး ဆိုတော့လဲ ဘယ်တတ်နိုင်ပါ့မလဲ၊ တစ်လပြည့်တဲ့အခါ ပြန်တွေ့ကြတာပေါ့ဗျာ'

စကားဆုံးလျှင် ထိုင်ရာမှ ထ,လိုက်သည်။

ချန်းကုမုကိုပင် နှုတ်မဆက်တော့ဘဲ ခြေသံပြင်းပြင်း နင်းကာ ထွက်သွားလေတော့သည်။

စုလုဘင်း ထွက်သွားပြီ ဖြစ်လေသည်။

အခန်းတွင်း၌ အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ် ငြိမ်သက်နေလေသည်။

သို့သော်....

သက်ရှိလူသားသုံးဦး ရှိနေကြပါသေးသည်။

အတော်လေးကြာမှ ချန်းကုမု သက်ပြင်းချလိုက်သည်။



'ချန်းပေါက်၊ နောက်တစ်ခါ ငါနဲ့အတူ ဒီအခန်းထဲကို မင်း လိုက်လာစရာအကြောင်း မရှိတော့ဘူး'

ဟု ချန်းပေါက်ကို ပြောလိုက်လေသည်။

ချန်းပေါက် မျက်နှာပျက်သွားလေသည်။

'ဖေဖေ .. ကျွန်တော် ဘာမျှားလုပ်မိလို့လဲ ဖေဖေ'

ဟု မေးလေသည်။

ချန်းကုမုက....

'ငါက အရေးကြီးတဲ့စကားပြောနေချိန်မှာ ငါ့ဆီက ခွင့်ပြုချက် မတောင်းဘဲ မင်း ဝင်မပြောသင့်ဘူး'

ချန်းပေါက်က....

'ဖေဖေ၊ သူပြောတဲ့ကိစ္စဟာ အမြတ်အစွန်း အများကြီး ရမှာ မဟုတ်လား၊ ဒါကြောင့်ပါ'

ဟု ဇောဒက တက်လိုက်လေသည်။

ချန်းကုမု ခေါင်းခါယမ်းလိုက်သည်။

'မင်းက ငွေရဖို့ပဲ မြင်တာကိုး၊ အန္တရာယ်ကိုတော့ မမြင်ဘူး မဟုတ်လား'

ချန်းပေါက်က ...

'ဖေဖေ... ကျွန်တော်တို့ ပိုင်နက်ထဲမှာ ဘယ်သူကမော်ကြည့်ဝံ့မှာမို့လဲ'

ချန်းကုမုက ...

'အေး ...ခုတော့ ဟုတ်တယ်၊ တို့က နတ်သမီးဆေးကိစ္စမှာ ပါဝင်ပတ်သက်လိုက်တာနဲ့ အာဏာသားတွေနဲ့ ထိပ်တိုက်တွေ့ရမှာပဲ၊ အရက်ဆိုင်တွေ၊ လောင်းကစားဝိုင်းတွေ အပျော်ဂေဟာတွေ ရှိနေတာကို လက်ခံဦးမယ်၊ နတ်သမီးဆေးကိစ္စက လူညွန့်တုံးမယ့်ကိစ္စကွ၊ ဘယ်သူမှ လက်မခံဘူး'

ချန်းပေါက်သည် ဖခင်နှင့် အတိုက်အခံ ပြောနေ၍ အကြောင်းမထူးဟု သဘောထားကာ ပါးစပ်ပိတ်ထားလိုက်လေသည်။

ချန်းကုမုက....

'ငါက စုလုထင်းကိုလဲ သဘောမကျဘူး၊ ငါ့ကို စည်းရုံးလို့မရတဲ့အတွက် ရန်သူလိုသဘောထားပြီး ဒုက္ခပေးနိုင်သေးတယ်၊ သူနဲ့ ဘယ်နည်းနဲ့မှ လက်မတွဲနိုင်ဘူး'

တစ်ချိန်လုံးငြိမ်နေသည့် ချန်းလီက....

'ဖေဖေ....သူကရန်ပြုမယ့်လူဆိုရင် ဦးလေးကျောင်းကိုလွှတ်ပြီး လက်ဦးအောင် ရှင်းခိုင်းလိုက်တာမကောင်းဘူးလား'



ဟု ဝင်ပြောလေသည်။

ချန်းကုမု ခေါင်းခါယမ်းလိုက်သည်။

'ဒီလိုလုပ်လို့လဲ မဖြစ်သေးဘူး၊ စုလုထင်းဟာ နာမည်ကြီးဒုစရိုက်ဂိုဏ်းကြီးတွေနဲ့ အဆက်အသွယ်ယူထားသလို ထောက်ခံမှု ရထားတာလဲ သေချာတယ်၊ ပျားအုံကို တုတ်နဲ့ထိုးလိုက်သလို ဖြစ်သွားမှာ စိုးရိမ်ရတယ်'

အလွန်သိမ်မွေ့စွာ ကိုင်တွယ် ဖြေရှင်းရမည့် ကိစ္စတစ်ခုဖြစ်ကြောင်း ချန်းလီ သဘောပေါက်သွားသဖြင့် ဘာမှ မပြောတော့ချေ။

စုလုထင်း၏ကိစ္စကို ဖြေရှင်းရန် ချန်းကုမုနှင့် သူ၏လက်ရုံးများ တာဝန်ယူကြလိမ့်မည်ဟု သဘောပိုက်ထားလိုက်သည်။

သူ့တွင် စုလုထင်းထက် အရေးကြီးသောကိစ္စ ရှိနေပါသေး၏။

လွန်ခဲ့သော သုံးရက်ကမှ တွေ့ခဲ့ရသော မိန်းမချောလေး တစ်ယောက်နှင့် ချိန်းဆိုထားခြင်း ဖြစ်လေသည်။

ချန်းကုမုက....

'ကဲ ...မင်းတို့နှစ်ယောက် သွားကြတော့၊ ယီယန်ကို တွေ့အောင်ရှာပြီး ငါ့ဆီကို အမြန်ဆုံး လာတွေ့ပါလို့ပြောလိုက်'

'ချန်းပေါက်က....

'ကောင်းပါပြီ...ဖေဖေ'

ဖခင်အား နှုတ်ဆက်ကာ ခန်းမဆောင်ထဲမှ ထွက်လာခဲ့ကြလေတော့သည်။

❦

ယီယန်အား ခန်းမဆောင်အပြင်ဘက်၌ အဆင်သင့်ပင် တွေ့ရလေသည်။

ချန်းပေါက်က....

'ဦးလေးယီကို ဖေဖေ အထဲမှာ စောင့်နေတယ်'

ဟု ပြောလိုက်သည်။

'အေး....အေး'

ယီယန်က ခပ်သုတ်သုတ်ပင် ခန်းမဆောင်ထဲ ဝင်သွားလေသည်။



ချန်းပေါက်က....

'ဖေဖေကတော့ အတော့်ကို အံ့ဩစရာကောင်းတာပဲဗျာ'

ဟု ညည်းတွားလိုက်လေသည်။

ချန်းလီက....

'ဘာဖြစ်လို့လဲ အစ်ကိုကြီး'

'ဘာဖြစ်ရမလဲ၊ ဒီလောကကောင်းတဲ့ အခွင့်အရေးကို လက်မခံလို့ပေါ့ကွ'

'ဟာ....အစ်ကိုကြီးကလဲ အန္တရာယ်တွေ ရှိသေးတယ်လို့ ဖေဖေပြောတယ် မဟုတ်လား'

ချန်းပေါက်က....

'ဒုစရိုက်လုပ်ငန်း လုပ်နေမှတော့ အန္တရာယ်ကို ကြောက်နေလို့ မဖြစ်ဘူးကွ၊ တို့က တစ်သက်လုံး လုပ်သွားစရာလဲ မလိုပါဘူး၊ သုံးလေးနှစ်လောက် လုပ်လိုက်ရင် ကျိကျိတက် ချမ်းသာသွားမှာပဲ၊ အဲဒီတော့မှ ငွေထုပ်ပိုက်ပြီး ဒီနေရာကနေ ပြောင်းရွှေ့သွားကြတာပေါ့'

ချန်းလီ မျက်လုံးပြူးသွားသည်။

'ဒီကပြောင်းသွားမယ် ဟုတ်လား'

'အေးလေ....ဒီနေရာဟာ ဘာများ မက်စရာရှိလို့လဲ၊ တို့တစ်တွေ မြို့ကြီးပြကြီးကိုသွားပြီး အခြေစိုက်လို့ရတာပဲ၊ တစ်သက် စားမကုန်အောင် ငွေရှိနေပြီပဲကွ'

ချန်းလီ သက်ပြင်းချလိုက်လေသည်။

သူတို့သည် မြို့ကြီးပြကြီးများသို့ မကြာခဏရောက်ခဲ့ဖူးကြသူများ ဖြစ်လေသည်။

မြို့ကြီးပြကြီးများသည် သူတို့လို လူငယ်များအတွက် ပျော်စရာ ဘုံဗိမာန်ကြီး ဖြစ်လေသည်။

ချန်းလီသည် လှပသော မြို့ကြီးသူများကို မြင်ယောင်လာရင်း....

'အင်း....အစ်ကိုကြီးပြောတာလဲ မှန်တာပဲ'

ဟု ထောက်ခံလိုက်မိလေတော့သည်။

## အကြံသမား

အရက်ဆိုင်လေး အနောက်ဘက်တွင် လုံခြုံသော အခန်းတစ်ခု ရှိသည်။ စုလုထင်းက ထိုအခန်းတွင်းသို့ ဝင်လိုက်သောအခါ လူနှစ်ယောက်က အသင့် စောင့်ကြိုနေကြသည်ကို တွေ့လိုက်ရ၏။

ထိုလူနှစ်ယောက်အနက် တစ်ယောက်က အဝါရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ကျန်တစ်ယောက်က မီးခိုးရောင် ဝတ်ဆင်ထားသည်။

ရယ်ခြင်းပြုံးခြင်း မရှိ။ ပကတိ ဟန်အမူအရာ ကင်းမဲ့သော မျက်နှာထားပိုင်ရှင်များ ဖြစ်ကြလေသည်။

စုလုထင်းသည် ထိုလူနှစ်ယောက်အား ကောင်းစွာ သိရှိထားပါသည်။

အဝါရောင် ဝတ်ထားသူမှာ ကျားဝါဂိုဏ်းမှ ဌာနခွဲမှူး သန်းဖုံး ဖြစ်သည်။

မီးခိုးရောင် ဝတ်ဆင်ထားသူမှာမူ သိမ်းငှက်ဂိုဏ်းမှ ဌာနမှူး မောက်ပါ ဖြစ်လေသည်။

မောက်ပါနှင့် သန်းဖုံးတို့သည် သူ့အား စောင့်ဆိုင်းနေကြခြင်း မဟုတ်ပါလား။

စုလုထင်း၏ မျက်နှာကိုမြင်လျှင် အစိပ္ပာယ်ကို နားလည်သဘောပေါက်လိုက်ကြဟန်ဖြင့် မောက်ပါနှင့် သန်းဖုံးတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

မောက်ပါက...

'အခြေအနေ ဘယ်လိုလဲ'

ဟု မေးလိုက်သည်။

စုလုထင်း ခေါင်းခါယမ်းလိုက်သည်။

'သူက စဉ်းစားဦးမယ်တဲ့ဗျ'

မောက်ပါက..

'အဲဒါ သဘောမတူဘူးလို့ ပြောလိုက်တာနဲ့အတူတူပဲ'

သန်းဖုံးက....

'ဟုတ်တယ်၊ ဒီအဘိုးကြီးက တော်တော် ခေါင်းမာတယ်ဗျ'



ဟု ထောက်ခံလေသည်။

စုလုထင်းက....

'ကျုပ်က မြောက်ပိုင်းမှာ အစီအစဉ်တွေ လုပ်ပြီးပြီ၊ ကျောက်ရဲတိုက်ပိုင်နက်က ဖြတ်လို့ရတာနဲ့ ပြည်မကို အရောက်ပို့နိုင်မှာပဲ'

သန်းဖုံးနှင့် မောက်ပါတို့က....

'ကျုပ်တို့ပိုင်နက် ဒေသအတွက် ကျုပ်တို့ တာဝန်ယူနိုင်ပါတယ်'

ဟု ပြိုင်တူ ပြောကြလေသည်။

ကျားဂေါဂိုဏ်းနှင့် သိမ်းငှက်ဂိုဏ်းတို့သည် စုလုထင်းအား အပြည့်အဝ ထောက်ခံကြလေသည်။

သို့သော်....

ချန်းကုမုက လက်မခံသဖြင့် စုလုထင်း၏ အကြံအစည် ပျက်စီးရမလို ဖြစ်နေ၏။

စုလုထင်းက....

'သူက လက်မခံဘူးဆိုတာ ရှင်းနေပြီ၊ ကျုပ်တို့လုပ်ငန်း အောင်မြင်ဖို့ မလွယ်တော့ဘူး၊ ခင်ဗျားတို့ကော ဘယ်လို သဘောရသလဲ'

ဟု မေးလိုက်လေသည်။

သန်းဖုံးက....

'ကေရာဇ်ရဲတိုက် ပိုင်နက်ကမဖြတ်လို့မှ မရတာ၊ ဘယ်လို လုပ်မလဲ'

မောက်ပါက....

'တခြားက ကွေ့ပတ်စရာလမ်းမှ မရှိတာပဲ'

ဟု ထောက်ခံပြောဆိုလိုက်လေသည်။

စုလုထင်းက....

'ကျုပ်ရှိလုပ်ငန်း ပျက်စီးသွားမှာကိုတော့ ခင်ဗျားတို့ မလိုလားပါကြဘူးနော်'

ဟု သွေးတိုးစမ်းလိုက်၏။

မောက်ပါကောသန်းဖုံးပါ ခေါင်းခါယမ်းလိုက်ကြသည်။

'မလိုလားပါဘူးဗျာ'

'ကျုပ်တို့မှာ ဒီလောက်ကောင်းတဲ့ အခွင့်အရေးမျိုး တစ်ခါမှ မရခဲ့ဘူး၊ ဒါကြောင့် လက်လွှတ်မခံနိုင်တာ အမှန်ပဲဗျ'

စုလုထင်းက....

'ဒါဆိုရင်လဲ ကျုပ်ကို အကူအညီပေးကြဗျာ၊ ကေရာဇ်ရဲတိုက်ပိုင်နက်ထဲက ဖြစ်တဲ့နည်းနဲ့ ဖြတ်မယ်'

ထိုစကားကြားလျှင် မောက်ပါနှင့်သန်းဖုံးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြန်လေသည်။

စုလုထင်းက....

'ခင်ဗျားတို့ အကူအညီ မပေးနိုင်ဘူးလား'

ဟု မေးလိုက်သည်။



သန်းဖုံး သက်ပြင်းချလိုက်ပြီး....

'ဘယ်လောက်ပဲ အကျိုးရှိမယ်ဆိုပါစေ ကေရာဇ်ရဲတိုက်နဲ့ ထိပ်တိုက်ရင်ဆိုင်လို့တော့ ကျုပ်တို့ဂိုဏ်းချုပ်က လိုလားမယ် မထင်ဘူး'

ဟု ပြောလေသည်။

မောက်ပါက....

'ဟုတ်တယ်၊ ကျုပ်တို့ဂိုဏ်းချုပ်က သဘောကျမှာ မဟုတ်ဘူး'

ဟု ပြော၏။

စုလုထင်းက....

'ခင်ဗျားတို့ဂိုဏ်းတွေဟာ ကေရာဇ်ဂိုဏ်းလိုပဲ အင်အားတောင့်တင်းကြတာပဲ၊ အတူတူပူးပေါင်းပြီး ရင်ဆိုင်လိုက်ရင် ဘာခံနိုင်မှာလဲဗျ'

ဟု သွေးတိုးစမ်းလိုက်ပြန်သည်။

မောက်ပါက....

'ဒီနယ်မှာ ကြီးစိုးနေကြတဲ့ ဂိုဏ်းတွေအကြောင်းကို မိတ်ဆွေ သေသေချာချာ မသိသေးဘူး ထင်တယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်က စားကျက်နယ်မြေလုရင်း ရင်ဆိုင်တိုက်ခိုက်ခဲ့ကြဖူးတယ်၊ သုံးနှစ်ကျော်တဲ့အထိ တိုက်ပွဲတွေ မပြီးနိုင်ခဲ့ဘူး၊ အားလုံး အထိနာကြတာပဲ၊ နောက်ဆုံး ဘယ်သူမှ အသာမရဘဲ ပိုင်နက်နယ်မြေခွဲခြားပြီး ကျက်စားဖို့ သဘောတူခဲ့ကြရတယ်'

သန်းဖုံးသ....

'ထိပ်တိုက်ရင်မဆိုင်မိအောင် အားလုံးက သတိထားပြီး ရှောင်နေကြရတယ်ဗျာ၊ ထိပ်တိုက်တွေ့လို့ကတော့ တိုက်ပွဲက ဆုံးတော့မှာ မဟုတ်ဘူး'

ဟု ဝင်ပြောလေသည်။

စုလုထင်းက...

'ခင်ဗျားတို့ ဂိုဏ်းနှစ်ဂိုဏ်းပေါင်းပြီး ကေရာဇ်ရဲတိုက်ကို ဖြိုခွဲဖို့ ကျုပ်က ပြောတာပါဗျာ'

မောက်ပါက....

ကေရာဇ်ရဲတိုက်မှာ လူတော်လူကောင်းတွေ အများကြီး ရှိတယ်၊ ဖွဲ့စည်းထားပုံကလဲ ကျစ်လစ်ခိုင်မာတယ်၊ သူတို့ကို ချေမှုန်းနိုင်မယ်လို့ ဘယ်သူကမှ အာမမခံနိုင်ဘူး'

စုလုထင်း သက်ပြင်းချလိုက်သည်။

ကျားဝါဂိုဏ်းတော့ သိမ်းငှက်ဂိုဏ်းပါ ပြိုင်ဘက်ဖြစ်လာစေသည့် ကေရာဇ်ဂိုဏ်းအား ချေမှုန်းပစ်လိုသည့်ဆန္ဒ ရှိကြပေသည်။

သို့သော်....

လက်တွေ့ရင်ဆိုင်ရာတွင် အနိုင်အရှုံး သေချာပေါက် မပြောနိုင်ကြ၍ ရှောင်ဖယ်နေခြင်းဖြစ်ကြောင်း ထင်ရှားနေလေသည်။



စုလုထင်းက....

'ကျုပ် သဘောပေါက်ပါပြီ၊ ကေရာဇ်ရဲတိုက်ပိုင်ရှင်ကြောင့် ခင်ဗျားတို့ လက်ပိုက်ကြည့်နေကြတာပဲ'

ဟု ပြောလိုက်၏။

မောက်ပါက....

'ရှင်းရှင်းဝန်ခံရရင်တော့ ခင်ဗျားပြောတာ မှန်တယ်၊ ကေရာဇ်ရဲတိုက်ပိုင်ရှင် ချန်းကုမှုဟာ အင်မတန်ပါးနပ်တဲ့ မြေခွေးအိုကြီးပဲ၊ သူ့ကိုယှဉ်ဖို့ မလွယ်ဘူး'

သန်းဖုံးက....

'သူ့မှာ အားကိုးရတဲ့ လက်ရုံးတွေလဲ ရှိသေးတယ်ဗျ'

စုလုထင်းက....

'တကယ်လို့ မြေခွေးအိုကြီးနဲ့သူ့ လက်ရုံးတွေ လောကပေါ်မှာ မရှိတော့ဘူး ဆိုရင်ကော'

ဟု မေးလိုက်၏။

မောက်ပါက ခေါင်းခါယမ်းလိုက်သည်။

'ဒါ မဖြစ်နိုင်ပါဘူး'

သန်းဖုံးက ရယ်သွမ်းသွေးလိုက်သည်။

'ခင်ဗျားက ရယ်စရာပြောတာပဲ'

စုလုထင်းက တည်ကြည်သောမျက်နှာထားဖြင့်....

'ကျုပ် တကယ်ပြောတာဗျ'

မောက်ပါက....
'ဒါဆိုရင်တော့ ဘာပြောစရာလိုမှာလဲ'

သန်းဖုံးက....
'ကေရာဇ်ရဲတိုက်ဟာ အုတ်ခဲပုံကြီး ဖြစ်သွားမှာပေါ့'

စုလုထင်းက ...

'ကျုပ်ထင်တယ်၊ ကေရာဇ်ရဲတိုက်ဟာ လေပေါ်က ပျောက်ကွယ်သွားမှာတော့ မဟုတ်ဘူး၊ ဒါပေမယ့် ကျုပ်တို့ အစီအစဉ်ကို လက်ခံလာရမှာပေါ့'

မောက်ပါက ...

'ကောင်းပြီလေ၊ ကျုပ်တို့ စောင့်ကြည့်နေမယ်၊ ဟုတ်ပြီလား'

သန်းဖုံးက....

'ပြန်ဆုံတွေ့ကြသေးတာပေါ့ဗျာ'
ဟု ပြောကာ ထိုင်ရာမှ ထ,လိုက်လေသည်။

သူတို့ ထွက်သွားကြတော့မည် ဖြစ်လေသည်။
စုလုထင်းက....

'တကယ်လို့ မြေခွေးအိုကြီးကို ကျုပ်က ဖယ်ရှားဖို့ ကြိုးစားတဲ့အခါမှာ ခင်ဗျားတို့ကို မိတ်ဆွေလို့ သဘောထားလို့ရမလား'

ဟု မေးလိုက်၏။

မောက်ပါနှင့်သန်းဖုံးတို့ ရုတ်တရက် အဖြေမပေးကြချေ။



အတော်လေးကြာအောင် စဉ်းစားပြီးမှ....
'ကောင်းပြီလေ၊ ကျုပ်တို့ဟာ မိတ်ဆွေတွေပါပဲ'

ဟု မောက်ပါက ပြောလိုက်၏။
သန်းဖုံးက....
'ကျုပ်တို့လဲ အချင်းချင်းတွေပါပဲဗျာ'

ဟု ပြောလိုက်၏။
ထို့နောက်....

သုံးယောက်သား နှုတ်ဆက်ကာ လူချင်းခွဲလိုက်ကြလေသည်။

❀

အခန်းတွင်း၌ ဝါကျင့်ကျင့်မီးရောင် ဖြာကျနေသည်။
ညဉ့်နက်ပြီဖြစ်သော်လည်း စုလုထင်း အိပ်မပျော်နိုင်သေးပါ။

သူ့တွင် စဉ်းစားစရာကိစ္စများ ရှိနေသည် မဟုတ်ပါလား။

သူက တွေးတောစဉ်းစားသည့်ဉာဏ်ကို လွှာသုံးသည်။

အလွန် စေ့စပ်သေချာစွာ လုပ်ကိုင်တတ်သည်။

ထို့ကြောင့်လည်း ယခုအချိန်တိုင်အောင် အသက် ရှင်နေနိုင်ခြင်း ဖြစ်လေသည်။

သူ၏ ဘဝတစ်လျှောက်တွင် မကောင်းမှုများစွာ ပြုလုပ်ခဲ့သည်။

သူ၏လက်ချက်ဖြင့် လူအတော်များများ သေဆုံးသွားခဲ့ကြသည်။

သို့သော်....

သူကိုယ်တိုင်ကား အန္တရာယ်မကြုံရလေအောင် ရှောင်တိမ်းနိုင်ခဲ့သည်ချည်း ဖြစ်သည်။

ယခု....

စုလုထင်းသည် မြေခွေးအိုကြီး (ဝါ) ချန်းကုမုနှင့် လက်ရုံးများအား မည်သို့ သုတ်သင်ဖယ်ရှားပစ်ရမည်ကို တွေးတောစဉ်းစားနေခြင်း ဖြစ်သည်။

သူကဲ့သို့ ကျားဝါဂိုဏ်းကော သိမ်းငှက်ဂိုဏ်းပါ စဉ်းစားဝံ့ကြမည် မဟုတ်ပါချေ။

ချန်းကုမုအား ဖယ်ရှားပစ်ဖို့ မလွယ်မှန်း စုလုထင်း နားလည်ထားပါ၏။

မည်သို့ဆိုစေ....



အမှားအယွင်းဆိုသည်မှာ နေရာတိုင်း၌ ရှိနေတတ်သည် မဟုတ်ပါလား။

သေးငယ်သော အမှားအယွင်းပင် ဖြစ်ပါစေ၊ သို့မဟုတ် ဟာကွက်ကလေးတစ်ခုပင် ဖြစ်ပါစေ အရာရာတိုင်းကို ပျက်စီးဆုံးရှုံးသွားရလေအောင် ဖန်တီးတတ်သည့်သဘောကို စုလုထင်း ကောင်းစွာ နားလည်ထားလေတော့သည်။

စုလုံထင်းသည် ချန်းကုမုနှင့် တွေ့ဆုံခဲ့ရပုံကို ပြန်လည် တွေးတောစဉ်းစားရင်း ချန်းပေါက်၏မျက်နှာကို ဖျတ်ခနဲ မြင်ယောင်မိလိုက်၏။

သူ လေ့လာထားချက်အရ ချန်းပေါက်သည် ချန်းကုမု၏ သားအကြီးဆုံးဖြစ်ကြောင်း သိရှိထားလေသည်။

ချန်းကုမုသည် နောင်တစ်ချိန် သူ၏အရိုက်အရာဆက်ခံမည့် သားအကြီးဆုံး ချန်းပေါက်အား လက်ရုံးများကဲ့သို့ပင် အရေးပေးထားသည့်သဘော ရှိနေ၏။

ထို့အပြင် ...

ချန်းပေါက်သည် သူ၏ လုပ်ငန်းအား စိတ်ဝင်စားသည့်သဘော ဆောင်နေကြောင်း ဆင်ခြင်လိုက်မိသည်။

ချန်းကုမု သေဆုံးသွားလျှင် ချန်းပေါက်သည်းမ ...ခင် အရိုက်အရာ ဆက်ခံရပေမည်။

ချန်းပေါက်သာ ကေရာဇ် ရဲတိုက်ပိုင်ရှင် ဖြစ်လာပါက နတ်သမီးဆေး သယ်ယူမည့်လုပ်ငန်းသည် အဆင်ပြေချောမွေ့ သွားနိုင်သည် မဟုတ်ပါလား။

စုလုထင်း၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

'ဒီကိစ္စကို ငါ မဖြစ်မနေ ဆောင်ရွက်ရတော့မှာပဲ'

ဟုလည်း ရေရွတ်လိုက်လေတော့သည်။

## ကျီးဖြူလေး

ထွန်းလင်းတောက်ပနေသော နေရောင်ခြည် အောက်တွင် အမှုရာတိုင်းသည် ခမ်းနားထည်ဝါလှိုနေလေသည်။

ညီညီညာညာ ခင်းထားသော ကျောက်ပြားလမ်းလေး အဆုံးတွင် ပန်းဥယျာဉ်ကြီးတစ်ခု ရှိသည်။

ပန်းဥယျာဉ်အတွင်း၌ အရောင်အသွေးစုံလင်စွာ ပွင့်ဖူးနေသော ပန်းမာလာများဖြင့် ထင်ဟပ်နေလေသည်။

ချန်းလေးသည် ပန်းဥယျာဉ်အတွင်းသို့ ရောက်ရှိလာသော အခါ စိတ်ထဲ၌ ပို၍ကြည်လင်ရွှင်ပျလာသည်ဟု ခံစားလိုက်ရလေသည်။

အကြောင်းမှာ....

ပန်းခင်းအတွင်း၌ ရယ်မောနေကြသည့် မိန်းမချောလေးသုံးယောက်အား တွေ့လိုက်ရခြင်းကြောင့် ဖြစ်ပါသည်။

ထိုမိန်းမချောလေး သုံးယောက်တွင် ပန်းရောင် အဝတ်အစားများ ဝတ်ဆင်ထားသော မိန်းကလေးသည် သူဌေးကြီး ဝမ်းရှောင်၏ သမီး 'ဝမ်းဝမ်းလျှံ' ဖြစ်လေသည်။

ချန်းလေးက နေပြည်တော်မှ စာပေပညာရှင်ကြီး ထံ၌ လာရောက်၍ စာပေပညာသင်ကြားနေသူဖြစ်သလို ဝမ်းဝမ်းလျှံကလည်း ဂီတပညာ လာရောက်သင်ကြားရင်း ဆုံတွေ့မိကာ လူငယ်သဘာဝ မေတ္တာမျှမိခဲ့ကြလေသည်။

ချန်းလေးသည် ကေရာဇ်ရဲတိုက်မှပို့ပေးသော ငွေကြေးဖြင့် လိုလေသေးမရှိ နေနိုင်ခဲ့သည်။

သို့သော်....

သူသည် ဒုစရိုက် ဂိုဏ်းခေါင်းဆောင်တစ်ယောက်၏သား ဖြစ်နေပါသည်။

ထို့ကြောင့်....

ဝမ်းဝမ်းလျှံနှင့် အကြောင်းဆက် ပေါင်းဖက်ဖို့အရေး တွေးမိလေတိုင်း ချန်းလေး စိတ်မချအားနိုင်အောင် ဖြစ်ခဲ့ရလေသည်။

သူသာ ဒုစရိုက်ဂိုဏ်းခေါင်းဆောင်၏ သားဖြစ်ကြောင်း ဝမ်းဝမ်းလျှံ၏ မိဘများ သိသွားပါလျှင် သူတို့နှစ်ယောက် ဝေးကြရလိမ့်မည်ဖြစ်လေသည်။



ချန်းလေးသည် ကေရာဇ်ရဲတိုက်၌ မပျော်ပိုက်ပါ။

ဒုစရိုက်လုပ်ငန်းများကိုလည်း မုန်းတီးလေသည်။

စာပေပညာသင်ကြား၍ ပြီးဆုံးသွားလျှင်လည်း ကေရာဇ်ရဲတိုက်သို့ မပြန်ဘဲ ရွှေမြို့တော်ကြီး၌ပင် အခြေချ နေထိုင်သွားရန် ဆုံးဖြတ်ထားလေသည်။

ပန်းဥယျာဉ် အတွင်းသို့ ချန်းလေး ရောက်ရှိလာသည်ကို တွေ့မြင်သွားကြသည့် ဝမ်းဝမ်းလျှံ၏ အဖော်နှစ်ယောက်က ရှောင်ပေးသည့်သဘောဖြင့် နှုတ်ဆက်ကာ ထွက်သွားကြလေသည်။

ဝမ်းဝမ်းလျှံက....

'အစ်ကို'

ရှင်လန်းသောလေသံဖြင့်ခေါ်ရင်း ခပ်သွက်သွက် လှမ်းလာလေသည်။

သူမ၏ အပြစ်ကင်းစင်သော မျက်နှာလေးကို တွေ့ရလျှင် ချန်းလေး၏ရင်ထဲမှ သောကအပူမီးများ ငြိမ်းအေး ပျောက်ကွယ်သွားတော့သည်။

'ညီမ'

ဝမ်းဝမ်းလျှံက အလိုက်သင့် ဆီးကြိုလိုက်၏။

ထို့နောက် တင်ယောက်ကိုတစ်ယောက် လက်ချင်း ချိတ်ကာ မလှမ်းမကမ်းရှိ သစ်ပင်ကြီး တစ်ပင် အောက်မှ ခုံတန်းလျားတွင် သွား၍ ထိုင်လိုက်ကြလေသည်။

ဝမ်းဝမ်းလျှံက....

'အစ်ကို...လဆန်းသုံးရက်နေ့ကျရင် ညီမတို့ အားလပ်ခွင့်ရမယ်နော်'

ချန်းလေး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ ညီမရဲ့၊ ဘာဖြစ်လို့လဲ'

ဝမ်းဝမ်းလျှံက....

'အဲဒီနေ့ကျရင် မြို့ပြင်က ရေကန်သာကို အလည်အပတ်သွားကြရင် ကောင်းမသားလို့'

ချန်းလေး ပျော်ရွှင်သွားလေသည်။

ချစ်သူနှင့်အတူ လွတ်လပ်ပျော်ရွှင်စွာ လည်ပတ်ခွင့် ရတော့မည် မဟုတ်ပါလား။

'သိပ်ကောင်းတာပေါ့ ညီမရယ်၊ အစ်ကိုတို့ မနက်စောစောကတည်းက သွားကြ'

သူ စကားဆုံးအောင် မပြောလိုက်ရသေးပါ။

'ချန်းလေး....ချန်းလေး'



တကြော်ကြော်ခေါ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဝမ်းဝမ်းလျှံက....

'အိမ်တော်သားတစ်ယောက် အစ်ကို့ကို လိုက်ရှာနေတယ်၊ အကြောင်းရှိလို့ ထင်တယ်'

'ဟုတ်တယ် ညီမ၊ ခဏနော်'

ချန်းလေးက ထိုင်ရာမှ ထ,လိုက်ပြီး....

'ကျွန်တော် ဒီမှာ'

ဟု လှမ်းပြောလိုက်၏။

စာပေပညာရှင်ကြီး၏ အိမ်တော်သားသည် ချန်းလေးအား တွေ့မြင်သွားပြီး ခပ်သုတ်သုတ် လှမ်းလာလေသည်။

ချန်းလေးက....

'ဘာကိစ္စရှိလို့လဲကွ'

ဟု မေးလိုက်၏။

အိမ်တော်သားက....

'ဆရာကြီး ခေါ်ခိုင်းလိုက်လို့ပါ'

'ဟင်'

'မင်းရဲ့အဖေ အသည်းအသန် ဖြစ်နေတယ် ၊ အသက်မီချင်ရင် အမြန်ဆုံးပြန်လာပါဆိုတဲ့ အကြောင်းကြားစာ ရောက်လာလို့ ဆရာကြီးက ခေါ်ခိုင်းလိုက်တာ'

အိမ်တော်သား၏စကားကြောင့် ချန်းလေးမှာ မျက်လုံးများ ပြာဝေသွားသည်ဟု ခံစားလိုက်ရလေသည်။

သူက ဒုစရိုက်လုပ်ငန်းများကို စက်ဆုပ်မုန်းတီးသည်။

သို့သော် သူ၏ဖခင်ကိုတော့ ချစ်မြတ်နိုးပါသည်။

သူတို့ ညီအစ်ကိုတစ်စုမှာ မိခင်ကွယ်လွန်ခဲ့ပြီဖြစ်၍ အားထားစရာ ဖခင်ကြီးတစ်ယောက်သာ ရှိတော့သည် မဟုတ်ပါလား'

'ညီမ....အစ်ကို သွားလိုက်ဦးမယ်'

ဝမ်းဝမ်းလျှံကို ကပျာကယာ နှုတ်ဆက်ကာ အိမ်တော်သားနှင့်အတူ ဆရာကြီး၏အခန်းဆီသို့ အပြေးတစ်ပိုင်း သွားလိုက်မိလေတော့သည်။



နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာ ပြီဖြစ်သည်။

နေရောင်ခြည်သည် အမှောင်ထုကို တွန်းထုတ်ဖယ်ရှားပစ်လိုက်သည်။

ဝန်းကျင်တစ်ခုလုံး လင်းလင်းကျင်းကျင်း ဖြစ်လာချိန်မှာပင် ချန်းလေး စီးနင်းလာသော ရှက်လှေကြီးသည် ဆိပ်ကမ်းသို့ ထိုးကပ်လိုက်လေသည်။

ပစ္စည်းများ သယ်ယူလာသောအသံ၊ အချင်းချင်း နှုတ်ဆက်သံ၊ ရယ်မောသံ၊ မြင်းခွာသံများဖြင့် ဆိပ်ကမ်းမှာ အသက်ဝင်နေပါသည်။

ချန်းလေးက အထုပ်တစ်ထုပ်ကို ကျောပိုးကာ လှေပေါ်မှ ဆင်းလာခဲ့လေသည်။

ဖခင်ဖြစ်သူ ကျန်းမာရေးကြောင့် ရှေ့မြို့တော်ကြီးမှနေ၍ အိမ်ပြန်လာခဲ့ရခြင်း ဖြစ်ပါသည်။

ချစ်သူ ဝမ်းဝမ်းလျှံနှင့် ခွဲခွာခဲ့ရသဖြင့် ချန်းလေး ကြေကွဲနေမိသည်။

ဖခင်ကြီး၏ အခြေအနေအရ သူတို့ ဘယ်သောအခါမှ ပြန်လည်ဆုံတွေ့ကြရမည်ကို မပြောနိုင်ပေ။

တစ်ဖက်မှလည်း ဖခင်ဖြစ်သူ အသက်အန္တရာယ် မရှိပါစေနှင့်ဟု ဆုတောင်းနေရသေး၏။

အိမ်အပြန်ခရီးကား နီးလှသည် မဟုတ်ပါ။

ရွှေမြို့တော်ကြီးမှနေ၍ ကောရာဇ်ရဲတိုက်သို့ ကုန်းတစ်တန် ရေတစ်တန်ဖြင့် ပြန်ရမည် ဖြစ်လေသည်။

ချန်းလေးသည် ခရီးသည်များနှင့် ရောနှောကာ လှေပေါ်မှ ဆင်းလာခဲ့ပြီးနောက်ဆိပ်ကမ်းမြေပေါ် ခြေချမိလျှင် ဟိုဟိုသည်သည် ရှာဖွေကြည့်လိုက်မိလေသည်။

ကောရာဇ်ရဲတိုက်မှလူ တစ်ယောက်တလေမျှပင် မတွေ့ရပါ။

သူ့အား လာကြိုသူတစ်ယောက်မျှပင် မတွေ့ရပါ။

ချန်းလေး မကျေမနပ် ဖြစ်သွားလေသည်။

'တကယ်ဆို တစ်ယောက်ယောက်ကို လာကြိုခိုင်းဖို့ကောင်းတာပေါ့'

ဟုပင် ရေရွတ်လိုက်မိလေသည်။

တစ်ဆက်တည်းပင် ...

'အို...ငါ့ကို လာမကြိုတော့ကော ငါက အိမ်ရောက်အောင် မပြန်နိုင်ဘူးတဲ့လား'

သူက ကောရာဇ်ရဲတိုက်သို့ အရောက်ပြန်မည်သာ ဖြစ်ပါသည်။

ချန်းလေးသည် ရှည်ရှည်ဝေးဝေး တွေးတောစဉ်းစားမနေတော့ဘဲ မြင်းလှည်းငှားရမ်းသည့်နေရာသို့ ထွက်လာခဲ့လေသည်။



ရွှေမြို့တော် အိမ်ပြန်ခရီးသည် သူ့အတွက် စိမ်းနေသည်တော့ မဟုတ်ပေ။

တစ်နှစ်တစ်ကြိမ် အိမ်သို့ပြန်ကာ ဖခင်ကြီးနှင့် တွေ့ဆုံရသည် မဟုတ်ပါလား။

ချန်းလေးသည် ခပ်သွက်သွက်လှမ်းသွားရင် အစီအရီ ဖွင့်လှစ်ထားသော စားသောက်ဆိုင်များရှေ့သို့ ရောက်ရှိလာသောအခါ ဗိုက်ထဲဆာလောင်နေသည်ကို သတိရလာလေသည်။

ရှက်လှေကြီးကို တစ်နေ့နှင့်တစ်ညလုံးလုံး စီးနင်းခဲ့ရပြီး ဖခင်အား ပူပန်သောစိတ်၊ ဝမ်းဝမ်းလျှံအား လွမ်းဆွတ်သောစိတ်ဖြင့် ဟုတ်တိပတ်တိ မစားဖြစ်ခဲ့ပေ။

ချန်းလေးသည် ဗိုက်ဖြည့်ပြီးမှ ခရီးဆက်ရန် ဆုံးဖြတ်လိုက်သည်။

စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်ကာ မှာကြားစားသောက်လိုက်လေသည်။

မြစ်ဆိပ်ကမ်းသည် ခရီးလမ်းပန်းဆုံရာ အချက်အချာကျသည့်နေရာဖြစ်၍ သွားလာလှုပ်ရှားနေကြသူများ ပြည့်နှက်နေ၏။

စားသောက်ဆိုင်များ၌လည်း စည်စည်ကားကား ရှိနေသည်။

လူပေါင်းစုံ၊ စရိုက်စုံ၊ သတင်းစုံ ကြားသိရနိုင်သော သဘောလည်း ရှိလေသည်။

ချန်းလေးက အစားအသောက်ကို ဦးစားပေးကာ ခေါင်းငုံစားသောက်နေသည့်တိုင် တစ်ဖက်ဝိုင်းမှ ပြောဆိုနေကြသော စကားသံများက သူ၏နားထဲသို့ အတားအဆီးမရှိ တိုးဝင်လာနေသည်။

'နယ်ခြံမန်ချူးတွေတော့ အရှုံးကြီးရှုံးပြီး ဆုတ်ခွာထွက်ပြေးနေရပြီဗျ'

'ဟုတ်တယ်၊ နေပြည်တော်ကတပ်ဖွဲ့တွေက ခေါင်းမထောင်နိုင်အောင် လိုက်ပြီး ချေမှုန်းနေကြတယ်'

'နယ်ခြံရန်အေးသွားရင် ဒုစရိုက်သမားတွေကို ဖိဖိစီးစီးဆုံးမနိုင်တော့မှာပါ'

'ဒါဆို တိုင်းပြည် အေးချမ်းသာယာသွားပြီပေါ့ဗျာ'

ချန်းလေး သက်ပြင်းချလိုက်မိလေသည်။

နေပြည်တော်မှတပ်ဖွဲ့များက ဒုစရိုက်ဂိုဏ်းများအား ဖိဖိစီးစီး နှိမ်နင်းပစ်မည်ဆိုပါလျှင် ကေရာဇ်ဂိုဏ်း၏ အခြေအနေကော မည်သို့ရှိမည်နည်း။

တစ်ဖက်စကားဝိုင်းမှ စကားသံများက ပျံ့လွင့်လာပြန်သည်။



'ကျုပ် ကြားရသလောက်တော့ ဒုစရိုက်သမားတွေကို နှိမ်နင်းဖို့ အထူးတပ်ဖွဲ့တစ်ခု ဖွဲ့စည်းထားတယ်ဆိုပဲဗျ'

'အဲဒီ အထူးတပ်ဖွဲ့ရဲ့ရည်ရွယ်ချက်ကို ပြောစမ်းပါဦး'

'ဒီလိုလေဗျာ၊ ခုချိန်ကတည်းက ဒုစရိုက်ဂိုဏ်းတွေအကြောင်းကို ကြိုတင်လေ့လာ စုံစမ်းထားဖို့ရယ်၊ အတွင်းကျကျ ထိုးဖောက်ဝင်ပြီး ခြေကုပ်ယူထားဖို့ရယ် ရည်ရွယ်တာပဲ၊ တကယ်တမ်း နှိမ်နင်းတဲ့အခါကျရင် ဘယ်လိုမှ ပြေးမလွတ်နိုင်တော့ဘူးပေါ့ဗျာ

'ကောင်းတယ်ဗျို့၊ ဒုစရိုက်မှုတွေ ရှင်းလင်းသွားမှပဲ ကျုပ်တို့လဲ အေးအေးဆေးဆေး ရောင်းဝယ်ဖောက်ကားလို့ရမှာပဲ'

ချန်းလေး ဆက်၍ နားမထောင်လိုတော့ပါ။

ဒုစရိုက်သမားဆိုလျှင် လူတိုင်းက မုန်းတီးစက်ဆုပ်ကြသည်မှတ်ပါလား။

ဆိုင်လုလင် တစ်ယောက်ကို ခေါ်ကာ စားသောက်ခကျသင့်ငွေ ပေးချေလိုက်ပြီး ဆိုင်ထဲမှ ထွက်လာခဲ့လေသည်။

ကြီးမည်းများနှင့် တူလှသော ဒုစရိုက်သမားများအလယ်တွင် ချန်းလေးသည် ကျီဖြူလေး တစ်ကောင်နှင့် တူနေပေတော့သည်။

❦

'ခွပ်ခွပ် .. ခွပ်ခွပ်'

မြင်းခွာသံ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေလေသည်။

မြင်းလှည်းတစ်စီးသည် တောလမ်းအတိုင်း ခရီးနှင်နေ၏။

ထိုမြင်းလှည်းသည် အငှားလိုက်သော မြင်းလှည်းတစ်စီးဖြစ်ပြီး ချန်းလေးက ငှားရမ်းစီးနင်းလာခဲ့ခြင်း ဖြစ်လေသည်။

သူ့အား လူလွတ်ကြိုခိုင်းခြင်း မရှိသည့် အစ်ကိုနှစ်ယောက်အား ချန်းလေး ဒေါသဖြစ်မိသည်။ မြင်းလှည်းအိမ်ထဲ၌ သက်တောင့်သက်သာ ထိုင်ရင်း အစ်ကိုနှစ်ယောက်အား အပြစ်တင် ကျိန်ဆဲကာ လိုက်ပါလာခဲ့လေသည်။

ဤသို့ဖြင့်....

နေမွန်းတည့်ချိန် မတိုင်မီ လူပြတ်သော တောအုပ်တစ်ခုသို့ ရောက်လာခဲ့ခြင်းလည်း ဖြစ်လေသည်။

ချန်းလေးမှာ ဗိုက်ပြည့်အောင် စားသောက်ခဲ့သည့်အပြင် ခရီးပမ်းသောကြောင့် ငိုက်မြည်းလာသည်။

မြင်းလှည်းနံရံကို ကျောမှီကာ မျက်လုံးမှိတ်ထားလိုက်လေသည်။

မကြာပါချေ။

အိပ်စက်လိုစိတ်များ ကြီးစိုးလာပြီး မေ့ခနဲ အိပ်ပျော်သွားလေသည်။

ဤသို့ အိပ်ပျော်သွားမိခြင်းကြောင့် သူ၏ဘဝ တစ်ဆစ်ချိုး ရွေ့ပြောင်းလည်း သွားရမည်ကို ထိုစဉ်က ချန်းလေး မသိခဲ့ချေ။

*

အချိန်မည်မျှ ကြာသွားမှန်းမသိ။

အေးစက်သော အတွေ့အထိ တစ်ခုကြောင့် ချန်းလေး ဖျတ်ခနဲ လန့်နိုးလာလေသည်။



မျက်နှာကိုလက်ဖြင့် ပွတ်လိုက်သောအခါ ပုတ်သင်ညို တစ်ကောင် ဆင်းပြေးသွားလေသည်။

'ဟာ'

ချန်းလေး အထိတ်တလန့် အော်လိုက်သည်။

လဲလျောင်းနေရာမှ ကပျာကယာ ခုန်ထလိုက်လေသည်။

ပုတ်သင်ညိုသည် သစ်ပင်ပေါ်သို့ တက်ပြေးသွားသည်ကို တွေ့ရမှ ချန်းလေး သက်ပြင်းချလိုက်မိသည်။

လေဟုန်ယမ်း တိုက်ခတ်လာသည်။

သစ်ရွက်တချို့ ကြွေကျလာ၏။

လေထဲ ဝေ့ကာဝေ့ကာဖြင့် သစ်ရွက်လေးများ ကြွေကျလာသည်ကို တွေ့ရသည်မှာ ကြည်နူးစရာ ကောင်းလှသည်။

ချန်းလေးသည် ရွှေမြို့တော်ကြီးတွင် သင်ကြားခဲ့ရသော ကဗျာတစ်ပုဒ်ကိုပင် သတိရလာလေသည်။

ထိုကဗျာကို ရွတ်ဆိုရန် ဟန်ပြင်လိုက်ပြီးမှ ...

'ဟိုက်'

အလန့်တကြား ထအော်လိုက်လေသည်။

အကြောင်းမှာ....

သူသည် မြင်းလှည်းပေါ်၌ အိပ်စက်ရင်း လိုက်ပါလာခဲ့ရာမှ လမ်းပေါ် ရောက်နေသည့်အဖြစ်ကို သတိပြုမိလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ချန်းလေး ကိုယ့်ကိုယ်ကိုပင် မယုံနိုင်အောင် ဖြစ်သွား၏။
'ငါ... အိပ်မက် မက်နေတာများလား'
ဟု အသားဆိတ်ကြည့်လိုက်ရာ နာကျင်သွားမှ အိပ်မက်မဟုတ်ကြောင်း သိရှိလိုက်ရလေသည်။

မြင်းလှည်းပေါ်မှနေ၍ လမ်းဘေးသို့ အဘယ်ကြောင့် ရောက်ရှိနေရပါသနည်း။
မြင်းလှည်းသမားနှင့် မြင်းလှည်း မည်သည့်နေရာသို့ ရောက်ရှိသွားကြပါသနည်း။
ချန်းလေး ဟိုဟိုသည်သည် ရှာဖွေကြည့်လိုက်၏။

မြေပေါ်တွင် မြင်းလှည်းဘီးရာများ မထင်မရှား တွေ့ရပါသော်လည်း မြင်းလှည်း၏ အရိပ်အယောင်ပင် မတွေ့ရတော့ချေ။

ထို့အပြင် ..
'ဟိုက် .. ငါ့ပစ္စည်းတွေ ပါသွားပြီ'
ချန်းလေး ထခုန်လိုက်မိလေသည်။

မှန်ပေသည်။
သူ၏ ကျောပိုးအိတ် မရှိတော့ပါ။
အင်္ကျီအိတ်ထဲမှာလည်း ဟောင်းလောင်း ဖြစ်နေသည်။

မြင်းလှည်းသမားသည် သူ အိပ်ပျော်သွားသည်ကို အခွင့်ကောင်းယူကာ ရှိသမျှပစ္စည်း သိမ်းကြုံးယူပြီး လမ်းဘေး၌ ချသွားခဲ့ခြင်းပေတကား....



'လူယုတ်မာ'
ချန်းလေး ဒေါသထွက်ကာ မြင်းလှည်းသမားကို ကျိန်ဆဲလိုက်၏။

မြင်းလှည်းသမားကား ယခုအချိန်လောက်ဆိုလျှင် ရရှိသွားသော ပစ္စည်းများ ရွှေများဖြင့် ပွဲတော်တည်နေတော့မည် ဖြစ်ပေသည်။

ချန်းလေးမှာ ဒေါသထွက်နေရာမှ သူ့ထံတွင် ငွေကြေး တစ်ပြားတစ်ချပ်မှ မကျန်တော့၍ လည်းကောင်း၊ သွားရမည့် ခရီးမှာ ဝေးလံနေသေး၍ လည်းကောင်း စိတ်ပျက်အားငယ် စိတ်များ ဖြစ်ပေါ်လာလေသည်။

သစ်ပင်ရိပ်အောက်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်မိသည်။
သူ၏ ဘဝတွင် စားဝတ်နေရေးအတွက် တစ်ကြိမ်တစ်ခါမျှ ပူပန်ခဲ့ရသည် မရှိချေ။

မိဘများ၏ အစီအမံဖြင့် ပြည့်စုံစွာ နေထိုင်ခဲ့ရသည်ချည်း ဖြစ်လေသည်။

ရွှေမြို့တော်ကြီး၌ ပညာသင်ယူနေချိန်၌လည်း ဖခင် ထောက်ပံ့သော ငွေကြေးဖြင့် သူဌေးသားတစ်ယောက်ပမာ နေနိုင်ခဲ့လေသည်။
ယခုမူ....
ခြူးတစ်ပြားမှ မရှိသူဘဝသို့ နေ့ချင်းညချင်း ရောက်ရှိသွားပြီ ဖြစ်လေသည်။

ရွှေ့ခရီး မည်သို့ဆက်ရမည်နည်း။

လမ်းတွင် မည်သို့ နေထိုင်စားသောက်ရမည်နည်း။

ချန်းလေးမှာ အော်ဟစ်ငိုယိုလာချင်တော့သည်။

မည်သို့ဆိုစေ....

လူပြတ်လှသော တောလမ်းခရီးတွင် ထိုင်မှိုင်နေရုံဖြင့် အခက်အခဲများ ပြေလည်သွားမည် မဟုတ်ပါ။

ချန်းလေး ထိုင်ရာမှ ထလိုက်သည်။

အရှေ့ဘက်ဆီသို့ ဦးတည်ကာ တောလမ်းအတိုင်း တရွေ့ရွေ့ လျှောက်လှမ်းသွားလိုက်လေတော့သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

နေဝန်းနီမှာ အနောက်ဘက်သို့ တိမ်းစောင်းသွားပြီဖြစ်သည်။

မကြာမီ နေရောင်ခြည် ကွယ်ပျောက်သွားပေတော့မည်။



ချန်းလေး၏ တင်ကိုယ်လုံး ချွေးများစိုရွှဲနေသည်။

တစ်ကိုယ်လုံး ထုရိုက်ထားသလို နာကျင်နေ၏။

ထို့အပြင်....

ခန္ဓာကိုယ် ကြွက်သားများ လှုပ်ရှားထားရသဖြင့် ဗိုက်ထဲ ဆာလောင်လာလေသည်။

ချန်းလေးမှာ သူ၏ ဘဝတွင် အကြီးမားဆုံးသော ဝဋ်ဒုက္ခ ခံစားနေရသည်ဟု ယုံကြည်နေမိလေတော့သည်။

လမ်းဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်ချုံနွယ်များ ထူထပ်စွာ ဖုံးထားဆဲ။

တောအုပ်မှ မလွတ်မြောက်နိုင်သေးသည့်အပြင်....
'ဝေါင်း'

တစ်ချက်တစ်ချက် အဝေးမှ ထွက်ပေါ်လာသော ကျားဟိန်းသံကြောင့် ချန်းလေး တုန်လှုပ်မိလေသည်။

'ဒုက္ခပဲ...ဒီအတိုင်းဆိုရင် ကျားစာဖြစ်တော့မှာပဲ'

ဟု မဆီမဆိုင် တွေးလိုက်မိသေး၏။

ဒုစရိုက်လောကတွင် ကြီးပြင်းလာခဲ့သော်လည်း ရွှေပေါ်မြတင် နေခဲ့ရကား ချန်းလေးမှာ အခက်အခဲ ကြုံရသော်လည်း မဖြေရှင်းနိုင်အောင် ဖြစ်နေခဲ့လေသည်။

မည်သို့ဆိုစေ...

လူတစ်ယောက်သည်ဒုက္ခကြုံရလျှင် ငုပ်လျှိုးနေသော အစွမ်းအစများ ပေါ်လာတတ်သည့်သဘော ရှိလေသည်။

ချန်းလေးသည် မည်သူ့အကူအညီမှမရနိုင်သဖြင့် ကိုယ့်အားကိုယ်ကိုးကာ ရှေ့သို့ တစိုက်မတ်မတ် လျှောက်လာခဲ့လေသည်။

တောအုပ်ထဲ၌ ရပ်နားဖို့ မစဉ်းစားတော့ပါ။

တောအုပ်ထဲမှ လွန်မြောက်နိုင်ရန် အစွမ်းကုန် ကြိုးစားနေခြင်းဖြစ်ပေသည်။

သို့ဖြင့်....

အတန်ကြာသော် တောအုပ်ထဲမှ လွန်မြောက်လာခဲ့လေတော့သည်။

နေဝင်သွားပြီဖြစ်၍ အလင်းရောင်သည် တစ်စထက်တစ်စ အားနည်းလာပြီး အမှောင်ထု လွှမ်းမိုးလာပါသည်။

တောအုပ်ထဲမှ လွန်မြောက်လာသော ချန်းလေးသည်လည်း မလှမ်းမကမ်းတစ်နေရာမှ မီးရောင်တစ်ခုကို တွေ့မြင်လိုက်ရလေတော့သည်။

မီးရောင်ရှိလျှင် လူရှိရမည် မဟုတ်ပါလား။



ထင်းခြောက်များကို စုပုံကာ မီးရှို့ထားသော မီးပုံတစ်ခုမှ မီးရောင်များ ထွက်ပေါ်နေခြင်း ဖြစ်လေသည်။

မီးပုံအနီး၌ လူတစ်စု ဝိုင်းဖွဲ့၍ရှိနေကြ၏။

အချို့က ထိုင်နေပြီး အချို့က လဲလျောင်းနေကြသည်။

ဝန်စည်စလှယ် အထုပ်အပိုးများလည်း အလျဉ်းသင့်သလို ချထားသည်ကို တွေ့နိုင်၏။

ချန်းလေးသည် မီးရောင်တွေ့လိုက်ရသဖြင့် ဝမ်းသာသွားပြီး ခပ်သုတ်သုတ် လှမ်းသွားလိုက်လေသည်။

သူ၏ခြေသံကြောင့် မီးပုံအနီး၌ရှိနေကြသူများက ခေါင်းထောင်ကြည့်လာကြပါသည်။

တစ်ယောက်က....

'ဘယ်သူလဲ ရပ်လိုက်စမ်း'

ဟုပင် အော်ငေါက်ဟန့်တားလိုက်သေး၏။

ထိုလူများသည် လူဆိုးလော, လူကောင်းလော ချန်းလေး မဝေခွဲတတ်ပါချေ။

ထို့ကြောင့်....

ရှေ့မတိုးဝံ့ဘဲ ရပ်တန့်လိုက်လေသည်။

မီးပုံအနီးမှ လူစုလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြကာ မတ်တတ်ရပ်လာကြ၏။

ခန္ဓာကိုယ် ထွားကြိုင်းသော လူသန်ကြီးတစ်ယောက်က....

'မင်းဘယ်သူလဲ ...ဘာလာလုပ်တာလဲ'

ဟု အသံဝါကြီးဖြင့် မေးလာ၏။

ချုန်းလေးက....

'ကျွန်တော်ခရီးသည်တစ်ယောက်ပါ၊ လမ်းမှာဒုက္ခရောက်လာလို့ မီးရောင်တွေ့တာနဲ့ အကူအညီတောင်းဖို့ လာခဲ့တာပါခင်ဗျာ'

ဟု ကောင်းမွန်စွာ ပြောလိုက်လေသည်။

ဤတွင်....

တီးထိုးဝေဖန်ပြောဆိုသံများ ထွက်ပေါ်လာသည်။

မရှေးမနှောင်းပင် လူသန်ကြီးက....

'မင်းဘယ်သူပဲဖြစ်ဖြစ် လက်နှစ်ဖက်ကို အပေါ်မြှောက်ပြီး ရှေ့ကို တစ်လှမ်းချင်း တိုးလာခဲ့၊ မဟုတ်တာ လုပ်မယ်တော့ မကြံနဲ့နော်'

ဟု အမိန့်ပေးလေသည်။

ချုန်းလေးလည်း မတတ်သာဘဲ လူသန်ကြီး ပြောသကဲ့သို့ လက်ဖွနှဖက်အပေါ်မြှောက်ကာ ရှေ့တိုးသွားလိုက်၏။



မီးပုံအနီးသို့ ရောက်သွားသောအခါ ထိုလူများက ချက်ချင်း ဝိုင်းရံထားလိုက်ကြလေသည်။

သူတို့၏လက်ထဲ၌ တုတ်၊ ဓားများ ဆွဲကိုင်ထားကြသည်ကို တွေ့ရသဖြင့်....

'ငါတော့ အခုမှ တကယ်ဒုက္ခရောက်ပြီ'

ဟု တွေးကာ ချုန်းလေး အားငယ်နေမိတော့သည်၊ သို့သော်....

ချုန်းလေးတွင် လက်နက်တစ်စုံတစ်ရာမပါသလို အန္တရာယ်ပြုနိုင်သည့် အခြေအနေမရှိသဖြင့် ဝိုင်းဝန်း ရန်မူကြခြင်းတော့ မရှိပေ။

လူသန်ကြီးကပင် ဦးဆောင်ကာ....

'မင်းဘယ်သူလဲ....ဘယ်လိုဖြစ်လာတာလဲ'

ဟု မေးမြန်းလာလေသည်။

ချုန်းလေးက....

'ကျွန်တော် အဖေ နေမကောင်းလို့ အိမ်ပြန်လာခဲ့တာပါ၊ မြင်းလှည်းငှားစီးလာရင်း အိပ်ပျော်သွားလို့ မြင်းလှည်းသမားက ကျွန်တော့်ကို လမ်းဘေးမှာ ချထားခဲ့ပြီး ရှိတဲ့ပစ္စည်းတွေ အကုန်ယူထွက်ပြေးသွားလို့ပါ'

အမှန်အတိုင်း ရှင်းပြလိုက်၏။

ထိုအခါ လူသန်ကြီးတို့လူစုက သဘောကျစွာ ရယ်မော လိုက်ကြလေသည်။

လူသန်ကြီးက....

'မင်းက ဒီလောက်တောင် အအိပ်ကြီးရသလားကွ၊ ကဲ.... လာလာ'

ဖော်ဖော်ရွေရွေပင် ဖိတ်ခေါ်လေသည်။

ချန်းလေး မောပန်းဆာလောင်နေမှန်းသိ၍လည်း....

'ငါတို့နဲ့တွေ့တာ မင်း ကံကောင်းတယ်မှတ်ပါ'

ဟု ပြောဆိုကာ သောက်ရေနှင့် မုန့်ခြောက်များ ပေးကြ လေသည်။

ယခုမှ ချန်းလေး စိတ်သက်သာရာရသွားလေတော့သည်။
'ကျေးဇူးတင်ပါတယ်ဗျာ'

ကျေးဇူးတင်စကား ပြောကာ ရေနှင့်မုန့်များကို စား သောက်လိုက်လေသည်။

ထိုလူစုသည် ခရီးသွားများ ဖြစ်ကြသည်။

ညအချိန် တောလမ်းခရီး၌ ခရီးသည်ချင်း စုပေါင်း အနားယူကြခြင်း ဖြစ်သည်။

သို့မှသာ လူဆိုးဓားပြရန်မှ ကာကွယ်နိုင်မည် ဖြစ်သည်။



တစ်ဦးတစ်ယောက်ချင်း တစ်ကွဲတပြား နေကြမည်ဆိုပါက လူဆိုးဓားပြများ၏အန္တရာယ်ရှိသလို တောရိုင်းတိရစ္ဆာန်များ၏ အန္တရာယ်လည်း ရှိသေးသဖြင့် စိတ်မချရပေ။

ခရီးသွားများသည် ဤသို့ စုပေါင်းစခန်းချ အနားယူတတ် သည်မှာ အလေ့အထတစ်ခုကဲ့သို့ ဖြစ်နေလေတော့သည်။

ယခု တွေ့ရသောလူစုသည် မနက်မိုးလင်းလျှင် အသီးသီး လမ်းခွဲကာ လိုရာခရီးကိုဆက်သွားကြမည့် ခရီးသွားလူကောင်း များ ဖြစ်ကြ၍ ချန်းလေးက ယနေ့အဖို့ ထိုလူစုနှင့် ပူးပေါင်း ကာ အနားယူရန် ဆုံးဖြတ်လိုက်လေသည်။

လူသန်ကြီးသည် သဘောမနော ကောင်းပုံရလေသည်။

ချန်းလေးအတွက် ခြုံစောင်တစ်ထည် ပေးရင်း....

'ညဘက် ချမ်းလိမ့်မယ်၊ စောင်ခြုံအိပ်ပါ၊ မိုးလင်းမှ ပြန် ပေးပေါ့'

'ကျေးဇူးတင်ပါတယ်ခင်ဗျာ'

ချန်းလေးက ကျေးဇူးတင်စွာဖြင့် လက်ခံယူလိုက်၏။

လူသန်ကြီးက ချန်းလေး အိပ်စက်နိုင်ရန် မီးပုံ အနီး၌ တစ်နေရာ စီစဉ်ပေးပြီး....

'မင်း ဘယ်ကိုသွားမလို့လဲ၊ တို့နဲ့လမ်းကြုံတယ်ဆိုရင် လိုက်ခဲ့ ပေါ့'

ဟု ဖော်ဖော်ရွှေရွှေ ပြောလာလေသည်။

ဒုက္ခရောက်လာသူဖြစ်၍ ခရီးသွားချင်း စာနာစိတ်ထားကာ ကူညီစောင့်ရှောက်လိုသည့်သဘော ဖြစ်လေသည်။

ချန်းလေးက….

'ကျေးဇူးပါပဲခင်ဗျာ၊ ကျွန်တော်က ကေရာဇ်ရဲတိုက်ကို သွားမလို့ပါ'

ဟု အမှန်အတိုင်း ပြောလိုက်၏။

ထိုစကားကိုကြားလျှင် လူသန်ကြီး မျက်မှောင်ကြုတ်သွားလေသည်။

'ဘယ်လို…ကေရာဇ်ရဲတိုက်ကိုသွားမလို့ ဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

'နေပါဦး၊ မင်းက ဘာသွားလုပ်မလို့လဲ'

'ဒကေရာဇ်ရဲတိုက်ပိုင်ရှင်ဟာကျွန်တော့်အဖေပါ၊ဒါကြောင့်'

ချန်းလေး ဆက်မပြောနိုင်ဘဲ စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်ရလေသည်။

အကြောင်းမှာ….

သူ့အား ရင်းနှီးဖော်ရွေစွာ ကူညီနေကြသည့် ခရီးသွားများ၏ အသွင်သဏ္ဌာန် တစ်မုဟုတ်ချင်း ပြောင်းလဲသွားသည်ကို တွေ့မြင်ထွက်ရခြင်းကြောင့် ဖြစ်လေသည်။



အချို့သည် မျက်နှာဖြူဖတ်ဖြူရော်ဖြစ်ကာ ကြောက်ရွံ့သွားကြသည့်အသွင် ရှိသည်။

အချို့က မပတ်သက်လိုသည့်သဘောဖြင့် နောက်ဆုတ်လိုက်ကြ၏။

အချို့က မကျေမနပ်ဖြစ်သွားသည့်အသွင် ဆောင်၏။

လူသန်ကြီးကား အဆိုးဆုံးဖြစ်လေသည်။

မျက်နှာတစ်ခုလုံးခက်ထန်တင်းမာသွားပြီး အလွန်စက်ဆုပ်မုန်းတီးသည့်အသွင် ပြောင်းလဲသွားလေသည်။

ချန်းလေးမှာ နားမလည်နိုင်စွာဖြင့် ငေးကြည့်နေလိုက်မိတော့သည်။

ကေရာဇ်ရဲတိုက်ဟူသော အမည် ကြားလိုက်ရရုံဖြင့် ပြောင်းလဲသွားကြသည်မှာ မယုံနိုင်စရာ ကောင်းလှပေတော့သည်။

တဒင်္ဂအတွင်း တိတ်တဆိတ် ငြိမ်သက်သွားပြီးမှ….

'တောက်'

လူသန်ကြီး၏ တောက်ခေါက်သံ ထွက်ပေါ်လာလေသည်။

ချန်းလေးက လန့်ဖျပ်သွားသည်။

လူသန်ကြီးက….

'ငါတို့က လူကောင်းမှတ်လို့ လက်ခံကူညီခဲ့တာ၊ မင်းက လူဆိုးဖြစ်နေတာကိုး၊ ဘာလဲ၊ ငါတို့ကို ဒုက္ခပေးဖို့ လာတာလား'

ဒေါ်သတကြီး မေးမြန်းလာလေသည်။

ချန်းလေးက ဦးခေါင်း သွင်သွင် ခါယမ်းလိုက်သည်။

'မ....မဟုတ်ပါဘူးဗျာ'

လူသန်ကြီးက....

'ငါတို့ဟာ သာမန်ခရီးသွားတွေပဲ အဖိုးတန်ပစ္စည်းဘာမှ မပါဘူး၊ ဒါကြောင့် ငါတို့ကို ဒုက္ခပေးဖို့ ကြိုးစားရင် မှားမယ်၊ ကဲ...မင်းထွက်သွားပါတော့'

ဟု ပြောလေသည်။

ချန်းလေးက....

'နေပါဦး နောင်ကြီးရာ၊ ကျွန်တော်ရှင်းပြပါရစေဦး၊ ကျွန်တော်ဟာ လူဆိုးမဟုတ်ပါဘူး၊ ဒုက္ခသည် တစ်ယောက်ပါဗျာ'

သူမည်သို့ပင် ရှင်းပြပါစေ လူသန်ကြီးလ လက်မခံပါချေ။

'မင်းထွက်သွားတာ ငါတို့အတွက်အကောင်းဆုံးပဲ'

ချန်းလေး ခေါင်းငိုက်စိုက် ကျသွားလေသည်။

လူသန်ကြီးတို့ လူစုကလက်မခံလျှင် သူမည်သည့်နေရာသို့ သွားရမည်နည်း။



ထိုစဉ် ...

'သူဟာ ကျုပ်တို့ကို ဒုက္ခပေးဖို့လာတဲ့လူမဟုတ်ဘူးဆိုတာ သေချာပါတယ်'

စကားသံတစ်ချက် ထွက်ပေါ်လာ၏။

ချန်းကလေး ကပျာကယာ လှမ်းကြည့်ကြည့်လိုက်၏။

ယခုမှ....

မီးပုံနှင့်မလှမ်းမကမ်းတွင် ကျောက်တုံးတစ်တုံး ကျောမှီကာ ထိုင်နေသော လူငယ်တစ်ယောက်ကို သတိပြုမိလိုက်လေသည်။

လူငယ်သည် အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ရည်ရည်မွန်မွန်ရှိသူ ဖြစ်သည်။

သူ၏နံဘေး၌ ကျောပိုးအိတ်တစ်လုံးတွေ့ရသဖြင့် ခရီးသည်တစ်ယောက်ဖြစ်မှန်း ထင်ရှားလေသည်။

လူသန်ကြီးက ...

'ဘာပဲဖြစ်ဖြစ် သူဟာ အန္တရာယ်ပေးနိုင်တဲ့ လူတစ်ယောက်ပဲ၊ ဘာနည်းနဲ့မှ လက်မခံထားနိုင်ဘူး'

ဟု တင်းမာစွာ ပြောလေသည်။

အပြာရောင်လူငယ်က ...

'သူက အန္တရာယ်ပေးနိုင်တယ်ဆိုရင် သူ့ပစ္စည်းတွေ သူများ ယူသွားလို့ ရပါ့မလားဗျာ'

လူသန်ကြီးက ..
'အို ..ဒါက သူလိမ်ပြောတာ ဖြစ်မှာပေါ့'

အပြာရောင်လူငယ်က ချန်းလေးကိုကြည့်ကာ....

'ခင်ဗျား လိမ်ပြောတာလားဗျ'
ဟု မေးလိုက်၏။

ချန်းလေး ကပျာကယာ လက်ကာပြလိုက်ပြီး ....

'မဟုတ်ရပါဘူးဗျာ၊ ကျုပ်ပစ္စည်းတွေ တကယ်ပါသွားတာပါ၊ မယုံရင် စုံစမ်းကြည့်နိုင်ပါတယ်'

သူသန်ကြီးက ...
'ကျုပ်ဘို့က အချိန်ကုန်ခံပြီး လိုက်စုံစမ်းနေရဦးမှာလားဗျ၊ မြန်မြန် ထွက်သွားစမ်းကွာ'

ဟု ပြောသဖြင့် ချန်းလေး ပါးစပ် ပိတ်ထားလိုက်ရလေသည်။

အပြာရောင် လူငယ်က....

'နောင်ကြီးတို့ စဉ်းစားကြည့်ပါ၊ ကျုပ်တို့မှာ အဖိုးတန်ပစ္စည်း ပါမလာကြပါဘူး၊ ကျုပ်တို့ခရီးပြတိုက်လို့လဲအကြောင်းမထူးပါဘူး၊ ပြီးတော့ သူ့ကိုကြည့်ပါဦး၊ ဒုက္ခပေးနိုင်တဲ့လူတစ်ယောက်နဲ့ တူနေလို့သား'



ဟု ပြောလိုက်၏။
လူသန်ကြီးက ခါးခါးသီးသီး ဖြစ်နေပါသည်။
'မလိုချင်ဘူး၊ သူ့ကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး'
ချန်းလေး ဘာမျှမပြောနိုင်ပါ။

မှောင်မှောင်မည်းမည်း တစ်ယောက်တည်း သွားရမည့်အရေးကိုတွေးတော ကြောက်ရွံ့နေပေသည်။

အပြာရောင်လူငယ်က....
'ကောင်းပြီလေ၊ နောင်ကြီးတို့ လက်မခံနိုင်ဘူးဆိုရင်တော့ ဘယ်တတ်နိုင်ပါ့မလဲဗျာ၊ ကဲ ..မိတ်ဆွေ သွားရအောင်'

'ဗျာ'

'ဒီနေရာမှာ နေလို့မဖြစ်တာ သွားကြတာပေါ့'
'ခင်... ခင်ဗျား'

ချန်းလေး ကြောင်တက်တက် ဖြစ်နေသည်။

အပြာရောင် လူငယ်က....

'မစိုးရိမ်ပါနဲ့ဗျာ၊ ကျုပ်လဲ မိတ်ဆွေနဲ့အတူ လိုက်ခဲ့ပါ့မယ်၊ အခြားတစ်နေရာမှာသွားပြီး အနားယူကြတာပေါ့'
'တစ်နေရာမှာ သွားပြီး အနားယူကြတာပေါ့'
ဟုပြုံး၍ ပြောလေသည်။

လူငယ်၏အပြုံးနှင့် စကားသံကြောင့် ချန်းလေးအားတက်သွားသလို ကျေးဇူးတင်မိလေသည်။

'ကောင်းပါပြီဗျာ'

သူတို့နှစ်ယောက်သည် လူဝကြီးတို့လူစုနှင့် လမ်းခွဲကာ ထွက်လာခဲ့ကြလေတော့သည်။

❦

ကောင်းကင်ပေါ်တွင် လဝန်း ထွက်ပေါ်လာပြီ ဖြစ်လေသည်။ လရောင်ကြောင့် ဝန်းကျင်တစ်ခုလုံး လင်းလင်း ကျင်းကျင်း ဖြစ်လာသည်ကို လမ်းဘေးတစ်နေရာမှ လူသူ စွန့်ခွာသွားသည့် အိမ်ပျက်တစ်လုံးအား ချန်းလေးတို့ ရှာဖွေ တွေ့ရှိလိုက်ကြလေသည်။

အပြာရောင် လူငယ်ကပင် ဦးဆောင်ကာ....

'အတော်ပဲ ...ဟိုအိမ်ပျက်မှာ သွားနားကြတာပေါ့'

ဟု ပြော ပြီး ခေါ်ဆောင်သွားလေသည်။

အိမ်ပျက်ကြီးထဲသို့ရောက်လျှင် လူငယ်က သစ်တိုသစ်စများ စုဆောင်းကာ မီးဖိုလိုက်သည်။



မီးပုံတစ်ခု ဖြင့်ပေါ်လာလျှင် အလင်းရောင်နှင့်အနွေးဓာတ် ရရှိလာလေသည်။

မီးပုံနံဘေး၌ ရှင်းလင်းပြီး လူငယ်က ပါလာသော စောင်ကြမ်းများကို ခင်းကာ အိပ်ရာခင်းပြုလုပ်လိုက်၏။

ယနေ့ညအဖို့ ချန်းလေးမှာ အလွန်ပင်ပန်းနေပြီ ဖြစ်ပါသည်။

သို့သော်....

အိပ်စက်အနားယူလိုစိတ်ကို လူငယ်အား စိတ်ဝင်စားမှုက လွှမ်းမိုးထားသည်။

လူငယ်သည် သတ္တိကောင်းပုံရသည်။

အခက်အခဲဒုက္ခများကို မကြောက်မရွံ့ ရင်ဆိုင် ဖြေရှင်းနိုင်စွမ်း ရှိပုံလည်း ရပေသည်။

ထို့ပြင်....

အလျှဉ်းသင့်သလို နေထိုင်နိုင်စွမ်းရှိပုံ ရလေသည်။

လူငယ်က ချန်းလေးအား ပြုံးပြရင်း....

'ခင်ဗျား ပင်ပန်းလာတယ် မဟုတ်လား၊ အိပ်ချင်ရင် အိပ်တော့လေ'

ဟု လှမ်းပြောလေသည်။

ချန်းလေး ခေါင်းခါယမ်းလိုက်သည်။

'မအိပ်ချင်သေးပါဘူးဗျာ၊ ကျုပ်ကိုကူညီလို့ ခင်ဗျားကို ကျေးဇူးတင်ပါတယ်၊ ခင်ဗျားသာမကူညီရင် မတွေးဝံ့အောင်ပဲဗျ၊ ကျုပ်နာမည် ချန်းလေးပါ၊ ခင်ဗျား နာမည်ကော ဘယ်လိုခေါ်သလဲ ပြောပြနိုင်မလားဗျာ'

ချန်းလေး၏ လေသံသည် အလွန် ယဉ်ကျေးသိမ်မွေ့ပြီး အထက်တန်းဆန်လေသည်။ လူဆိုးဓားပြ တစ်ယောက်၏ လေသံမျိုးနှင့် လားလားမျှ မဆိုင်ပေ။

လူငယ်က....

'ကျုပ်နာမည် 'ရီဖေး' လို့ ခေါ်ပါတယ်၊ မိတ်ဆွေ အခက်ကြုံနေမှန်းသိလို့ ကူညီလိုက်တာပါဗျာ၊ ကျေးဇူးတင်စရာ မလိုပါဘူး'

ချန်းလေးက ..

'ဟာ... ကျေးဇူးတင်ရမှာပေါ့ဗျာ၊ ဒါထက် မိတ်ဆွေက ဘယ်ကို သွားမလို့လဲ'

ဟု မေးလိုက်၏။

လူငယ် (ဝါ) ရီဖေးက....



'ကျုပ်က စီကျူးမြို့ကို သွားမလို့ပါ'

'ဟင်... စီကျူးမြို့ ဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါဆို ကျုပ်တို့ရဲတိုက်က ဖြတ်သွားရမှာပေါ့၊ အတော်ပဲ.... ကျုပ်တို့နှစ်ယောက် လမ်းကြုံနေသားပဲ'

ရီဖေးက....

'မိတ်ဆွေက စီကျူးမြို့ကိုသိတယ် ဟုတ်လား'

ချန်းလေးက....

'သိတာပေါ့၊ ကျုပ်တို့ရဲ့ရဲတိုက်က ဝေမြို့နဲ့ စီကျူးမြို့ကြားမှာ ရှိတာဗျ၊ အတော်ပဲ မိတ်ဆွေကိုခေါ်သွားပြီး ဧည့်ခံပြုစုရဦးမယ်'

ရီဖေး လက်ကာပြလိုက်သည်။

'ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျုပ် မလိုက်ပါရစေနဲ့'

ချန်းလေး စိတ်မကောင်း ဖြစ်သွားလေသည်။

'ဘာဖြစ်လို့လဲ၊ ကျုပ်တို့ရဲတိုက်ဟာ မကောင်းတဲ့လူတွေလို့ လူတွေက ပြောလိုက်လို့လားဗျာ'

ဟု မေးလိုက်လေသည်။

ရီဖေးက....

'ခင်ဗျားဟာ လူကောင်းတစ်ယောက်ဆိုတာ ကျုပ်နားလည်ပါတယ်၊ ကျုပ်မှာ အရေးကြီးတဲ့ကိစ္စရှိနေလို့ ခင်ဗျားနဲ့မလိုက်နိုင်တာပါဗျာ'

ချန်းလေးက....

'ဘယ်လို အရေးကြီးတဲ့ ကိစ္စလဲဆိုတာ ကျုပ်ကို ပြောပြလို့မရဘူးလားဗျာ၊ ကျုပ်ကူညီနိုင်တဲ့ကိစ္စဆိုရင် ကူညီချင်လို့ပါ'

ရီဖေး သက်ပြင်းချလိုက်သည်။

'ပြောရရင်တော့ ကျုပ်ရဲ့ အရေးကြီးတဲ့ကိစ္စဟာ တခြားလူအတွက် အသေးအဖွဲ့ဖြစ်ချင် ဖြစ်နေမှာပါ၊ ကျုပ်အဖေရဲ့ မိတ်ဆွေတစ်ယောက်ကို သွားရှာမှာ၊ ကျုပ်ရဲ့မိဘတွေ ကွယ်လွန်သွားကြတဲ့နောက်ပိုင်း ကျုပ်က တစ်ကောင်ကြွက် ဖြစ်နေပြီလေ၊ ဒါကြောင့် ကျုပ်အဖေရဲ့ မိတ်ဆွေဆီမှာ သွားအလုပ်လုပ်ပြီး မှီခိုနေမလို့ ဆိုပါတော့ဗျာ'

ချန်းလေး သက်ပြင်းချလိုက်သည်။

ရီဖေးပြောသလို သူ့အတွက်တော့ အသေးအဖွဲ့ ကိစ္စလေးတစ်ခု ဖြစ်နေသည် မဟုတ်ပါလား။



'မိတ်ဆွေ သွားရှာမယ့်လူက ဘာများ လုပ်ကိုင်လို့လဲဗျာ'

ဟု မေးလိုက်၏။

ရီဖေးက....

'အာမခံဌာနတစ်ခုမှာ လုပ်တယ်လို့ သိရတာပါပဲ၊ သူ့ရဲ့ အဆက်အသွယ်နဲ့ အာမခံဌာနမှာ ကျုပ် အလုပ်ဝင်လုပ်မယ်လို့ စိတ်ကူးထားတယ်လေ၊ ကျုပ်က သိုင်းပညာ အနည်းအကျဉ်း တတ်တော့ အလုပ်ခန့်ကြမယ်လို့ ထင်ပါတယ်ဗျာ'

ချန်းလေး အံ့ဩသွားသည်။

'ဟင်...မိတ်ဆွေက သိုင်းပညာတတ်တယ် ဟုတ်လား'

ရီဖေး ရယ်မောလိုက်သည်။

'အနည်းအကျဉ်းပါဗျာ၊ အန္တရာယ်ကြုံလာရင် ကိုယ့်ကိုကိုယ် ခုခံကာကွယ်နိုင်အောင် သင်ထားတဲ့သဘောပါ'

ချန်းလေးက....

'မိတ်ဆွေမှာ တခြားရည်ရွယ်ချက်ကော ဘာရှိသေးသလဲဗျ'

သူ၏အမေးကြောင့် ရီဖေး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

'ခင်ဗျား ဘာကို ဆိုလိုတာလဲဗျ'

'ဪ... ဒီလိုပါ၊ စီကျူးမြို့ကို ရောက်သွားလို့ မိတ်ဆွေ ရှာနေတဲ့လူကိုမတွေ့ဘူး၊ အာမခံငွေနလဲ အလုပ်မရနိုင်ဘူးဆိုရင် တခြား ဘယ်သွားမယ်၊ ဘာလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကို မေးတာပါ'

'ဪ'

ချန်းလေးက...

'ကျုပ်က သဘောရိုးနဲ့မေးတာ တစ်မျိုး မထင်ပါနဲ့နော်'

ရီဖေးက....

'မထင်ပါဘူးဗျာ၊ အဲဒီလိုကြုံရရင်လဲ စားဝတ်နေရေး အတွက် အဆင်ပြေသလို ကြည့်ပြီး ဖြေရှင်းရတာပေါ့ဗျာ'

ချန်းလေး ပြုံးလိုက်သည်။

'ဒါဆို ဘာမှမပူနဲ့၊ ကျုပ်တို့ ရဲတိုက်ကိုသာ လိုက်ခဲ့ပေတော့'

ရီဖေး မျက်မှောင်ကြုတ်သွား၏။

ချန်းလေးက...

'ကျုပ်အဖေဆီမှာ စီးပွားရေးလုပ်ငန်းတွေ ရှိပါတယ်၊ ခင်ဗျားအတွက် ကျုပ် ကူညီနိုင်ပါတယ်'



ရီဖေးက စဉ်းစားနေပြီး ဘာမှမပြောချေ။

ချန်းလေးက....

'ကျုပ်တို့ချင်း အခုမှ တွေ့ကြပေမယ့် ကျုပ်က ခင်ဗျားကို မိတ်ဆွေရင်းချာ တစ်ယောက်လို ခင်မိပါတယ်၊ ဒါကြောင့် ကျုပ် ကူညီတာကို လက်ခံပါဗျာ၊ ကျုပ်တို့ ရဲတိုက်ကို လိုက်ခဲ့ပါ၊ နောက်မှ မိတ်ဆွေ မပျော်ပိုက်ဘူးဆိုရင်လဲ တစ်မျိုး စီစဉ်ကြတာပေါ့၊ မကောင်းဘူးလား'

ရီဖေးက ...

'ကျုပ် စဉ်းစားနေတာ တခြားမဟုတ်ပါဘူး၊ ကျုပ် လိုက်လာလို့ ခင်ဗျား အဖေက လက်ခံပါ့မလားဆိုတာ'

ချန်းလေး လက်ကာပြလိုက်သည်။

'ဟာ...ဒီအတွက် မပူပါနဲ့၊ ကျုပ် အဖေက ကျုပ်ကို အချစ်ဆုံးဗျ၊ ကျုပ်ပြောလို့ ပြီးတယ်'

ထိုသို့ပြောရင်း ဖခင်အကြောင်း တွေးမိလာသဖြင့် စိတ်မကောင်း ဖြစ်သွားလေသည်။

ချန်းလေး မျက်နှာညှိုးသွားသည်ကို ရီဖေး သတိပြုမိသွားလေသည်။

'မိတ်ဆွေ ...ဘာဖြစ်လို့လဲဗျ'

ဟု မေးလာသည်။

ချန်းလေးက ...

'ကျုပ်က ရွှေမြို့တော်ကြီးမှာ စာပေပညာ သွားသင်နေတာပါ၊ ကျုပ်အဖေ နေမကောင်းဖြစ်ပြီး တော်တော့်ကို အသည်းအသန် ဖြစ်နေတယ်ဆိုတာကြောင့် အိမ်ပြန်လာခဲ့ရတာပါ'

ရီဖေးက....

'စိတ်မကောင်းပါဘူးဗျာ၊ ကျုပ်အတွက် အနှောင့်အယှက်ဖြစ်နေပါဦးမယ်၊ ကျုပ် မလိုက်တော့ပါဘူး'

'ဟာ....မဟုတ်တာပဲ'

'ကျုပ်အတွက် ကိစ္စမရှိပါဘူးဗျာ'

ချန်းလေးက အတင်းပြောသော်လည်း ရီဖေးက လက်မခံတော့ချေ။

ချန်းလေးသည် ဖခင်အကြောင်း ပြောပြမိသဖြင့် ကိုယ့်ကိုကိုယ်ပင် အပြစ်တင်လိုက်မိလေသည်။

နောက်ဆုံး ရီဖေးက....



'ကျုပ် အနေနဲ့ အဆင်ပြေသည်ဖြစ်စေ၊ မပြေသည်ဖြစ်စေ မိတ်ဆွေတို့ရဲ့ ရဲတိုက်ကို အလည်တစ်ခေါက် လာခဲ့ပါမယ်'

ဟူသော စကားဖြင့်သာ ကျေနပ်လိုက်ရလေတော့သည်။

❦

## အမှားတစ်ချက်

ချန်းလေးသည် ရီဖေး၏ ကူညီစောင့်ရှောက်မှုဖြင့် ခရီးဆက်လာရင်း ကေရာဇ်ရဲတိုက်သို့ ချောချောမောမော ရောက်ရှိသွားလေသည်။

ရီဖေးက ရဲတိုက်သို့တိုင် လိုက်မလာဘဲ လမ်းခုလတ်မှာပင် လမ်းခွဲကာ စီးကျူးမြို့သို့ ဆက်လက်ထွက်ခွာသွား၏။

ချန်းလေး ပြန်ရောက်လာသောအခါ ရဲတိုက် ပိုင်ရှင်ကြီးချန်းကုမှာ ဝေဒနာခံစားရင်း အိပ်ရာထဲ လဲနေ၏။

သမားတော်ကြီးများက အထူးဂရုစိုက် ကုသပေးကြ၍ တစ်နေ့တခြား သက်သာလာသည်။

ချန်းလေး ပြန်ရောက်လာကြောင်း သိရသဖြင့် ထိုသို့ရောဂါဝေဒနာ သက်သာလာခြင်းဖြစ်ကြောင်း သမားတော်ကြီးများက မှတ်ချက်ပြုကြလေသည်။

ချန်းလေးက ဖခင်ဖြစ်သူအား အနီးကပ် စောင့်ကြပ် ပြုံးစိ လေသည်။

ရွှေမြို့တော်ကြီးသို့ အကြိုတော်များစေလွှတ်၍ ခေါ်ခိုင်းခြင်း မရှိသလို လမ်းခရီး၌ လာရောက်ကြိုသူများ မရှိသဖြင့် ဒုက္ခရောက်ခဲ့ရပုံများကို ဖခင်ကြီးအား ပြောမပြဘဲ နေခဲ့၏။

ထိုကိစ္စအတွက် အစ်ကိုများဖြစ်သော ချန်းပေါက်၊ ချန်းလီတို့နှင့် အေးအေးဆေးဆေးတွေ့ပြီး ရှင်းလင်းရန် စိတ်ကူးထားခြင်းဖြစ်ကြောင်း ဖြစ်သည်။

ချန်းကုမု အိပ်ရာထဲ လဲနေသဖြင့် ကျောက်ရဲတိုက်၏ ကိစ္စအဝဝကို ချန်းပေါက်က စီမံအုပ်ချုပ်နေရပြီး စီးပွားရေးလုပ်ငန်းများကို ချန်းလီက စီမံအုပ်ချုပ်နေရသဖြင့် သူတို့လည်း မအားမလပ်နိုင်အောင် ဖြစ်နေကြသည်။

ချန်းလေးက ဖခင်ဖြစ်သူအား အနီးကပ် ပြုစုသည်ကို တစ်ခုယူထားခြင်းဟု ချန်းပေါက်တို့ သဘောထားကြလေသည်။

ထိုသို့ လိပ်ခဲတည်းလည်း ဖြစ်နေသော အချိန်တွင် ချန်းကုမု၏ လက်ရုံးများမှာလည်း ခရီးထွက်နေကြသည်။

တစ်နေ့...

ယီယန်သည် ခရီးထွက်ရာမှ ပြန်လည်ရောက်ရှိလာသည်။

ခရီးရောက်မဆိုက် ချန်းကုမုအား ဝင်ရောက် ဂါရဝပြုရင်း ချန်းလေး ပြန်ရောက်နေသည်ကို တွေ့ရှိသွားလေသည်။

ဤတွင်....



အေးမြသော လေပြည် သုန်သုန်ညှင်းညှင်း တိုက်ခတ်နေသည်။

ချန်းကုမု၏ အခန်းနှင့် မလှမ်းမကမ်းရှိ စာဖတ်ခန်းရှေ့စင်္ကြံလမ်းပေါ်၌ ရှင်းရှင်းလင်းလင်း ဖြစ်နေသည်။

ယီယန်နှင့် ချန်းလေးတို့ ပခုံးချင်းယှဉ်ကာ လျှောက်လာကြရင်း ရဲတိုက်ဝဲဘက် မြေကွက်လပ်သို့ ဆင်းသည့် ကျောက်လှေကားထစ်များအနီးတွင် ခြေလှမ်း ရပ်လိုက်ကြလေသည်။

ယီယန်၏မျက်နှာ တည်ကြည်လေးနက်နေလေသည်။

ချန်းလေးကို ကြည့်လိုက်ပြီး....

'ချန်းလေး မင်းအဖေ ဘာကြောင့် ခုလို ဖြစ်ရတာလဲဆိုတာကို မင်းသိချင်နေတယ် မဟုတ်လား'

ဟု မေးလိုက်သည်။

ချန်းလေး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ဦးလေးယီ၊ အားလုံးက ဦးလေးယီ လာမှ အကျိုးအကြောင်း မေးပါလို့ ပြောကြတယ်၊ ဖေဖေနဲ့ ပတ်သက်ပြီး ဘာမှ မေးလို့မရဘူး'

ယီယန်က...

'အင်းလေ... ဒီအဖြစ်အပျက်ကို ဘယ်သူက ပြောပြချင်ကြပါ့မလဲ၊ ကျောက်ရဲတိုက်မှာ အကြောင်းပေါ်နေပြီမို့ အားလုံး ချောက်ချားနေကြပြီလေ'

'ဗျာ'

'တကယ်တော့ တို့ဟာ သစ္စာဖောက် ခံလိုက်ရတာပဲ၊ ချန်းလေး ငါပြောပြမယ်၊ နားထောင်'

ယီယန်သည် ချန်းကုမု၏ အဖြစ်အပျက်ကို ချန်းလေး သိစေရန် ပြောပြလိုက်လေသက။

လဆန်း တစ်ရက်နေ့....

လဆန်းတစ်ရက်နေ့သည် ချန်းကုမုအတွက် အရေးအပါဆုံး နေ့တစ်နေ့ ဖြစ်လေသည်။

လဆန်း တစ်ရက်နေ့သို့ ရောက်လေတိုင်း ချန်းကုမုသည် ကေရာင်ရဲတိုက် အနောက်ဘက်ရှိ တောင်ကုန်းပေါ်သို့ တစ်ယောက်တည်း သွားလေ့ရှိသည်။

နံနက်စောစော ထွက်သွားပြီး ညနေစောင်းမှ ပြန်လာစမြဲ ဖြစ်သည်။

ထိုသို့ သွားရာတွင် အဖော်ခေါ်သွားလေ့မရှိပါ။



ထို အဆောက်အအုံအတွင်း၌ အုတ်ဂူတစ်ခု ရှိ၏။

ထို အုတ်ဂူမှာ ချန်းကုမု၏ ဇနီး ဟွာလင်း၏ အုတ်ဂူဖြစ်သည်။

ချန်းကုမုသည် ဟွာလင်း၏ အုတ်ဂူရှေ့သို့ ရောက်လေတိုင်း မျက်ရည်ကျမိသည်။

သူ သူမျက်ရည်ကျသည်ကို မည်သူမျှ မတွေ့မြင်စေလိုပါ။ ထို့ကြောင့်....

မည်သူ့ကိုမျှ မခေါ်ဘဲ တစ်ယောက်တည်း သွားခြင်းဖြစ်လေသည်။

ယနေ့....

ယနေ့သည် ရှစ်လပိုင်း လဆန်းတစ်ရက်နေ့ ဖြစ်လေသည်။

ထုံးစံအတိုင်း ချန်းကုမုသည် နှင်းဆီပန်း တစ်စည်း ကိုင်ဆောင်ကာ တောင်ကုန်းပေါ်သို့ တက်လာခဲ့လေသည်။

ကောင်းကင်ပေါ်တွင် မိုးသားတိမ်လိပ်များ အုံ့ဆိုင်းနေ၏။

လေအေးများလည်း တိုက်ခတ်နေသည်။

ရာသီဥတု ကြည်လင်သာယာခြင်းမရှိဘဲ အုံ့မှိုင်းမှိုင်း ဖြစ်နေလေသည်။

ချန်းကုမုသည် တောင်ကုန်းပေါ်ရှိ ဇနီးသည် ဟွာလင်း၏ ဂူဗိမာန်သို့ ရောက်ရှိလာလေသည်။

ချန်းကုမုသည် ဗိမာန်အတွင်းသို့ ဝင်ကာ လင်း၏ အုတ်ဂူပေါ်တွင် နှင်းဆီပန်းစည်းကို တင်လိုက်ပြီး....

'ညီမရယ်... တစ်လတစ်ကြိမ် ကျုပ် ရောက်လာပြန်ပြီကွယ်'

ဟု ညည်းတွား ရေရွတ်လိုက်လေသည်။

ချန်းကုမုနှင့် ဟွာလင်းတို့သည် အသက်နှစ်ဆယ်ကျော်၌ တွေ့ဆုံကာ မေတ္တာမျှပြီး အိမ်ထောင်ပြုခဲ့ကြခြင်း ဖြစ်လေသည်။

သားသုံးယောက် မွေးဖွားခဲ့ပြီး ချန်းလေး ခပ်ငယ်ငယ်မှာပင် ဟွားလင်း ကွယ်လွန်သွားခဲ့သည်။

ချန်းကုမုကော ဟွာလင်းပါ ငယ်စဉ်က ဆင်းရဲနွမ်းပါးစွာ နေထိုင်ခဲ့ကြရသည်။

ထို့ကြောင့်....

တစ်နေ့တွင် ထွန်းထွန်းပေါက်ပေါက် ဖြစ်ရမည်ဟု ဘဝ ရည်ရွယ်ချက် ကြီးမားခဲ့လေသည်။

နှစ်ယောက်သား ဆိုးတူကောင်းဘက် ရုန်းကန်လှုပ်ရှားခဲ့ကြလေသည်။

တစ်နေ့တွင် သူတို့ ပိုင်ဆိုင်သော လယ်ယာမြေများကို သူဌေးကြီး တစ်ဦးက မတရားသိမ်းပိုက်လိုက်သဖြင့် ချန်းကုမုက စိတ်မထိန်းနိုင်ဘဲ သုတ်သင်ရှင်းလင်းပစ်ခဲ့မိသည်။

ထိုအချိန်မှစ၍ ချန်းကုမုသည် လူဆိုးကြီးဘဝသို့ ရောက်ရှိသွားလေသည်။



နှစ်များကြာလာသောအခါ ကောရာဇ်ရဲတိုက်ကို ထူထောင်လာနိုင်ခဲ့ပြီး တစ်နယ်လုံးကို လက်ဝါးကြီးအုပ်သွားနိုင်ခဲ့ခြင်းလည်း ဖြစ်လေသည်။

ဘဝတွင် အေးအေးချမ်းချမ်းနေထိုင်ရမည့် အချိန်ရောက်မှ ဟွာလင်းက လက်တွဲဖြုတ်သွားခဲ့သည်။

ချန်းကုမု ယနေ့ထက်တိုင် မြေမဆည်နိုင်အောင် ဖြစ်ရလေသည်။

ချန်းကုမုသည် ဟွာလင်း၏ အုတ်ဂူကို ကြင်နာယုယစွာဖြင့် လက်ဝါးဖြင့်ပွတ်သပ်ရင်း...

'ညီမရဲ့ သားသုံးယောက်ဟာ လူလားမြောက်လာကြပါပြီ၊ မကြာခင် ညီမနောက်ကို ကျုပ်လိုက်လာခဲ့ပါတော့မယ်'

ဟု ရေရွတ်လိုက်ပြန်လေသည်။

ချန်းကုမု ရင်ထဲမှ မေတ္တာတရားနှင့် ဖြူစင်သောနှလုံးသားကို မည်သူတွေ့မြင်နိုင်ပါအံ့နည်း။

ချန်းကုမု၏ မျက်ဝန်းအစုံမှ မျက်ရည်များစီးကျလာသည်။

ထိုစဉ်...

'ဂျိန်း....'

မိုးကြိုးပစ်သံ တစ်ချက် ထွက်ပေါ်လာပြီး ထစ်ချုန်းမိုးရွာသွန်းလာလေတော့သည်။

မိုးသည်းထန်စွာ ရွာသွန်းလိုက်သဖြင့် ဝန်းကျင်တစ်ခုလုံး အေးစိမ့်သွားလေသည်။

ထို့အတူ

ချန်းကုမုမှာ တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် အေးစိမ့်လာသည်ဟု ခံစားလိုက်ရလေသည်။

အသည်းနှလုံးထဲမှ အေးစိမ့်လာခြင်းမျိုး ဖြစ်သည်။

ချန်းကုမုသည် အေးစိမ့်မှုဒဏ်ကို မခံနိုင်တော့သဖြင့် အင်္ကျီရင်ဘတ်ကို ဆုပ်ကိုင်ထားဖို့ လက်ဟန်ပြင်လိုက်သည်။

ထိုအခါမှ....

သူ၏လက်ဝါးပြင်နှစ်ဖက်စလုံး အညိုရောင်သမ်းနေသည်ကို သတိပြုမိလိုက်လေသည်။

ချန်းကုမု အံ့ဩသွားသည်။

'အဘယ်ကြောင့် ထိုသို့ဖြစ်ရပါသနည်း။

သတိထားလိုက်မှ လက်ဝါးပြင် နှစ်ဖက်မှာ ယားယံလာသည့် ဝေဒနာ ဖြစ်ပေါ်နေကြောင်း သိလိုက်ရ၏။

ချန်းကုမု ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး....

'အဆိပ်'

ဟု ရေရွတ်လိုက်သည်။

မှန်ပေသည်။



အဘယ်သို့သောအကြောင်းကြောင့်မှန်းမသိဘဲ အဆိပ်မိနေပြီ ဖြစ်လေသည်။

အဆိပ်သည် မည်သည့်နေရာမှ ရောက်ရှိလာပါသနည်း။

သူက အဆိပ်ရှိသည့်နေရာကို ကိုင်တွယ်မိလိုက်ခြင်းကြောင့် ဖြစ်ကြောင်း ချန်းကုမု ဆင်ခြင်မိလိုက်သည်။

သူ၏ မျက်လုံးအစုံသည် ဟွာလင်း၏ အုတ်ဂူကို ရောက်ရှိသွားလေသည်။

မကြာသေးမီက ဟွာလင်း၏အုတ်ဂူကို သူက လက်ဖြင့် ပွတ်သပ်မိခဲ့သည် မဟုတ်ပါလား။

'ရက်စက်လိုက်တာ'

ချန်းကုမု ညည်းတွားလိုက်၏။

ကေရာင်ရဲတိုက်ပိုင်ရှင်တစ်ယောက်အနေဖြင့် ရန်သူ၏လုပ်ကြံမှုကို အချိန်မရွေး ခံရဖို့ရှိကြောင်း ကောင်းစွာ နားလည်ထားခဲ့ပါသည်။

သို့သော်....

သူချစ်မြတ်နိုးလှန်းသော ဇနီးသည်အုတ်ဂူတွင် အဆိပ်သုတ်လိမ်းထားခြင်းဖြင့် လုပ်ကြံခံရပုံမျိုး မဟုတ်ချေ။

ဟွာလင်းသည် အစဉ်အမြဲ သန့်ရှင်းနေသူ ဖြစ်သည်။

သူမ၏အုတ်ဂူအား အဆိပ်သုတ်လိမ်းထားခြင်းဖြင့် မညစ်နွမ်းသွားစေလိုပါ။

ချန်းကုမုသည် အဆိပ်ဖြင့်လုပ်ကြံခံရပြီဟု သိလိုက်ရသည်နှင့် ကေရာဇ်ရဲတိုက်သို့ ချက်ချင်းပြန်သွားဖို့ စိတ်ကူးမိသည်။

အဆိပ်ဖြေဆေး တစ်မျိုးမျိုး သောက်ကာ သမားတော်များဖြင့် အချိန်မီ ဆေးဝါးကုသမှု ခံယူရမည် မဟုတ်ပါလား။

သို့တစေ...

ချန်းကုမုသည် ဟွာလင်း၏ အုတ်ဂူအနီးမှ မခွာရက်နိုင်အောင် ဖြစ်နေပါသည်။

ခါတိုင်း ညနေစောင်းမှ ပြန်နေကျဖြစ်၍ ချက်ချင်း ထွက်သွားရန် ဝန်လေးနေခြင်း ဖြစ်သည်။

ချန်းကုမုသည် အတန်ကြာ ချီတုံချတုံဖြစ်နေပြီးမှ ဆုံးဖြတ်ချက် တစ်ခု ချလိုက်သည်၊

ဟွာလင်း၏အုတ်ဂူအနီး၌ ခါတိုင်းလို တစ်နေ့လုံး နေသွားရန် ဖြစ်သည်။

ချန်းကုမုသည် အုတ်ဂူနံဘေး၌ ထိုင်ချလိုက်၏။

ထို့နောက်....

ခါတိုင်းကဲ့သို့ပင် ဟွာလင်းအား ရည်ရွယ်၍ သူ၏ရင်ထဲမှ စကားများကို ပြောပြနေလိုက်လေတော့သည်။



ချန်းလေး စိတ်ကောင်းဖြစ်သွား၏။

သူ၏ဖခင်သည် မိခင်ကြီးအပေါ်၌ အသက်ထက်ပင် ချစ်မြတ်နိုးကြောင်း အထင်အရှားပြသသွားခဲ့မှုနှင့် နားလည်လိုက်သည်။

ယီယန်က....

'ညနေစောင်းလို့ သူပြန်ရောက်လာမှပဲ အဆိပ်မိခဲ့တယ်ဆိုတာ သိလိုက်ရတယ်၊ ဒါနဲ့ သမားတော်တွေခေါ်ပြီး ကုသပေးရတာပေါ့၊ အဆိပ်မိမိချင်း ဆေးကုမယ်ဆိုရင် သက်သာပျောက်ကင်းသွားတာ ကြာပြီပေါ့၊ ခုတော့...'

ပြောရင်း မျက်ရည်ကျဲဖြစ်လာဟန်ဖြင့် အံကြိတ်ထားလိုက်လေသည်။

ချန်းလေးက ယီယန်ကို သေသေချာချာ ကြည့်လိုက်မိ၏။

ယီယန်ပါးပြင်တွင် အရေးအကြောင်း အစင်းရာများ ပေါ်လွင်စပြုလာပြီ ဖြစ်သည်။

ဇရာပိုင်းသို့ ရောက်လာပြီဖြစ်ကြောင်း ငြင်းမရချေ။

ယီယန်သည် ချန်းကုမု၏ ငယ်ပေါင်းဖြစ်ဆွေ ဖြစ်သလို ယုံကြည်အားကိုးရသော လူယုံတော်လည်း ဖြစ်လေသည်။

ချန်းကုမုက ကေရာဇ်ရဲတိုက် စတင်ထူထောင်ရာတွင် ယီယန်လည်း ပါဝင်ခဲ့သည် မဟုတ်ပါလား။

ယီယန်က....

'တို့ရဲ့ ကေရာင်ရဲတိုက်က ကျား၀ါဂိုဏ်း၊ သိမ်းငှက်ဂိုဏ်းတို့နဲ့ ရင်ဆိုင်ခဲ့ရဖူးတယ်၊ တို့ဘက်က ခြေတစ်လှမ်းမှားတာနဲ့ အားလုံး ဒုက္ခရောက်သွားမယ်ဆိုတာ အဲဒီအချိန်ကတည်းက နားလည်ထားခဲ့ကြတယ်၊ အထူးသဖြင့် လုံခြုံရေးအစီအစဉ်တွေကို ဂရုစိုက်ပြီး တင်းတင်းကျပ်ကျပ် ဆောင်ရွက်ခဲ့ကြတယ်၊ လဆန်းတစ်ရက်နေ့တိုင်း တောင်ကုန်းပေါ်သွားတတ်တဲ့ သခင်ကြီးကြောင့် အကာအကွယ်ပေးနိုင်အောင် တောင်ကုန်းအောက်မှာ လျှို့ဝှက်ကင်းပုန်းအဖွဲ့ ငါးဖွဲ့ကို တာ၀န်ချထားခဲ့တယ်'

ချန်းလေးက....

'လုံခြုံရေးကို တင်းတင်းကျပ်ကျပ် စီစဉ်ထားပါလျက်နဲ့ ဘာ့ကြောင့်များ ဖေဖေ အဆိပ်မိသွားရတာလဲ'

ယီယန်က....

'အုတ်ဂူပေါ်မှာ အဆိပ်သုတ်လိမ်းထားတာပဲ'

ချန်းလေးက...

'ကင်းပုန်းတွေချထားလျက်နဲ့ ရန်သူက တောင်ပေါ်ကိုရောက်အောင်သွားပြီး ဖေဖေ့ကို လုပ်ကြံခဲ့တာပေါ့'

ယီယန်က....

'ကင်းပုန်းတွေကို စစ်ဆေးပြီးပြီ၊ အဲဒီနေ့က ဘယ်သူမှ တောင်ကုန်းပေါ်ကို တက်မသွားကြဘူး'



'ဒါဆို'

'ဖြစ်နိုင်တာတစ်ခုပဲ ရှိပါတယ်၊ ရဲတိုက်ရှင်ကြီး တောင်ကုန်းပေါ်သွားမယ့် နေ့ရက်မရောက်ခင် သုံးရက်လောက်အလိုမှာ ကြိုတင်သန့်ရှင်းရေး သွားလုပ်ထားလေ့ ရှိပါတယ်'

'ဪ...သန့်ရှင်းရေး လုပ်တဲ့လူက မေမေ့ရဲ့ အုတ်ဂူမှာ ကြိုတင်ပြီး အဆိပ်သုတ်လိမ်းထားတယ်ပေါ့'

ယီယန်က ...

'ဟုတ်တယ်၊ ဒီအတိုင်းပဲ ဖြစ်မယ်'

'ဒါဖြင့် သန့်ရှင်းရေးလုပ်တဲ့လူဟာ တရားခံပဲ'

'ကျုပ်က လိုက်ရှာပြီးပြီ၊ လုံး၀ မတွေ့ရတော့ပါဘူး'

'ဟင်'

ယီယန်က....

'အဲဒီနေ့က သန့်ရှင်းရေးတာ၀န်ယူခဲ့တဲ့လူဟာ ကျောက်ပေါက်မာဆိုတဲ့ လူပဲ၊ မင်းလဲ သိမှာပေါ့'

ချန်းလေး အံ့သြသွားသည်။

'ကျောက်ပေါက်မှာအဘိုးကြီး ဟုတ်လား'

'ဟုတ်တယ်'

'သူဟာ ကျွန်တော်တို့ရဲတိုက်မှာ နေလာတာ ကြာပြီပဲ မဟုတ်လား'

ယီယန်က....

'ဟုတ်တယ်၊ ဒါကြောင့် သူ့ကို ယုံယုံကြည်ကြည်နဲ့ တာဝန်ပေးခဲ့တာပေါ့'

ချန်းလေးက....

'အခု သူ ဘယ်မှာလဲ'

ဟု မေးလိုက်၏။

ယီယန်က....

'သူ ပျောက်နေတယ်'

'ဗျာ'

'ရဲတိုက်ရှင်ကြီး အဆိပ်မိပြီးတဲ့နောက် ကျောက်ပေါက်မာ အစအနရှာမရအောင် ပျောက်ဆုံးသွားခဲ့တယ်'

'တောက်... ရက်စက်လိုက်တာ'

ချန်းလေး မကျေမနပ် ဖြစ်သွားလေသည်။

ယီယန်က....

'ကျုပ် ခရီးထွက်သွားတာ ဒီကိစ္စကို စုံစမ်းဖို့ပါပဲ၊ ချန်းလေး ရဲတိုက်ရှင်ကြီး လုပ်ကြံခံရတဲ့ကိစ္စဟာ ပေါ့ပေါ့တန်တန်



သဘောထားလို့မရဘူး၊ နောက်ကွယ်မှာ ကျားဝါဂိုဏ်းနဲ့သိမ်းငှက်ဂိုဏ်းတို့ ပါဝင်နေကြတဲ့ လက္ခဏာတွေ တွေ့ရတယ်၊ ပြီးတော့ အင်မတန် ကြောက်စရာကောင်းတဲ့ လူတစ်ယောက်လဲ ရှိသေးတယ်'

ချန်းလေး စိတ်ဝင်စားသွားပြီး....

'ဘယ်သူများလဲ ပြောပြပါလား ဦးလေးယီ'

ဟု မေးလိုက်သည်။

'စုလုထင်းဆိုတဲ့လူပဲ'

'စုလုထင်း'

'ဟုတ်တယ်၊ သူဟာ ရာဇဝင်လူဆိုးကြီး တစ်ယောက်ပဲ၊ အတော့်ကို ဉာဏ်များတယ်၊ ကြောက်စရာကောင်းတယ်'

ယီယန်က ကြောက်စရာကောင်းသည်ဆိုလျှင် အမှန်တကယ် ကြောက်စရာကောင်းမည်ဟု ချမ်းလေး နားလည်လိုက်လေသည်။

ယီယန်သည် လောကပေါ်တွင် ကြောက်စရာအကောင်းဆုံး လူမှာ ချန်းကုမုဟု လက်ခံထားသူဖြစ်သည်။

တော်ရုံတန်ရုံလူအား ကြောက်စရာကောင်းသည်ဟုသဘောမထားသူလည်း ဖြစ်လေသည်။

ယီယန်က....

'အခြေအနေတွေက ရှုပ်ထွေးနေသေးတယ်၊ ရဲတိုက်ရှင်ကြီး ကိစ္စမှာ မင်းသိသင့်သလောက် ကျုပ်ပြောပြပြီးပြီ၊ ကျုပ် မှာ ချင်တာက ခုရက်ပိုင်းအတွင်းမှာ အစစအရာရာသတိထားပါ၊ အစောင့်အရှောက်မပါဘဲ ရဲတိုက်အပြင်ဘက် မထွက်ပါနဲ့၊ ခုချိန်မှာ ဘယ်သူ့ကိုမှ စိတ်ချလို့မရဘူး၊ သစ္စာဖောက်တွေ ဟာ နေရာအနှံ့မှာ ရှိနေနိုင်တယ် ဂရုစိုက်ပါ'

ချန်းလေး ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ ဦးလေးယီ'

ယီယန်က....

'ကဲ.. ရဲတိုက်ရှင်ကြီးဆီကို သွားလိုက်ပါဦး၊ သူက မင်းပြန် ရောက်လာလို့ အတော့်ကို အားတက်နေတာ'

'ဟုတ်ကဲ့'

ချန်းလေးသည် ယီယန်ကို နှုတ်ဆက်ကာ လှည့်ထွက်လာခဲ့ လေတော့သည်။

❦



အခန်းတွင်း၌ ဆေးနံ့များ ကြိုင်လှိုင် သင်းပျံ့ နေလေ သည်။

ချန်းလေးက အခန်းတွင်းသို့ ပင်လိုက်သောအခါ ချန်းကုမှ အိပ်ပျော်နေရာမှ နိုးလာပြီဖြစ်သည်ကို တွေ့ရလေသည်။

ချန်းလေးက ဖခင်အနီးသို့ ချဉ်းကပ်လိုက်ပြီး....

'ဖေဖေ....နေကောင်းရဲ့လားဟင်'

ဟု မေးလိုက်လေသည်။

ချန်းကုမှ အားယူကာ ပြုံးလိုက်လေသည်။

'အင်း....မဆိုးပါဘူး၊ ဒီကနေ့ အတော်လေး နေသာထိုင် သာ ရှိပါရဲ့ကွယ်'

ချန်းလေးက....

'ဖေဖေ မကြာခင် နေကောင်းပြီး လူကောင်းပကတိ ဖြစ် လာလိမ့်မယ်လို့ သမားတော်ကြီးတွေက ပြောသွားကြပါတယ် ဖေဖေ'

ချန်းကုမှက....

'အင်း....ဖေဖေလဲ မြန်မြန် နေကောင်းချင်ပါတယ်၊ ဒါမှ ငါ့သားနဲ့အတူ မြင်းစီးထွက်နိုင်မှာ'

ယခင်က ချန်းလေး အိမ်ပြန်လာချိန်တွင် သားအဖ နှစ်ယောက် ရဲတိုက်အပြင်ဘက်သို့ မြင်းစီးထွက်ရင်း စကားပြောဆိုလေ့ ရှိခဲ့ပေသည်။

ဤသည်ကို တမ်းတမ်းတတပြောလိုက်ခြင်းကြောင့် ချန်းလေး စိတ်မကောင်း ဖြစ်သွားရလေသည်။

ချန်းကုမုက ...

'ကဲ ...သား ရွှေမြို့တော်ကြီးမှာ ဘယ်လိုပညာတွေ သင်ခဲ့ရသလဲဆိုတာ ပြောပြစမ်းပါဦး'

ဟု မေးလေသည်။

ချန်းလေးက ...

'စာပေပညာကို အဓိကထားပြီး သင်ခဲ့ရတာပါ'

ပြောရင်း ရွှေမြို့တော်ကြီးကို လွမ်းဆွတ်လာသည်။

ချစ်သူ ဝမ်းဝမ်းလျံကို တမ်းတလာမိလေသည်။

ချန်းလေးသည် ဘာကိုမှအမှုမထားနိုင်တော့ဘဲ ရွှေမြို့တော်ကြီး၌ ပျော်ရွှင်စွာ နေထိုင်ပညာသင်ကြားခဲ့ရပုံများကို တတွတ်တွတ် ပြောပြလိုက်သည်။

ချန်းကုမုသည် သားဖြစ်သူကို ပြုံး၍ကြည့်နေ၏။

ချန်းလေး၏စကားကို သဘောကျနေပုံမျိုးဖြစ်လေသည်။



အကယ်၍ ...

ယီယန်သာ ရှိနေမည်ဆိုပါလျှင် ချန်းကုမု၏ အပြုံးသည် အလွန် လျှို့ဝှက်ဆန်းကြယ်သော အပြုံးဟု ဆိုလိမ့်မည်သာ ဖြစ်လေသည်။

ထို့အပြင် ....

လူ့လောကအကြောင်း ဘာမှနားမလည်သေးသော စိတ်ကူးယဉ်နေသော ကလေးငယ် တစ်ယောက်အပေါ် သနားကရုဏာသက်သည့် အပြုံးမျိုးဟုလည်း အဓိပ္ပာယ်ဖော်လိမ့်မည် ဖြစ်လေသည်။

ချန်းလေးသည် ကောရာဇ်ရဲတိုက်သို့ ရောက်ရှိလာခဲ့သည်မှာ ဆယ်ရက်ရှိသွားပြီ ဖြစ်လေသည်။

ဆယ်ရက်ပြည့်မြောက်သောနေ့မှ ထမင်းစားချိန်တွင် အစ်ကိုများ ဖြစ်ကြသော ....

ချန်းပေါက်၊ ချန်းလီတို့နှင့် ဆုံတွေ့လိုက်လေသည်။

ချန်းပေါက်က....

'လာဟေ့....ညီလေး၊ တို့ညီအစ်ကိုတစ်တွေ အတူတူထမင်းလက်ဆုံ စားကြရအောင်'

ဟု လှမ်းခေါ်လိုက်၏။

ချန်းလီကလည်း လှမ်း၍ ပြုံးပြလေသည်။

ချန်းလေး မကျေမနပ် ဖြစ်သွားလေသည်။

ထမင်းစားပွဲရှိရာသို့ လှမ်းသွားပြီး ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်သည်။

သူက ခပ်တည်တည်ရှိနေသည်မို့ ချန်းပေါက်က....

'ညီလေး....မျက်နှာလဲ မကောင်းပါလား၊ ဘာဖြစ်လို့လဲ'

ဟု ဂရုစိုက်သည့် သဘောဖြင့် မေးလေသည်။

ချန်းလေးက....

'ကျွန်တော် ရွှေမြို့တော်ကြီးက ပြန်လာဖို့ အကြောင်းကြားလိုက်တာ မှန်ပါတယ်၊ ဒါပေမယ့် ဘယ်သူမှ လာပြီးမကြိုတဲ့အတွက် လမ်းမှာ ဒုက္ခရောက်ခဲ့ရတာကြောင့် နားမလည်နိုင်အောင် ဖြစ်နေတာပါ'

ဟု မကျေနပ်ချက်ကို ဖွင့်ဟလိုက်သည်။

ဤတွင်....

'ဟား....ဟား....ဟား'



'ဟား....ဟား....ဟား'

ချန်းပေါက်နှင့်ချန်းလီတို့က ဟားတိုက် ရယ်မောလိုက်ကြလေသည်။

သူတို့၏ ရယ်သံများ ကျွတ်ကျွတ်ညံသွားလေသည်။

ချန်းလေး ပို၍ မကျေမနပ်ဖြစ်သွားပါတော့သည်။

'ဒါ ရယ်စရာမဟုတ်ဘူး၊ ဖေဖေနေမကောင်းဖြစ်နေတာပဲ၊ ကျွန်တော့်ကို လူလွှတ်ခေါ်ခိုင်းသင့်တာပေါ့၊ ဒီမှာ လူတွေအများကြီးရှိတာပဲ၊ ခုတော့ တမင်ဒုက္ခရောက်အောင် လုပ်တဲ့သဘော ဖြစ်နေတယ်'

ချန်းပေါက်က....

'ချန်းလေး၊ ငါတို့က မင်းလို စာပေဖတ်လိုက်၊ ကဗျာလေးရွတ်လိုက် ဟိုငေးသည်ငေး အချိန်ဖြုန်းနေနိုင်ကြတာ မဟုတ်ဘူးကွ၊ အခက်အခဲအန္တရာယ်တွေနဲ့ အမြဲတမ်းရင်ဆိုင်နေရတာ၊ ခုပဲ ဖေဖေ့ကိုကြည့်ပါလား၊ ကိုယ့်ရဲ့ ပိုင်နက်ထဲမှာတောင် ရန်သူက လုပ်ကြံဖို့ကြိုးစားခဲ့သေးတယ် မဟုတ်လား၊ ရဲတိုက်ကြီး မပျက်စီး တို့က မင်းကိုလာကြိုဖို့ထက် ပိုပြီး အရေးကြီးတယ်ကွ'

ဟု ပြောလိုက်လေသည်။

ချန်းလီက....

'အခု တို့က ရန်သူတွေကိုချေမှုန်းဖို့ ပြင်ဆင်နေကြရတာလေ၊ တို့ရဲတိုက်ကို သွေးတိုးလာစမ်းတဲ့ကောင်တွေကို အမှုန့်ချေပစ်ရမယ်ကွ၊ တိုက်ပွဲတွေဖြစ်လာတဲ့အခါ မင်းကဝင်တိုက်မှာမို့လား'

ချန်းလေး မျက်နှာပျက်သွား၏။

ချန်းပေါက်နှင့် ချန်းလီတို့သည် လူကြမ်းကြီးများ ဖြစ်နေကြချေပြီ။

လူသတ်ရန် ဝန်မလေးသော ဒုစရိုက်ကောင်များ ဖြစ်နေကြချေပြီ။

ချန်းလေးသည် အစ်ကိုနှစ်ယောက်ကြည့်ရင်း အသက်ရှူကျပ်သလို ခံစားလာရသည်။

မကျေနပ်စိတ်များလည်း ကွယ်ပျောက်သွားလေသည်။

ချန်းပေါက်က....

'ချန်းလေး....မင်းဟာ မိန်းမတစ်ယောက် ဖြစ်လိုက်ရင်ပိုကောင်းဦးမယ်၊ အသုံးမကျတဲ့ အတူတူပေါ့ကွာ'

ချန်းလေး ဆက်၍နားမထောင်နိုင်တော့ပါ။

ထိုင်ရာမှထပြီး အခန်းတွင်းမှ ပြေးထွက်လာခဲ့မိလေတော့သည်။



မျက်ရည်များ တလိမ့်လိမ့်ကျဆင်းလာသည်အထိ ချန်းလေးဝမ်းနည်းကြေကွဲနေလေသည်။

သူ၏အစ်ကိုနှစ်ယောက်က သူ့အား လူရာမသွင်းကြသည့်အပြင် ဥပေက္ခာ ပြုထားကြသည်။ အထင်သေးနေကြသည်မဟုတ်ပါလား။

'ချန်းလေး'

ခေါ်သံတစ်ချက်ထွက်ပေါ်လာမှ ချန်းလေး ခေါင်းမော့ကြည့်လိုက်လေသည်။

ထိုအခါ လူတစ်ယောက်က သူ့အနီးသို့ရောက်လာသည်ကိုတွေ့လိုက်ရသည်။

ချန်းကုမှု၏လက်စွဲတော် 'တာ့ကျင်း' ဖြစ်လေသည်။

'ဦးလေးကျင်း'

ချန်းလေး လွှတ်ခနဲ ရေရွတ်လိုက်၏။

တာ့ကျင်းက....

'မင်းအဖေအတွက် သိပ်လဲစိတ်ထိခိုက်မနေပါနဲ့ကွာ၊ မကြာခင် နေကောင်းသွားမှာပါ'

ဖခင်အတွက် ဝမ်းနည်းပူဆွေးနေသည် ထင်မှတ်ကာ အားပေး နှစ်သိမ့်လာခြင်း ဖြစ်လေသည်။

ချန်းလေးက အကျိုးအကြောင်း ရှင်းပြမနေတဲ့ ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်လေသည်။

တာ့ကျင်းက...

'ဒီကောင်တွေဟာ တန်ရာတန်ကြေးကို နှစ်ဆပြန်ပေးရလိမ့်မယ်ကွ၊ ကဲ... ငါသွားဦးမယ်'

ဟု ပြောကာ သီးသန့် အဆောင်ဘက်သို့ ထွက်သွားလေသည်။

တာ့ကျင်းအနီး၌ ရှိနေသည့် တစ်ချိန်လုံး ကျောရိုးထဲ အေးစိမ့်၍နေလေသည်။

အသက်ရှူ မွန်းကျပ်နေသည်။

သွေးညှီနံ့များ ရှူရှိုက်နေရသည်ဟု ခံစားနေရသည်။

မှန်ပေသည်။

တာ့ကျင်းသည် ကေရာဇ်ရဲတိုက်တွင် 'သားသတ်သမား'ဟု နာမည်ကြီးနေသူ မဟုတ်ပါလား။

တာ့ကျင်း၏လက်ချက်ဖြင့် အသက်ဆုံးရှုံးသွားသူ မည်မျှမည်မျှ ရှိသည်ဆိုခြင်းကို မည်သူမျှ မသိနိုင်ပါပေ။

တာ့ကျင်းသည် ကေရာဇ်ရဲတိုက်သို့ ပြန်ရောက်လာသည်။

ချန်းပေါက်နှင့် ချန်းလီတို့သည်လည်း တိုက်ပွဲတစ်ခု ဆင်နွှဲရန် စိုင်းပြင်းနေကြလေသည်။



မကြာမီ...

ဆိုးရွားသောအခြေအနေတစ်ရပ်နှင့် ကြုံတွေ့ရတော့မည်ဟု ချန်းလေး ယုံကြည်လာ၏။

မှန်ပေသည်။

တာ့ကျင်းနှင့် မရှေးမနှောင်းမှာပင် ကေရာဇ် ရဲတိုက်၏ အရေးပါသူများဖြစ်သော ရှာပင်နှင့် ဟန်လုံတို့လည်း ပြန်လည် ရောက်ရှိလာသည်။

ချန်းလေး မနေနိုင်တော့ပါ။

ယီယန်ထံသို့ အပြေးလေးသွားပြီး စုံစမ်းကြည့်လိုက်သော အခါ ချန်းပေါက်သည် ဖခင် ချန်းကုမှ လုပ်ကြံခံရသည်ကို လက်တုံ့ပြန်သည့်သဘောဖြင့် ကျားဝါဂိုဏ်းနှင့်သိန်းငှက်ဂိုဏ်း မှ ခေါင်းဆောင်ငယ် အချို့အား လုပ်ကြံပစ်လိုက်ကြောင်း သိလိုက်ရလေသည်။

ကေရာဇ်တိုက်သည် ရန်မီးမွှေးခဲ့ပြီ ဖြစ်လေသည်။

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်း ဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။)